
အချစ်နှစ်စုံစားခန်း လုံးချင်းဝတ္ထုသန့်သန့်

www.burmeseclassic.com

သစ္စာမွန်စာပေ

# ရွှေဘဝင်

## ကြေးစား




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၀၅ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀)ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃) အမှတ်(၃၈)၊ မလွှကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင်(၀၀၆၅၁) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ်(၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ဝ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးသန်းချို | - | Lလင်း |
| ကွန်ပျူတာ | - | ဝန်းအိမ် |
| ဖြန့်ချိရေး | - | တူးတူး(သစ္စာမွန်) |
| အတွင်းပလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

ကြေးတား/ရွှေဘဝင်။ - ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၀၅။

၂၁၅ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁) ကြေးတား


# မရကာနှင့်လူသားအဏ္ဏဝါ

"ဂျုန်း... ဝုန်း...ဝေါ..."

ကြောက်မက်ဖွယ်ကောင်းလှသော မိုးမြိမ်းသံကြီးများနှင့် ပြင်းထန်စွာတိုက်ခတ်ရိုက်ပုတ်နေသောလေနီကြမ်းကြီးများနှင့် လှိုင်းလုံးကြီးများကြားတွင် လူးလွန့်နေသော ငါးဖမ်းစက်လှေကြီးမှာ နောက်ဆုံးချိန်ကိုရောက်နေပြီလို့ ဆိုရတော့မည်။

"မေရီ..."

"ကိုပေါ်ထွန်း..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကို ငါ့ဆီပေး"

လူသားတို့၏အသက်တွေကိုနှုတ်ယူတော့မည့်လှိုင်လုံးကြီးတွေရဲ့ကြိမ်းဝါးနေမှုအောက်တွင် ငါးဖမ်းစက်လှေပိုင်ရှင်တွေဖြစ်ကြသော ဦးပေါ်ထွန်း၊ ဒေါ်မေရီတို့နှင့် လသားအရွယ်သမီးလေးခွေတာမိုးတို့ နောက်ဆုံးထွက်ပေါက်ကို ရှာဖွေနေကြခြင်းဖြစ်သည်။ သူတို့ကံကြမ္မာက နက်ရှိုင်းလှသောပင်လယ်ကြီးအောက်တွင် အဆုံးသတ်ရန် သိပ်ပြီးမကြာတော့ချေ။

"ဆရာ...ဆရာ..."

"မောင်ကို..."

"ဒီဘက်ကိုလာခဲ့ကြ ဆရာ"

မောင်ကိုလှမ်းပြီးခေါ်လိုက်သောနေရာသို့ဦးပေါ်ထွန်း သမီးငယ်ကို ရင်ဝယ်ပိုက်ပြီး ယိမ်းထိုးနေသော စက်လှေကြီးထဲမှ သွားနေလေသည်။ စက်လှေကြီးပေါ်တွင် လူသားဆိုလို့ဦးပေါ်ထွန်းတို့မိသားစုနှင့် မောင်ကိုမှလွဲပြီး တခြားဘယ်သူတစ်ယောက်ကိုမှ မတွေ့ရတော့ပေ။ လူသားတို့၏ သဘာဝအတိုင်း ကိုယ့်အသက်နှင့်ပတ်သက်လာရင် ကိုယ်လွတ်ရန်းထွက်ကြတာလေးက ဓမ္မတာတစ်ခုပင် မဟုတ်လား။ ဒါပေမယ့် ဦးပေါ်ထွန်းတို့မိသားစုပေါ်မှာ သစ္စာအရှိဆုံး မောင်ကိုတစ်ယောက်ကတော့ ဦးပေါ်ထွန်းတို့နှင့် နောက်ဆုံးအချိန်ထိရှိနေ





သေးဆဲ။

"ဆရာ...ဟိုမှာ သက်ကယ်လှေတစ်စင်းကျန်သေးတယ်"

သက်ကယ်လှေဆိုပေမဲ့ လူ (၃)ယောက်သာလိုက်ပါလို့ရသော လှေကလေးပင်ဖြစ်သည်။ စက်လှေကြီးကတော့ နောက်ဆုံးချိန်ကို ရောက်သွားပြီဖြစ်တာကြောင့် မဖြစ်မနေ စွန့်ခွာရတော့မှာဖြစ်၏။ ပင်လယ်ပြင်၏ညကမဲမှောင်နေပြီး မရဏ၏စေတမန်လို့ပင်ဆိုရမည်။ ပင်လယ်ငါးဖမ်းစက်လှေများစွာထဲတွင် ဦးပေါ်ထွန်းပိုင်ဆိုင်သောစက်လှေ အစီး (၂၀)ထဲတွင် ယခုစက်လှေသည် အကြီးဆုံးနှင့်အကောင်းဆုံးစက်လှေကြီးပင်ဖြစ်သည်။

စက်လှေလုပ်သား (၂၀)ကျော်လိုက်ပါလုပ်ကိုင်နိုင်သော စက်လှေကြီးပေါ်မှာတော့ ဘယ်သူမှ မရှိကြတော့ပါ။

"ဝုန်း...ဝုန်း..."

"ဆရာနဲ့ ဆရာကတော်တို့ တက်ကြတော့"

မောင်ကို သက်ကယ်လှေကြီးတွေကိုဖြုတ်ချပြီး ဦးပေါ်ထွန်းတို့သားအဖတွေကို အရင်ဆုံးတက်ခိုင်းလိုက်သည်။

"မောင်ကို မင်းပါဆင်းခဲ့တော့၊ စက်လှေကြီးမြုပ်နေပြီ"

"ဟုတ်ကဲ့ ဆရာ၊ ဒါတွေကို ယူထားဦး"

သက်ကယ်အင်္ကျီဝတ်စုံတွေကို ပစ်ချပေးလိုက်ပြီး မောင်ကို



www.burmeseclassic.com

www.burmeseclassic.com



သက်ကယ်လေ့ပေါ်သို့ ဆင်းရန်ပြင်လိုက်သည်။

"ဝုန်း... ဟာ...ဟင်..."

အကြင်နာတရားကင်းမဲ့စွာ ရိုက်ခတ်လိုက်သော လှိုင်းလုံးကြီးကြောင့် ဦးပေါ်ထွန်းနှင့်မောင်ကိုကြားတွင် ခြားနားမှုကြီးတစ်ခုဖြစ်သွားခဲ့ရပြီး တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်မှုတွေပါ ပြတ်တောက်သွားခဲ့တော့သည်။ ဘယ်သူသေသည်၊ ဘယ်သူအသက်ရှင်သည်ကို ဘယ်သူမှ မသိနိုင်တော့ပါ။

သဘာဝတရားကြီးသည် တစ်ခါတစ်ခါ လူသားတို့အတွက် အကောင်းဆုံးမိတ်ဆွေဖြစ်တတ်သလို တစ်ခါတစ်ခါ ကြောက်စရာအကောင်းဆုံး ရန်သူလည်းဖြစ်နိုင်သည်။

"ဆက်ပြီးတော့ ဘာဖြစ်သွားလဲ နှင်းဆီမိုး..."

"ငါ့အဖေ...ငါ့အမေနဲ့ ငါ့ညီမလေးကတော့ သေတာ ရှင်တာ ငါ မသိခဲ့ရဘူး"

"ဒီအကြောင်းတွေကို နင် ဘယ်သူ့ဆီက သိခဲ့ရတာလဲ"

"ဦးမောင်ကိုဆီက"

"နင့်အဖေနဲ့အတူပါသွားတဲ့သူပေါ့"

"ဟုတ်တယ် မေလှိုင်၊ သူ့ကိုပင်လယ်ထဲမှာ နိုင်ငံခြားသင်္ဘောတစ်စင်းက တွေ့ပြီး ကယ်တင်ခဲ့တာ"





"တခြားသူတွေရော..."

"ဦးမောင်ကိုပြောပြသလောက်ကတော့ တစ်ယောက်မှ အသက်ရှင်တယ် မကြားခဲ့ရဘူးတဲ့"

"ဟယ်...ဦးမောင်ကိုကအရမ်းကို ကံကောင်းတယ်ဆိုရမှာပေါ့နော်၊ ခုအဖြစ်အပျက်တွေက ဘယ်လောက်တောင်ကြာသွားပြီလဲ နှင်းဆီမိုး..."

"ဒီနှစ်နဲ့ဆို (၁၆) နှစ်ပြည့်ခဲ့ပြီ"

"ဟင်...တော်တော်ကိုကြာခဲ့ပြီပဲ"

"ဖေဖေတို့ ခရီးထွက်သွားတုန်းက ငါက (၉)နှစ်သမီးပဲရှိသေးတာ၊ ဘွားဘွားက ငါ့ကိုစိတ်မချလို့ခေါ်ထားလို့ ကျန်ရစ်တာ"

နှင်းဆီမိုးဘဝထဲကနေ ဖခင်၊ မိခင်ကြီးနှင့် ညီမလေးတို့ ထွက်ခွာခဲ့ကြတာ ကြာခဲ့ပြီဆိုပေမဲ့ ယနေ့တိုင် နှင်းဆီမိုးဘဝထဲတွင် မိသားစုပုံရိပ်ကတော့ ရှိနေဆဲပင်ဖြစ်သည်။

"ငါ့စိတ်အာရုံမှာ ထူးဆန်းတာတစ်ခုဖြစ်နေတယ် မေလှိုင်"

"ဘာများလဲ နှင်းဆီမိုး"

"ငါ့ဘဝထဲကနေ ဖေဖေ၊ မေမေနဲ့ ညီမလေးတို့ထွက်ခွာသွားသိုက ငါ့အသက် (၉) နှစ်သမီးဆိုပေမယ့် ခု ငါ့အသက် (၂၅) နှစ်ပြည့်လို့ ဘွဲ့တောင်ရခဲ့ပေမဲ့ ဖေဖေ၊ မေမေနဲ့ ညီမလေးတို့ဟာ ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာအသက်ရှင်နေသလိုလို ခံစားရတယ်"

"နင့်ရဲ့စိတ်အစွဲကြောင့်ဖြစ်မှာပါဟာ၊ သူတို့မသေဘူးဆိုရင် နင့်ဆီကို ပြန်ပြီးရောက်ကြမှာပေါ့"

"နောက်တစ်ခုထူးခြားတာက ဖေဖေ၊ မေမေတို့နဲ့ ပတ်သက်ပြီး ခုရက်ပိုင်းတွေမှာ အိပ်မက်တွေ ခဏခဏ မက်နေတာ၊ အိပ်မက်ထဲမှာ ငါငယ်ငယ်တုန်းကလိုပဲ ဖေဖေက ငါ့ကို ပခုံးပေါ်တင်ပြီး သောင်ပြင်ကြီးမှာ ငါတို့မိသားစု လျှောက်ပြီးသွားနေတာကို ခဏခဏ မက်တယ်၊ အဲ.. အထူးခြားဆုံးကတော့ ကျွန်းတစ်ကျွန်းပေါ်မှာ လျှောက်ပြီးသွားနေကြတော့ ဒါဟာ တစ်ခုခု ထူးခြားနေတာပဲ မေလှိုင်၊ သူတို့နဲ့ငါ ပြန်ပြီး ဆုံရမယ်လို့ စိတ်ထဲမှာ ထင်နေတယ်"

"နင်းဆီမိုးရယ်.. နင့်ဖေဖေ၊ မေမေတို့နဲ့ ပြန်ပြီးဆုံဖို့ကံကြမ္မာ လမ်းကြောင်းပါလာရင်တော့ ပြန်ဆုံရမှာပေါ့ဟာ၊ ဒြော်... ဒါနဲ့ နင် ဒီနှစ် ရန်ကုန်မှာပဲနေမှာလား"

"နေလို့မရတော့ဘူး။ ဒီကလုပ်ငန်းကို မန်နေဂျာနဲ့ လွှဲထားခဲ့ရမှာ စက်လေှကိစ္စတွေနဲ့ ပတ်သက်ပြီး ဟိုမှာရှိတဲ့ လူယုံတွေက စိတ်မချရတော့ဘူး...ငါကိုယ်တိုင် ဦးစီးမှရတော့မှာ.ငါ့ဦးလေးကလည်း ကျန်းမာရေး မကောင်းတော့ဘူးဆိုတော့ သူ့ကို အားကိုးလို့မရတော့ဘူး မေလှိုင်"





"ဘာလဲ...နင်းဆီမိုး

"နင်ငါနဲ့ လိုက်ခဲ့ပါလား ရန်ကုန်မှာ နင့်အတွက်သိပ်ပြီးအခြေအနေမကောင်းဘူး မဟုတ်လား"

"ဟုတ်တယ် အခုလုပ်နေတဲ့ အလုပ်ကလည်း အဆင်မပြေပါဘူးဟာ...ဦးလေးဆီမှာကပ်နေရတာလည်း ကြာတော့ အားနာလာပြီ...နင်နဲ့လိုက်ရမယ်ဆိုရင်တော့ အဆင်ပြေတာပေါ့"

မေလှိုင်နှင့် နင်းဆီမိုးတို့ဟာ အထက်တန်းကျောင်းသူဘဝကတည်းက ပေါင်းသင်းခဲ့ကြသောသူတွေဖြစ်သည်၊ မေလှိုင်မှာ နင်းဆီမိုးနှင့် ဘဝတူတွေပင်ဖြစ်သည်၊ မေလှိုင်ငယ်စဉ်ကတည်းက မိဘနှစ်ပါးလုံးကွယ်လွန်ပြီး ဦးလေးဖြစ်သူ၏ ကျွေးမွေးစောင့်ရှောက်မှုအောက်တွင် ဘဝကိုရပ်တည်ခဲ့ရသူဖြစ်၏၊

"ဟော့...ဘာတွေနစ်ယောက်တည်းကြိတ်ပြီး ကြံစည်နေကြတာလဲ"

"ဟယ်....စည်သူ.."

စည်သူမောင်မှာ နင်းဆီမိုး၏မောင်တစ်ဝမ်းကွဲပင် ဖြစ်သည်၊ အဖေ၏ညီဖြစ်သူမှ မွေးခဲ့သူဖြစ်သလို နင်းဆီမိုးမှာ ငယ်စဉ်ကတည်းကတ အတူတူနေထိုင်ခဲ့သူဖြစ်သောကြောင့် မောင်နှမအရင်းလိုပင်ဖြစ်နေကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



"စည်သူ ငါရခိုင်ကိုပြန်ရမယ်"

"ဟာ...မမိုးကတော့လုပ်ပြီ ကျွန်တော်က ရန်ကုန်မှာ ကဲချင်လို့တက်လာတာဗျ"

"နင်ကဲချင်ရင် နင်ဒီမှာနေခဲ့ပြီး ငါ့လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်ပေါ့ဟ"

"ဟာ..ဗျာ..ဒီလိုကြီးတော့ မနေချင်ပါဘူး"

နင်းဆီမိုး... ငယ်ငယ်လေးကတည်းက စည်သူမောင်ဟာ နင်းဆီမိုးကို အရိပ်ပမာလိုက်ပြီး နေထိုင်ခဲ့သူဖြစ်သည်။ ဘာလုပ်လုပ်လိုက်ပါတတ်သူတစ်ဦးပင်ဖြစ်သည်။

"စည်သူ...ငါက မဖြစ်မနေပြန်ရမှာ၊ဟိုမှာ နင့်အဖေက ကျန်းမာရေးကောင်းတော့တာမဟုတ်ဘူး"

"မမိုးရာ.. ဒီစက်လှေတွေကို ရောင်းပြီး ဘဲခြားစီးပွားရေးတစ်ခုခုကိုပဲ လုပ်ပါလားဗျာ"

"အေး..ငါက လုပ်ချင်နေတာကြာပြီ၊ လူကြီးတွေက တားနေလို့ပေါ့၊ အပိုစကားတွေပြောမနေနဲ့၊ နေခဲ့မှာလား၊ လိုက်မှာလား"

"သွားမှတော့ လိုက်ရမှာပေါ့ဗျာ"

"ဒါဆို ပြင်ဆင်ထား၊ လေယာဉ်လက်မှတ်ရတာနဲ့သွားကြမယ်"





စည်သူမောင်တစ်ယောက်မကျေလည်သောပုံစံနှင့်နင်းဆီမိုးကိုကြည့်နေတော့သည်။

■■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ပင်လယ်ပြင်ကို ဖြတ်သန်းပြီးတိုက်ခတ်လာသော လေနုအေးကလေးကြောင့် ရင်ထဲတွင် အေးစက်ခြင်းအရသာကိုခံစားလိုက်ရသည်။ နင်းဆီမိုး ၏ ရုံးခန်းတည်ဆောက်ထားသောနေရာလေးက ပင်လယ်ကမ်းစပ်နံဘေးတွင်ဖြစ်တာကြောင့် စိတ်အာရုံကိုကြည်လင်စေသည်။

ရုံးခန်းမှာ နှစ်ထပ်ဆောင်ဖြစ်တာမို့ အပေါ်ထပ်ကနေ ကြည့်လိုက်လျှင် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စက်လှေကြီးများနှင့် ရုံးခန်းတစ်ဖက်အဆောင်ကြီးမှာတော့ ပင်လယ်ငါးဖမ်းစက်လှေတွေ ဖမ်းဆီးလာသော ငါးတွေကို သေတ္တာရိုက်ထည့်သွင်း၍ ပို့ကုန်အလုပ်တွေကို လုပ်ကိုင်နေကြသည်။





နင်းဆီမိုးတွင် စက်လှေအစီး (၂၀)ကျော်နှင့် အလုပ်သမား (၅၀၀)ကျော်ကို အုပ်ချုပ်စီမံနေရသူလည်းဖြစ်သည်။ မန်နေဂျာ(၂) ယောက် အလုပ်သမားခေါင်းဆောင်(၁၀)ယောက်နှင့်အတူ လူယုံနှစ်ဦးရှိခဲ့သော်လည်းယခုမှာတော့ ဇော်ကြီးအောင်နှင့် ကိုပိုက်ကျော်တို့နှစ်ဦး၏ သစ္စာမရှိမှုတွေ၊ အလွဲသုံးစားမှုတွေကြောင့် သံတွဲဘက်ကို ပြန်လာခဲ့ရပြီး နင်းဆီမိုးကိုယ်တိုင် ဦးစီးလုပ်ကိုင်နေရခြင်းပင်ဖြစ်သည်။

အမှန်စကားဆိုရမည်ဆိုရင် နင်းဆီမိုး ဤငါးဖမ်း လုပ်ငန်းကြီးနှင့် ရပ်တည်နေရသောဘဝကို မနှစ်မြို့တော့ပေ...ဘိုးဘွားမိဘများအစဉ်အဆက်လုပ်ကိုင်ခဲ့သော စီးပွားရေးဖြစ်တာမို့ ဆက်ပြီး လုပ်ကိုင်နေခြင်းဖြစ်သည်။

နင်းဆီမိုး ဝါသနာပါသောအလုပ်ကတော့ ရှေးဟောင်းသုတေသနလုပ်ငန်းတွေပင် ဖြစ်သည်၊ ဒီအတွက် ရန်ကုန်တွင် ရှေးဟောင်းပစ္စည်းဆိုင်လေးကိုဖွင့်လှစ်ပြီး သူလုပ်ချင်သော လုပ်ငန်း ပေါ်တွင် ပျော်မွေ့နေတတ်သူဖြစ်၏။

မိဘနှစ်ပါးလုံးမရှိသည့်နောက်ပိုင်းတွင် ကျန်ရစ်ခဲ့သော ဥစ္စာဓနတွေနှင့်စီးပွားရေးလုပ်ငန်းတွေက နင်းဆီမိုးဘဝအတွက် ဘာတစ်ခုမှ မပူပင်ရချေ၊ ထို့အပြင် နှစ်ဖက်အဘိုးအဘွားတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသော ကြွယ်ဝသူတွေဖြစ်တာကြောင့် မင်းသမီးလေးတစ်ပါးလို နေထိုင်ခွင့် ရသူဖြစ်သည်။

"ဟူး....."

မြစ်ရေပြင်ကြီးကို ငေးမောကြည့်နေရင်း နှင်းဆီမိုးရင်ထဲသို့ ဖေဖေ မေမေတို့ ပုံရိပ်ကလေးတွေ ရောက်လာပြန်သည်။ နှင်းဆီမိုး သံတွဲကို ရောက်ပြီးမှ ဖေဖေ၊ မေမေ၊ ညီမလေးတို့ကိုပိုပြီး အိပ်မက်တွေ မက်မက်နေသည်။ နောက်ဆုံးမက်သော အိပ်မက်ကလေးကတော့ အရမ်းကို တုန်လှုပ်စေခဲ့သည်။ ထိုအိပ်မက်ထဲတွင် ညီမလေး စတ္တာမိုး က သူနေထိုင်သော ကျွန်းကြီးသို့ အလည်ခေါ်သွားခြင်းဖြစ်သည်။

အိပ်မက်ထဲတွင် ကျွန်းကြီးမှာ စိမ်းညို့နေပြီး လူရိုင်းတွေလို လိုကျောက်ခေတ်လူသားတွေလိုလိုနှင့်ထူးဆန်းသောသတ္တဝါများစွာ ကိုတွေ့လိုက်ရသည်။ ပြီးတော့ ညီမလေး စတ္တာမိုး နေထိုင်သော နေရာမှာ ကျောက်တောင်ထပ်ကြီးတစ်ခုဖြစ်ပြီး ဂူကြီးထဲတွင် ကျောက် နန်းတော်ကြီးသဖွယ် တွေ့နေရတာကို မြင်တွေ့ရပြီး အိပ်မက်မှ လန့်နိုး ခဲ့ရလေသည်။

"နှင်းဆီမိုး..."

"ဪ...မေလှိုင် လာလေ"

မေလှိုင်တစ်ယောက် နှင်းဆီမိုးနှင့်ပါလာခဲ့ပြီး နှင်းဆီမိုး၏ရေ





လုပ်ငန်းတွင် လက်ထောက်မန်နေဂျာအဖြစ် ဝင်ရောက်လုပ်ကိုင်ပေး နေရသည်။

"ရန်ကုန်ကိုပို့မယ့်ပစ္စည်းတွေတော့ မနက်ဖြန်စက်လှေတင် မယ်"

"နှင် အားလုံးစီစဉ်ပြီးပြီမဟုတ်လား"

"ငါ့ဘက်ကတော့ စီစဉ်ပြီးပြီ၊ နှင်စစ်ဆေးဖို့ပဲကျန်တော့ တယ်"

"မေလှိုင်ရယ်.. နှင်လုပ်ခဲ့ပြီးပြီပဲ၊ ငါ မစစ်တော့ပါဘူး"

"နှင်းဆီမိုး.... နှင့်ကိုကြည့်ရတာ အလုပ်ထဲမှာ စိတ်မဝင်စား သလိုပဲ"

"ငါက ဒီလုပ်ငန်းကြီးကိုမလွှဲသာလို့သာလုပ်နေရတာ၊ စိတ်ထဲ မှာ သိပ်ပြီးအစေးမကပ်ဘူး၊ ဪ... မေလှိုင်၊ နှင် တစ်ခုတော့ ခေါင်း ထဲမှာ ထည့်ထားဦး"

"ဘာများလဲဟ"

"အလုပ်သမားတွေနဲ့ပတ်သက်ပြီး သူတို့ ကျန်းမာရေးနဲ့ထိ ခိုက်မှုတွေပေါ်မှာတော့ ဂရုစိုက်ပေးပါဟ"

"အလုပ်သမားတွေကိစ္စဆိုလို့ နှင့်ကိုပြောရဦးမယ်၊ အလုပ် သမားခေါင်းဆောင် အေးနိုင်နဲ့ပတ်သက်ပြီး အလုပ်သမားတွေဆီက



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သံတွေကြားနေရတယ်"

"နင်ဘာတွေကြားနေရတာလဲ"

"ကြားနေရတာတော့ အစုံပဲဟာ နင်ကိုယ်တိုင်အလုပ်သမားတစ်ယောက်ယောက်ကိုခေါ်ပြီးမေးကြည့်ပါလား တစ်ခုတော့သတိထားနော် ဒီနယ်မှာက လူဆိုးလူမိုက်တွေပေါ်တယ်၊ ငါရောက်တာဘာမှမကြာသေးဘူး ကြားရတဲ့သတင်းတွေက ကြောက်ခမန်းလိလိပဲ သတ်ကြ၊ ရုတ်ကြ မြန်ပြီနဲ့ ဒုစရိုက်လောကကြီး ကိုရောက်နေ သလားမှတ်ရတယ်...အလုပ်သမားခေါင်းဆောင်တော်တော် များများက လူမိုက်တွေဖြစ်နေတော့ ကိုယ့်ကိုဒုက္ခပေးနေဦးမယ်.."

"မလှိုင်ရယ် ဥပဒေမဲ့နေတဲ့ အမဲရောင်နယ်မြေ မဟုတ်ပါဘူးဟာ...ငါကလည်းအဲဒီလိုလူတွေကိုမှတွေ့ချင်တာ"

"ကိုယ်က မိန်းကလေးနော်"

"မလှိုင်... မိန်းကလေးဖြစ်တာနဲ့ ယောကျ်ားတွေရဲ့အနိုင်ကျင့်မှုတွေကို ခံရမှာလား၊ အရှုံးပေးရမှာလား၊ ယနေ့ကမ္ဘာကြီးမှာ ယောကျ်ားတွေစွမ်းဆောင်နိုင်သလို ငါတို့မိန်းကလေးတွေလည်း စွမ်းဆောင်နိုင်တယ်၊ နင် မှတ်ထား၊ အကြောက်တရားဆိုတာ ကြောက်တတ်သူတွေအတွက်ပဲ အသုံးဝင်တာပါ"

နင်းဆီမိုးဟာ သံတွဲကိုပြန်ရောက်တာနဲ့ မန်နေဂျာ(၂)ဦးဖြစ်





သော ဇော်ကြီးအောင်နှင့် ပိုက်ကျော်တို့ကို အလုပ်မှထုတ်ပစ်လိုက်သည်၊ ဇော်ကြီးအောင်နှင့်ပိုက်ကျော်တို့မှာ ကမ်းရိုးတန်းလောကတွင် ဩဇာသက်ရောက်ကြသူတွေဖြစ်သည်၊ တပည့်တပန်းတွေနှင့်နေထိုင်ပြီး မှောင်ခိုလောက၊ ဒုစရိုက်လောကတွင် အရှိန်အဝါရှိသူတွေပင်ဖြစ်သည်၊ ထိုသူတွေကိုနင်းဆီမိုး ဘာမှ ဂရုမစိုက်ဘဲ ထုတ်ပစ်လိုက်တာကြောင့် စိုးရိမ်စရာတစ်ခုဖြစ်နိုင်တယ်လို့ ဦးလေးဖြစ်သူက သတိပေးခဲ့ဖူးသည်၊ ဒါပေမယ့် နင်းဆီမိုး အကြောက်တရားမဲ့စွာနှင့် ပင်ထိုလူတွေကိုအလုပ်မှပင် ထုတ်ရုံတင်မက ငွေကြေးအလွဲသုံးစားမှုနှင့်တရားစွဲဖို့တောင်ပြင်ဆင်နေပြီဖြစ်သည်၊

"နင်းဆီမိုး.. နင် ဇော်ကြီးအောင်တို့နဲ့ဖြစ်တဲ့အမှုအတွက်ရှေ့နေရှာတာ အဆင်မပြေသေးဘူးဆို"

"ဟုတ်တယ်.. ငါလေ တစ်ခါတစ်ခါ လူတွေရဲ့အကြောက်တရားတွေကို အံ့ဩတယ်ဟာ၊ ဇော်ကြီးအောင်တို့အမှုကို ကိုင်တွယ်ရှေ့နေက ဒီနယ်မှာအတော်ကိုရှားနေကြတယ်၊ မလိုက်ရဲကြဘူး"

"ဒီတော့ နင် ဘယ်လိုစဉ်းစားထားလဲ"

"ရန်ကုန်က ဥပဒေအကျိုးဆောင်တွေနဲ့လုပ်ကိုင်ရမှာပေါ့ဟာ၊ ကဲ...နင့်ကိစ္စတွေပြီးရင် အပြင်ကိုသွားရအောင်"

"သွားလေ.."



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်ရုံးခန်းအောက်ထပ်သို့ဆင်းခဲ့ကြပြီး ရုံးခန်းထဲတွင် ဝန်ထမ်းတွေကို မှာစရာရှိတာတွေမှာပြီး ကားရပ် ထား သောနေရာသို့ထွက်လာခဲ့ကြ၏။

"ဘယ်ကိုသွားမလို့လဲ"

"အလုပ်ရုံကိုသွားမယ်"

အလုပ်ရုံမှာ ဖမ်းမိသောငါးများကို အသင့်ပြုလုပ်ပြီး ပို့ ဆောင်ပေးသောနေရာပင်ဖြစ်သည်။ ထိုအလုပ်ရုံကြီးကို ပင်လယ်နှင့် အနီးဆုံးဆိပ်ကမ်းတွင်ဆောက်လုပ်ထားပြီး ရန်ကုန်အပါအဝင် တခြား သောဒေသတွေကို ပို့ဆောင်ပေးနေခြင်းပင်ဖြစ်သည်။ နှင်းဆီမိုး ကိုယ် တိုင် ကားကိုမောင်းလာခဲ့သည်။

"စည်သူမောင်တစ်ယောက်ကို မတွေ့ပါလား နှင်းဆီမိုး"

"ဦးလေးကိုဒီနေ့ ဆေးရုံမှာ ဆေးစစ်ရမယ်လေ၊ သူပါ ပါသွား တယ်"

"စည်သူမောင်ကတော့ နင့်အပေါ်မှာ သံယောဇဉ်ကြီးတယ် နော်"

"သံယောဇဉ်သာကြီးတာပါဟာ၊ ဘာမှ အားကိုးရတာ မဟုတ် ဘူး၊ အစ်မဆီက ပိုက်ဆံတောင်းဖို့လောက်ပဲ အားကိုးရတာ ကားလေးမောင်းပို့ပေးရတာကို အကြီးမားဆုံးအလုပ်ကြီးကိုလုပ်





ရတယ်လို့ထင်နေတာ"

ပင်လယ်ပြင်ကြီးနဲ့ကပ်လျက်ရှိနေသော ကားလမ်းထက်ဆီ မှကားလေးမောင်းခဲ့တာကြောင့် ပင်လယ်လေတို့သည် ကားဆီသို့ တိုး ဝှေ့တိုက်ခတ်လာလေသည်။

"နင်တော့ မပြောတတ်ဘူး၊ ငါ့အတွက် ဒီနေရာလေးကို ရောက်ခဲ့ရတာ ဘဝသစ်တစ်ခုကိုရောက်သွားသလိုပဲဟာ"

မေလှိုင်ပြောနေသောစကားကို နှင်းဆီမိုး တုံ့ပြန်ခြင်းမပြုဘဲ ကားကိုသာ ဂရုစိုက်ပြီးမောင်းနေလေသည်။ နှင်းဆီမိုးအတွေးအာရုံ ထဲတွင် အလုပ်သမားတွေနှင့်ပတ်သက်ပြီး ဖြေရှင်းပေးရမည့်ကိစ္စကို သာတွေးနေမိသည်။ အခြေခံအလုပ်သမားတွေ၏ ဘဝကို စာနာမှု အပြည့်ထားတတ်သူတစ်ဦးဖြစ်တာမို့ အလုပ်သမားတွေအပေါ်မှာ မတရားကုပ်သွေးစုတ်မှုတွေကို နှင်းဆီမိုးအရမ်းကို ရွံရှာမုန်းတီးလေ သည်။

အလုပ်သမားခေါင်းဆောင်တင်ထားသူတို့သည် အလုပ် သမားတို့၏ နစ်နာမှု၊ ဆုံးရှုံးမှုအတွက် အလုပ်ရှင်ထံမှ အခွင့်အရေး တွေကိုကိုယ်စားပြုပြီးတောင်းဆိုပေးရမည့်သူက အလုပ်သမားတွေ ပေါ်မှာ အမြတ်ထုတ်နေတာကို နှင်းဆီမိုး ဘယ်လိုမှ လက်မခံနိုင်ပေ။

"နင် အလုပ်ရုံကိုသွားတာ အလုပ်သမားတွေကိစ္စလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မေလှိုင်၊အခြေခံအလုပ်သမားတွေရဲ့ဘဝကိုငါ အရမ်းကို ဘနားတယ်၊နင် စဉ်းစားကြည့်လေ၊ သူတို့ ငါ့ဆီမှာလုပ်ကိုင် နေကြရတာ သူတို့ဘဝအတွက် တိုးတက်ကြီးပွားနိုင်တဲ့အခွင့်အလမ်း ဆိုတာ အရမ်းကိုနည်းပါးကြတယ်၊ အမြင့်ဆုံးပြောလည်မှုက သူတို့ စားဝတ်နေရေး အဆင်ပြေရုံလောက်ပဲရှိကြတာ၊ ငါတို့ဘက်က ရခဲ့တဲ့ အခွင့်အရေးနဲ့အကျိုးအမြတ်တွေက သူတို့ထက် အဆပေါင်းများစွာ မဟုတ်လား။ ဒီပေါ်မှာ ကိုယ့်စီးပွားရေးတစ်ခုပေါ်မှာပဲ အတ္တထားပြီး အလုပ်သမားကို ကျေးကျွန်တွေလို မြင်နေလို့မရဘူး"

"အင်း...နင်နဲ့ တခြားအလုပ်ရှင်တွေနဲ့တော့ လုံးလုံးကိုကွဲပြားနေပြီ"

"လူလူချင်းစာနာတတ်သူနဲ့လူလူချင်း စာနာမှုကင်းမဲ့သူတွေကြားမှ ကွဲပြားနေတာ မဆန်းပါဘူး၊ ခုကိစ္စကိုကြည့်၊ အလုပ်သမားခေါင်းဆောင်တွေ ဆိုရင် ငါ့အနေနဲ့ လခတောင်ပိုပြီးပေးရဦးမယ်၊ အလုပ်ရှင်ပေါ်မှာ မျက်နှာရအောင် လုပ်ပြီး အောက်ခြေအလုပ်သမားတွေကို ဖိနှိပ်ပြီး အကျိုးအမြတ်ရှာနေတာဟာ တကယ်ဆို ငါမသိချင်ယောင်ဆောင်နေလိုက်ရုံပဲ၊ ဒါပေမဲ့ ငါ ဒါကို လုံးလုံးလက်မခံနိုင်ဘူး"

နင်းဆီမိုး မောင်းလာသော ကားလေးမှာ ကုန်ပစ္စည်းရုံကြီးထဲသို့မောင်းဝင်လာပြီဖြစ်သည်။လှမ်းပြီးတွေ့နေရသော အလုပ်သမား





တွေ၏ ရှုန်းကန်လှုပ်ရှားနေမှုကို ကားထဲမှ ကြည့်နေမိသည်၊

"ဘဝဟာ ခက်ခဲသူတွေရှိနေသလို အဆင်ပြေချောမွေ့နေသူလည်း ရှိနေကြတာပဲ၊ ညီမျှတဲ့ လူ့လောကကြီးဆိုတာ မလွယ်ကူနိုင်ပါလား"

"နင်းဆီမိုးရယ်၊ နင်ဖြစ်ချင်သလိုလောကကြီးကို ဖန်ဆင်းလို့မရနိုင်ပါဘူးလေ..."

"ကိုယ်ဖြစ်ချင်တာတွေ အလုံးစုံတော့ မပြည့်စုံနိုင်ပေမဲ့ လူသားတစ်ယောက်အတွက်တော့ လူသားဆန်တဲ့အလုပ်တွေကိုတော့ လုပ်ကိုင်ရမှာပဲ"

ကားတံခါးလေးကိုဖွင့်ပြီးအောက်ကိုဆင်းလာခဲ့ကြသည်၊ အောက်ကိုခြေချသည်နှင့် အလုပ်သမားခေါင်းဆောင် ကိုဘဦးနှင့် ဖိုးစောတို့အလုပ်ရုံထဲမှ ခပ်သွက်သွက်ကလေးထွက်လာကြသည်၊

"မနင်းဆီမိုး...အလုပ်ရုံကိုလာပြီးကြည့်တာနဲ့တူတယ်"

"အလုပ်ရုံကိုလာပြီးကြည့်တာမဟုတ်ပါဘူး၊ ဒီက အလုပ်သမားတွေအခြေအနေကို လာပြီးကြည့်တာ"

ကိုဘဦးကို မျက်နှာခပ်တင်းတင်းနှင့်ပြောလိုက်ပြီး ရုံထဲကို ဝင်လာခဲ့သည်၊ ကိုဘဦးနှင့် ဖိုးစောတို့ (၂)ယောက်မှာ နောက်ကနေကပ်ပြီးလိုက်လာခဲ့သလို ရုံထဲတွင်အလုပ်သမားတွေကို အော်ဟစ်ဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေကြသောအလုပ်သမားခေါင်းဆောင်တွေရဲ့အသံကိုပါ ကြားနေရသည်။

အလုပ်ရှင်ရောက်လာတာကြောင့် ပိုပြီးတော့ သူ့ဩဇာအာဏာကိုပြသနေခြင်းဖြစ်၏။

"ကိုဘဦး"

"ပြောပါ မနင်းဆီမိုး"

"ရုံးခန်းထဲကို အလုပ်သမားခေါင်းဆောင်တွေအားလုံးကို ခေါ်လိုက်ပါ၊ ကျွန်မ ပြောစရာရှိတယ်"

"ဟုတ်...ဟုတ်ကဲ့"

နင်းဆီမိုး ဤဒေသကိုစပြီးရောက်ကတည်းက အလုပ်သမားတွေ၊ အလုပ်သမားခေါင်းဆောင်တွေကို သီးသန့်တွေ့ဆုံခြင်းမျိုး တစ်ခါမှ မရှိသေးတာကြောင့် ယခုအကြိမ်သည် ပထမဦးဆုံးပင်ဖြစ်သည်။ သိပ်ပြီးမကြာ အလုပ်သမား ခေါင်းဆောင်(၁၀)ဦး ရောက်ရှိလာကြသည်။ နင်းဆီမိုး...အလုပ်သမားစာရင်းစာအုပ်နှင့် ခေါင်းဆောင်အမည်တွေကို ဖတ်ကြည့်ပြီး တစ်ယောက်ချင်း နာမည်နှင့်လူတွဲမိအောင် မိတ်ဆက်လိုက်သည်။ ပြီးတော့မှ..

"ကျွန်မ ခုလိုခေါ်ပြီးတွေ့တာ ကျွန်မစီးပွားရေးထက် ကျွန်မလုပ်ငန်းပေါ်မှာ မှီခိုနေထိုင်နေကြရတဲ့ အလုပ်သမားတွေနဲ့ပတ်သက်





ပြီး ကျွန်မဆန္ဒတွေကို အတိအလင်း သိအောင်ပြောချင်လို့ပါ"

နင်းဆီမိုး စကားကို အားလုံးစိတ်ဝင်စားစွာနင့်နားထောင်နေကြသည်။

"အထူးသဖြင့် အလုပ်သမားတွေကို အနီးကပ်ဦးဆောင်နေကြရတဲ့ အလုပ်သမားခေါင်းဆောင်တွေကို ပြောချင်တာပါ၊ တခြားထွေထွေထူးထူး ကျွန်မ စကားအများကြီးမပြောချင်ဘူး၊ လူလူချင်းခေါင်းပုံဖြတ် အနိုင်ကျင့်တာတွေကို ကျွန်မ ခွင့်လွှတ်မှာမဟုတ်ဘူး၊ ကျွန်မဒီစကားပြောလိုက်ရင် ဘာဆိုတာကို သဘောပေါက်ကြမှာပါ၊ ကျွန်မ ကြားနေရတဲ့ သတင်းတွေက အ များကြီးပဲရှိနေတယ်၊ ဒါတွေကိုပထမဆုံးအနေနဲ့ အပြစ်မတင်ပေမဲ့ နောက်နောင် ခုလိုသတင်းပေါ်မှာတော့ ကျွန်မ ခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာ သတိပေးရင်းနဲ့ အသိပေးလိုက်တယ်... ရှင်တို့ဘက်က ပြုပြင်သင့်တာတွေကို ဒီနေ့ဒီရက်ကစပြီး ပြုပြင်ပါ၊ ဘဝတူအချင်းချင်းပေါ်မှာ အမြတ်ထုတ်တဲ့ လုပ်ရပ်တွေကို ရပ်တန့်ပါ။ ကျွန်မ ပြောချင်တာ ဒါပါပဲ၊ ရှင်တို့ဘက်က တင်ပြစရာရှိရင် တင်ပြကြပါ"

"ကျွန်တော် တင်ပြချင်ပါတယ်"

အလုပ်သမားခေါင်းဆောင်လုပ်တဲ့ ဖိုးစော ထပြီးပြောသောကြောင့်....



www.burmeseclassic.com

www.burmeseclassic.com



"တင်ပြနိုင်ပါတယ်"

"အလုပ်သမားတွေ လုပ်အားခနဲ့ပတ်သက်ပြီး ထပ်ပြီးတိုးပေးဖို့ပါ"

"ကောင်းပြီလေ၊ အလုပ်သမားတွေနဲ့ပတ်သက်ပြီး လုပ်အားခနည်းလို့ထပ်ပြီးတိုးပေးရေးကို ကျွန်မအလေးအနက်ထားပြီး ဆောင်ရွက်ပေးပါ့မယ်၊ ဒါပေမဲ့ အလုပ်သမားတွေ ယနေ့ရနေတဲ့လုပ်အားခနဲ့ပတ်သက်ပြီး ကျွန်မအရင်ဆုံးလေ့လာပါမယ်၊ မေလှိုင်.."

"ပြော..နှင်းဆီမိုး"

"ငွေစာရင်းကိုင်ဦးမောင်ကြည်ကို ဖုန်းဆက်ပြီးခေါ်လိုက်"

"အေး.."

"နောက် နှစ်နာရီကြာရင် ရှင်တို့အားလုံးနဲ့ကျွန်မပြန်ပြီးတွေ့ပါ့မယ်၊ ခုလုပ်စရာရှိတာကို သွားပြီးလုပ်ကြပါ"

ရုံးခန်းထဲမှ အားလုံးထွက်သွားပြီး နှင်းဆီမိုး အပြင်ဘက် အလုပ်သမားတွေ လုပ်ကိုင်နေကြသောနေရာဆီသို့ထွက်ခဲ့သည်။ ငါးသေတ္တာထမ်းနေသူတွေ၊ ငါးရွေးနေသူတွေ၊ ရေခဲရိုက်၊ သေတ္တာသွင်းနေသူတွေကို လှမ်းပြီးကြည့်ရင်းနှင့် ....

"မေလှိုင်..ဟိုနှစ်ယောက်ကိုသွားပြီးခေါ်ကွာ"

"ဘာလုပ်မလို့လဲ နှင်းဆီမိုး"





"ဒီနေ့အဖြေတစ်ခုကို ချက်ချင်းထုတ်ရမယ်၊ ဦးမောင်ကြည် ခုလာမှာမဟုတ်လား"

"အေး.. ခုချက်ချင်းလာခဲ့မယ်တဲ့"

မေလှိုင် ငါးရွေးနေသော အုပ်စုထဲမှ မိန်းမနှစ်ယောက်ကို သွားပြီးခေါ်လိုက်တာကို ဘဦးတို့အလုပ်သမားခေါင်းဆောင်တွေလှမ်းပြီးကြည့်နေကြသည်။

မေလှိုင်ခေါ်လာသောမိန်းမနှစ်ဦး အနားကိုရောက်သည်နှင့်

"မမလေး..ဘာများခိုင်းစရာရှိလို့လဲ"

"ခိုင်းစရာမရှိပါဘူး၊ မေးစရာရှိလို့"

"ဟုတ်ကဲ့...မေးပါ"

"ကျွန်မမေးတာကို ဘာမှမကြောက်မရွံ့ဘဲဖြေပါ၊ ဒီအတွက် ကျွန်မတာဝန်ယူတယ်"

"ဟုတ်...ဟုတ်ကဲ့ဖြေပါ့မယ်"

"ရှင်တို့တစ်နေ့တာ လုပ်အားခ ဘယ်လောက်ရသလဲ"

"တစ်ယောက်ကို နှစ်ထောင့်ငါးရာ၊ ယောကျ်ားလေးဆိုရင် လေးထောင်ပေးပါတယ်"

"အလုပ်ချိန်ကရော ဘယ်လိုသတ်မှတ်ထားလဲ"

"မနက် (၇း၀၀) နာရီကနေ ညနေ (၄း၀၀) နာရီထိပါ၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ စက်လှေဝင်ရင် မိုးချုပ်တတ်ပါတယ်"

"မိုးချုပ်ထိ လုပ်ကိုင်ရရင် လုပ်အားခရော ပိုပြီးပေးလား"

"ပေးတဲ့အခါ ပေးတယ်၊ မပေးတာကတော့ များပါတယ်၊ အိမ်အတွက် ဟင်းစားလောက်ပဲပေးတာ"

နင်းဆီမိုး သိထားသောစာရင်းတွေနှင့် ယခုကြားနေရတာတွေမှာ တကယ်ပင် ကွာဟနေသည်ကိုတွေ့နေရသည်။

"ကဲကဲ..ကိုယ့်နေရာကိုယ်ပြန်ပြီးလုပ်စရာရှိတာသွားလုပ်ပါ။ ခုကျွန်မမေးတာကို ဘယ်သူ့ကိုမှ ဘာမှမပြောပါနဲ့"

"ဟုတ်ကဲ့ပါ...မမလေး"

အလုပ်သမား အမျိုးသမီး (၂)ဦးပြန်သွားပြီး မကြာမီ ငွေစာရင်းကိုင် ဦးမောင်ကြည်ရောက်လာသဖြင့် ရုံးခန်းသို့လာခဲ့ကြသည်။

"သမီး နင်းဆီ..ငွေစာရင်းတွေ စစ်ချင်လို့လား"

"ငွေစာရင်းတွေ စစ်ချင်လို့မဟုတ်ပါဘူးအန်ကယ်၊ အလုပ်သမားတွေနဲ့ပတ်သက်ပြီး လုပ်အားခပေးငွေတွေကို သိချင်လို့ပါ"

"ဪ.."

ဦးမောင်ကြည် ဗီရိုထဲမှနေ့စဉ်အလုပ်သမားတွေ၏လုပ်အားခလစာငွေ စာရင်းစာအုပ်တွေကိုထုတ်ပေးလေသည်။

"ဘာတွေများလွဲချော်နေတာတွေ့လို့လဲ သမီး"





"လွဲချော်နေတာတွေကတော့ အတော့်ကိုများနေတယ်၊ စာရင်းထဲမှာ တင်ပြထားတဲ့ငွေစာရင်းနဲ့ အလုပ်သမားတွေ တကယ်ရငွေက ကွာနေတယ်"

"ဟင်.."

"ဒီမှာကြည့်လေ အန်ကယ်၊ တစ်နေ့တာ နေ့စားတစ်ဦးရဲ့ လုပ်အားခက ၃၀၀ဝိ/နဲ့၅၀၀ဝိ/လို့ပြထားပေမယ့် သူတို့တကယ်ရတဲ့ လုပ်အားခက ၂၅ဝဝိ/နဲ့ ၄၀၀ဝိ/၊ ပြီးတော့ အချိန်ပိုလုပ်အားခတွေကို စာရင်းထဲမှာ တင်ပြပြီးတောင်းထားပေမဲ့ တကယ်တမ်းကျတော့ အလုပ်သမားတွေကို ပေးတာမျိုးမရှိဘူး၊ ဒါတွေဟာ မဖြစ်သင့်တဲ့ ကိစ္စတွေပဲ အန်ကယ်"

နင်းဆီမိုး စကားကြောင့် ဦးမောင်ကြည် တွေဝေသွားပြီး မျက်နှာညှိုးသွားသည်။

"အန်ကယ် ဒါတွေကို ဘာမှမသိဘူးလား"

"မ...မသိပါဘူးကွယ်"

"သေချာရဲ့လား...အန်ကယ်ဟာ ဖေဖေတို့ရှိစဉ်ကတည်းက လုပ်ကိုင်ခဲ့တဲ့ လူတစ်ယောက်ဖြစ်နေသူပါ၊ ဒီကိစ္စတွေကို မသိဘူး ဆိုတာတော့ ကျွန်မမယုံဘူး....အန်ကယ် ကျွန်မကို လျှို့ဝှက်ထားတာ ရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကြည် စကားသံထွက်မလာတော့ဘဲ ခေါင်းကို အောက်သို့ငုံ့နေလိုက်သည်။

"အန်ကယ်...ကျွန်မကို ပွင့်ပွင့်လင်းလင်းပြောပါ၊ မိသားစုလို သဘောထားခဲ့ရင် ဘယ်ကိစ္စမဆို ဖြေရှင်းလို့ရပါတယ်"

"အန်ကယ့်ကို ခွင့်လွှတ်ပါ သမီး"

"ကျွန်မဘက်က ခွင့်လွှတ်နိုင်တာဆို ခွင့်လွှတ်ပေးမှာပါ၊ အန်ကယ်ဘာတွေလုပ်ခဲ့သလဲဆိုတာသာပြောပါ"

"အန်ကယ် ယခုချိန်ထိ သမီးတို့လုပ်ငန်းပေါ်မှာ သစ္စာမဲ့ဖောက်ပြန်တဲ့အလုပ်တွေကို တစ်ခုမှ မလုပ်ခဲ့ပါဘူး၊ ဒါပေမဲ့ ဘဦးတို့နဲ့ ပတ်သက်ပြီး အန်ကယ့်ဘက်က တာဝန်မဲ့ခဲ့တာတော့ ရှိပါတယ်"

"တာဝန်မဲ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်သမီး...ဘဦးတို့အုပ်စုရဲ့လုပ်ရပ်တွေကို အန်ကယ် မသိချင်ယောင်ဆောင်နေခဲ့တဲ့သူပါ"

"ဟင်...အန်ကယ်လည်း သူတို့နဲ့အတူ အလုပ်သမားတွေရဲ့ လုပ်အားခကို ခေါင်းပုံဖြတ်နေတာပေါ့"

"ဒီလိုတော့ မဟုတ်ဘူးသမီး...သူတို့လုပ်ကိုင်နေတာကို မသိချင်ယောင်ဆောင်နေတာကလွဲပြီး ဘာမှ မပတ်သက်ဘူး၊ မသိချင်ယောင်ဆောင်ရတာကလည်း အန်ကယ့်သမီးကြောင့်ပါ"





နင်းဆီမိုး... ဦးမောင်ကြည်စကားကို နားမလည်သလိုဖြစ်သွားသည်။

"အန်ကယ့်သမီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"အန်ကယ်သာ သူတို့လုပ်ကိုင်နေတာတွေကိုပြန်ပြီးပြောရင် သမီးလေးကို ဒုက္ခပေးမယ်၊ အန္တရာယ်ပြုမယ်လို့ ခြိမ်းခြောက်ထားကြလို့ပါ"

"ဘာ..."

ဦးမောင်ကြည်စကားကြောင့် စိတ်ထဲတွင် ချက်ချင်းပင် ခံပြင်းသွားမိသည်။

"အန်ကယ်ရယ်...ကျွန်မတို့တိုင်းပြည်က ဥပဒေမဲ့ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ တိုင်းပြည်မဟုတ်ပါဘူး၊ ဒီလောက်ထိ ကြောက်စရာမလိုပါဘူး၊ ဒီလိုလူမျိုးတွေကို အလျှော့ပေးတာ လူလူချင်း ဗိုလ်ကျအနိုင်ကျင့်တာကို အားပေးသလိုဖြစ်နေတယ်"

"ဟုတ်...ဟုတ်တော့ ဟုတ်ပါတယ်ကွယ်၊ ဒါပေမယ့် ကမ်းရိုးတန်းဒေသမှာက အုပ်စုဖွဲ့ပြီး လူဆိုးလူမိုက်တွေ ကြီးစိုးနေတဲ့ဒေသတစ်ခုဖြစ်နေပြီး ဒီနယ်မှာ စီးပွားရေးလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေကလည်း လူဆိုး၊ လူမိုက်တွေကို မွေးပြီး နိုင်းနေတာတွေကြောင့် ကောင်တွေ ထင်တိုင်းကြဲနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



လူတွေ၏ အတ္တကြီးမားမှုသည် ကြောက်စရာပင်ကောင်းနေလေသည်၊ ကိုယ့်အကျိုးစီးပွားအတွက် လောဘနောက်ကို လိုက်ပြီး ကောက်ကျစ်မှုတွေ၊ ရက်စက်ယုတ်မာမှုတွေကို လုပ်ကိုင်နေကြပြီ ဖြစ်သည်၊

နင်းဆီမိုး နလုံးသားတွင် အရှုံးမှန်းဆုံးကိစ္စတွေပင်ဖြစ်၏၊ လူသားအချင်းချင်း ငွေကြေးဥစ္စာတွေနှင့် မတရားမှုတွေ ကျူးလွန်နိုင်းမှုတွေသည် ခါးသီးရွံရှာဖွယ်ကောင်းသော လူ့လောကကြီး၏ဖြစ်စဉ်တွေပင်ဖြစ်သည်၊

"အန်ကယ်..."

"ပြောပါသမီး..."

"အန်ကယ့်သမီးကိစ္စနဲ့ ဘဉီးဟို့ကိစ္စတွေကို ကျွန်မ ကိုင်တွယ် ပြီး ဖြေရှင်းပေးမယ်"

"သမီးရယ်...ဖြစ်ပါ့မလား၊ ဒီကောင်တွေက လူဆိုးလူမိုက်တွေ၊ ပြီးတော့..."

"အန်ကယ်ဘာမှ ဆက်ပြီးပြောမနေနဲ့၊ ဒီလိုကြောက်ပေးနေသရွေ့ ဒီထက်မက ဆိုးဝါးတဲ့အနိုင်ကျင့်မှုတွေကို အန်ကယ်ထပ်ပြီး တွေ့ရလိမ့်မယ်"

"ဟင်း..."





ဦးမောင်ကြည် သက်ပြင်းချလိုက်ပြီး နင်းဆီမိုး၏ ဆုံးဖြတ်ချက်နှင့် လုပ်ကိုင်လာမည့်အခြေအနေတွေကို စောင့်ကြည့်ဖို့သာ ရှိတော့သည်၊

"အန်ကယ်...လုပ်စရာရှိတာကိုသွားပြီးလုပ်တော့"

"အေး..အေး..."

ဦးမောင်ကြည်ထွက်သွားပြီးနောက် ရုံးခန်းထဲတွင် နင်းဆီမိုးနှင့်မေလှိုင် ကျန်ခဲ့ရင်း ပြတင်းပေါက်ဆီမှ ပင်လယ်ကြီးကိုငေးကြည့်ရင်း နင်းဆီမိုး... သူ ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာတွေကို စဉ်းစားနေမိသည်၊

"နင်ဘာတွေလုပ်မယ်လို့ စဉ်းစားထားလဲ နင်းဆီမိုး"

"ဘာလုပ်ရမယ်ဆိုတာတော့ မစဉ်းစားရသေးဘူး၊ ဆုံးဖြတ်ချက်တစ်ခုတော့ အခိုင်အမာ ချထားတယ်"

"ဘယ်လိုဆုံးဖြတ်ချက်မျိုးလဲ"

"ကမ်းရိုးတန်းဒေသမှာ ရှိနေတဲ့လူ့အရိုင်းအစိုင်းတွေကို ရှင်းလင်းမယ်ဆိုတဲ့ ဆုံးဖြတ်ချက်တော့ ခိုင်ခိုင်မာမာချထားတယ်"

"နင်းဆီမိုး...နင်...နင်က မိန်းကလေးနော်"

"ပြောပြန်ပြီ...ဒီမိန်းကလေးဆိုတဲ့စကားလုံးကိုပဲ မိန်းကလေးဖြစ်တိုင်း အနိုင်ကျင့်မှုတွေ၊ မတရားမှုတွေကို အရှုံးပေးရတော့ မှာလား



www.burmeseclassic.com

www.burmeseclassic.com



ဟာ"

"ငါပြောတာ အရှုံးပေးဖို့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"ငါတို့အတွက် အရည်အချင်းရှိတဲ့ယောကျ်ားတစ်ယောက်တော့ လိုအပ်မယ်ထင်တယ်"

"နှင်ငါ့ကိုယောကျ်ားယူခိုင်းနေတာတော့ မဟုတ်ပါဘူးနော်"

"ဖြစ်နိုင်ရင်တော့ ယူစေချင်တယ်"

"ကောင်မစုတ် နှင်ပဲယူ"

"ဒါတော့ မပြောနဲ့၊ ယူချင်တာမှ တစ်ပိုင်းကိုသေနေတာ၊ ယူမယ့် သူမရှိလို့"

"ကမ်းရိုးတန်းမှာ ပေါမှပေါ"

"နေပါစေတော့ နှင်းဆီမိုးရယ်... ဒီကကောင်တွေကို ယူဖို့မပြောနဲ့မြင်တွေ့နေရတာတောင်ကြက်သီးထတယ်"

"ကဲ..မေလှိုင် ပြန်ကြရအောင် ဗိုက်ဆာလှပြီ"

"အေး.."

သူငယ်ချင်းနှစ်ယောက် ရုံးခန်းထဲမှ ပြန်ပြီးထွက်လာတော့ ဘဦးတို့နှင့် မျက်နှာချင်းဆိုင်တွေ့လိုက်ရသည်။

"မမလေး...ကျွန်တော်တို့ကို တွေ့စရာရှိသေးလား"





"ဒီနေ့တော့ မရှိတော့ပါဘူး၊ နောက်နေ့တွေမှာတွေ့စရာတွေက ရှိနေဦးမှာပါ"

"ကောင်းပါပြီ၊ တွေ့မယ့်အချိန်ကိုစောင့်နေပါ့မယ်"

ဘဦး ပြန်ပြီးပြောလိုက်သော စကားမှာ မခန့်လေးစားပြောလိုက်ခြင်းကြောင့် နှင်းဆီမိုး ဒေါသထွက်မိသည်။ ဒါပေမယ့် ခေါင်းအေးအေးထားပြီး ကိုင်တွယ်ရမှာဖြစ်တာကြောင့် စိတ်ကိုလျှော့ပြီး ကားပေါ်သို့တက်ခဲ့လေသည်။

"နှင်းဆီမိုး... ဒီကောင်တွေပုံစံက ဂရုမစိုက်တဲ့ပုံစံတွေနော်၊ ခံပြင်းစရာကောင်းတယ်"

"ပွဲကြီးပွဲကောင်းတော့တွေ့ကြပြီပေါ့ဟာ"

နှင်းဆီမိုး ကားမောင်းထွက်လာရင်း အတွေးထဲတွင် အကြောင်းအရာတစ်ခုပေါ်လာခဲ့သည်။ ထိုအကြောင်းအရာကတော့ သူတို့အတွက် စိတ်ချရသော လူတစ်ယောက်က မဖြစ်မနေလိုအပ်နေပြီဖြစ်သည်။

ထိုလူသည် တော်ရုံတန်ရုံသတ္တိမျိုးနှင့်မဖြစ်နိုင်၊ ပြီးတော့ လူဆိုးလူမိုက်တွေကို ငွေကြေးနှင့်ခိုင်းစေတာမျိုးလည်း နှင်းဆီမိုး မလုပ်ချင်၊ မောင်ဖြစ်သူ စည်သူမောင်က သူ့ထက်ပိုပြီး အားပျော့နေသူဖြစ်၍ အားကိုးလောက်သော လူတစ်ယောက်မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရွေးချယ်လိုက်ပြီဖြစ်သောလမ်းကို ကြောက်ရွံ့လို့မဖြစ်နိုင်တော့ပါ။ ရှေ့တိုးဖို့သာရှိတော့သည်။ အနာဂတ်နေ့ရက်တွေအတွက် သမိုင်းတစ်ခုကို အထင်ရှားဆုံး ရေးထိုးမယ့် စိန်ခေါ်ပွဲတစ်ပွဲပင်ဆိုရတော့မည်။ ထို့အတွက် နှင်းဆီမိုးသေးတွင် သူ့ရဲ့ကောင်းတစ်ဦးတော့ မဖြစ်မနေ လိုအပ်နေပြီဖြစ်သည်။

ထိုသူရဲကောင်းကို နှင်းဆီမိုး ဘယ်လို ရှာဖွေရမည်ဆိုတာတော့ ခုချိန်ထိ စဉ်းစားလို့ပင် မရနိုင်ပေ…။

■■



# အခန်း ( ၂ )

"ဟူး…"

ခရီးသည် (၁၀) ဦးလိုက်ပါလာသော စက်လှေကလေး ကျွန်းလေးဆီသို့ဆိုက်ကပ်ဖို့နီးကပ်လာပြီဖြစ်တာကြောင့် ဒေါင်းလူ…ကျွန်းလေးကို လှမ်းပြီးကြည့်ရင်း သက်ပြင်းရှည်တစ်ခုကို ချလိုက်တော့သည်။ ဤကျွန်းလေးနှင့် သူ ခွဲခွာခဲ့တာ (၁၅) နှစ်ပင် ရှိခဲ့ပြီဖြစ်သည်။

"အင်း…အတော့်ကိုပြောင်းလဲနေပြီပဲ"

ဒေါင်းလူ နေထိုင်ခဲ့စဉ်ကထက် ထိုကျွန်းလေးသည် ယခုအခါတွင် အတော်ပင်ခြားနားနေပြီဖြစ်၏။ ရှေးဆန်လှသော ကျွန်း၏ တံငါရွာကလေးမှာ အရင်လို ခနီ၊ ဝါးတဲ ကလေးတွေမဟုတ်တော့ဘဲ ပျဉ်ထောင်၊ သွပ်မိုးတွေနှင့်ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအပြင် ဖယောင်းတိုင်၊ မီးအိမ်ကလေးတွေကို အားကိုးပြုပြီး နေခဲ့ကြသူတွေမှာလည်း ယခုအခါ မီးစက်၊ တတ္တရီမီးတွေ အစားထိုးအသုံးပြုကြပြီဖြစ်သည်။

ယခင်ဝါးဖြင့်လုပ်ထားသော ကူးတို့ဆိပ်မှာလည်း သစ်သားဖြင့် အခိုင်အခံ့ဖြစ်နေလေပြီ။ စီးသည်တင်ဆောင်လာသော စက်လှေကလေး ကူးတို့ဆိပ်ကို ကပ်လိုက်တာကြောင့် အပေါ် သို့တက်ခဲ့ရင်း ကမ်းပေါ်သို့မျက်လုံးဝေ့ကြည့်လိုက်တော့ ဒေါင်းလူ ငယ်စဉ်က ရှိခဲ့ဖူးသော ဒေါ်ချိန်အကြော်တဲကလေးကို လုံးလုံးမတွေ့ရတော့ဘဲ ထိုနေရာတွင် စားသောက်ဆိုင်၊ ထမင်းဆိုင်တွေဖြစ်နေတာကို မြင်နေရသည်။

"ငါ့ရွာမှ ဟုတ်ရဲ့လား၊ အင်းလေ ခေတ်ကြီးရဲ့တိုးတက်မှုတွေက ပြောင်းလဲမှု မြန်နေတော့ ဒီလောက်တော့ရှိမှာပေါ့"

ဒေါင်းလူသည် လမ်းဘေးဝဲယာတွေကိုကြည့်ပြီး ရွာလမ်းအတိုင်း လျှောက်လာပေမဲ့ သူ့ကိုလှမ်းပြီးနှုတ်ဆက်မယ့်သူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပေ။ ဒါပေမဲ့ တချို့လူတွေကို ဒေါင်းလူ သိနေသည်။

လူ့လောကကြီး လူ့ဘဝကြီးသည် မယုံနိုင်အောင် ပြောင်းလဲခြင်းများစွာရှိနေတတ်ခြင်းကြောင့် ဒေါင်းလူ့ဘဝလည်း ကံကြမ္မာတစ်ကွေ့မှာ လိုက်ပါသွားခဲ့ရသူပင်ဖြစ်၏။





မိဘမဲ့အသိုင်းအဝိုင်းမဲ့စွာနဲ့ ကြီးပြင်းခဲ့ရသော ဒေါင်းလူအတွက် ဗုဒ္ဓရိပ် သာသနာရိပ်အောက်တွင်အေးချမ်းလှပေသည်။

သို့သော်လည်း လူတွေ၏ အထင်သေးမှု၊ နှိမ့်ချမှုအောက်တွင် ခါးသီးစွာ ရင်စည်းခံရင်း ခရောင်းလမ်းကို ဖြတ်ကျော်ခဲ့သူဖြစ်သည်။

ထိုအကြောင်းတွေကို မမေ့ဘဲ အမြဲတမ်းသတိတရနှင့် အမှတ်ရနေချင်သူတစ်ဦးပါ။ ဖြစ်နိုင်ရင် ကုန်ဆုံးခြင်းရက်စွဲဟောင်းတွေပေါ်မှာ ဆော့ကစားနေသော ကလေးတစ်ယောက်သာဖြစ်ချင်သူ။

ရွာလေးထဲသို့ မဝင်ခင် ရွာထိပ်အဝင် သပြေညိုပင်ကြီးအောက်တွင် ထိုင်လိုက်ပြီး သောင်ပြင်ကြီးကိုငေးကြည့်ရင်း အတိတ်၏ လိုက်ကာနောက်သို့ပြေးဝင်သွားမိတော့သည်။

ပင်လယ်ပြင်ကြီးမှ မသတ်နိုင်ခဲ့သော လူတစ်ယောက်ဟာ ဒေါင်းလူဆိုရင် မမှား၊ လသားအရွယ် ကလေးတစ်ယောက်ကို ဖော့သေတ္တာလေးတစ်လုံးနှင့် ပင်လယ်ပြင်ကြီးတွင် မျောပါရင်း ဤကျွန်းလေးကို ရောက်ခဲ့သူ၊ သူ၏ မိဘတွေမှာ ဘယ်သူဘယ်ဝါတွေဆိုတာတော့ ဘုရားသခင်မှတစ်ပါး တခြားသူ မသိနိုင်၊ လသားအရွယ် ဒေါင်းလူအနေနှင့် မိခင်၊ ဖခင်ကို ဘယ်နည်းနဲ့မှ သိနိုင်မည်မဟုတ်၊

သူ့ကို လူတစ်ယောက်အဖြစ် အသက်ရှင်သန်ခွင့်ပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမကြီးဒေါ်ခင်ခင်သည်သာ ဒေါင်းလှ၏ မိခင်ဖခင်အဖြစ် မေတ္တာရိပ်တစ်ခုဖြင့် မိုးကာပေးခဲ့သူဖြစ်သည်။ မုဆိုးမ ဒေါ်ခင်ခင်မှာ ဒေါင်းလှမှလွဲပြီး သား၊ သမီးမရှိတာမို့ သူ့ရင်တွင်းမှ မွေးဖွားခဲ့သော သားရင်းပမာ ထွေးပိုက်ထားခဲ့သည်။

ကံဆိုးခြင်းမှ ကံကောင်းခြင်းလက်ဆောင်တစ်ခုကို ဒေါင်းလှ ပိုင်ဆိုင်ခွင့်ရခဲ့ပေမယ့် ထိုကံကောင်းခြင်းသည် ဒေါင်းလှ (၅) နှစ်သားအရွယ်တွင် ကံဆိုးခြင်းထံသို့ လက်လွှဲပေးလိုက်ရပြန်သည်။

ဒေါ်ခင်ခင်တစ်ယောက် ပင်လယ်ငါးရွေးရတဲ့အလုပ်ကိုလုပ်ကိုင်ရင်း ပင်လယ်ငါးတစ်ကောင်ရဲ့ ဆူးတောင် စူးမိရာမှ အနာဖြစ်အဖျားဝင်ပြီး နောက်ဆုံးတိမ်းပါးရသော အခြေအနေအထိကို ရောက်ခဲ့ရသည်။

မိဘမဲ့သွားသော ဒေါင်းလှတစ်ယောက်ကို တစ်ရွာလုံးမှ ကယ်တင်မည့်သူ မရှိခဲ့ပေ။ နောက်ဆုံးဆရာတော်ဘုရား၏ ကယ်တင်ခြင်းကြောင့် သာသနာ့အရိပ်အောက်တွင် ဆက်လက်ရှင်သန်ခွင့်ရခဲ့သည်။

လူရယ်လို့ဖြစ်လာကတည်းက ကြမ်းတမ်းသော လှိုင်းကြီးတွေ ကြားမှာ အသက်တစ်ချောင်း ရှင်သန်ခဲ့ရသလို ဘဝကိုလည်းခက်ခဲစွာ လျှောက်လှမ်းခဲ့ရသူ၊ ဗုဒ္ဓတရားတွေက မခမ်းခြောက်၍သာ





ဒေါင်းလှ ဘဝအသက်ရှင်ခွင့်ရနေခြင်းသာဖြစ်သည်။ လောကကြီးကို မကျေနပ်စရာတော့မရှိပါ။ အရာရာတိုင်းဟာ ကံကြမ္မာ၏အလိုတော်အတိုင်းဖြစ်ခဲ့ရတာမဟုတ်လား...

ဒေါင်းလှတစ်ယောက်သာလောကကြီး၏ ကံဆိုးခြင်းဘွဲ့ကို ရထားခြင်းမဟုတ်၊ သူနှင့်အတူ ကံကြမ္မာမတူပေမဲ့ ဘဝတူတစ်ယောက်ကတော့ ခါးခါး ... ဖခင်ဖြစ်သူကခါးပြ...သက်ဆိုင်ရာနှင့် ထိပ်တိုက်တွေ့ပြီးအဖမ်းမခံဘဲ ပြန်ခုခံရင်းနှင့် သေဆုံးခဲ့ရသည်။ မိခင်ဖြစ်သူက ဖခင်ကြီးသေဆုံးသွားပြီးနောက်မှာ သူ့ကိုဘုန်းကြီးကျောင်းတွင် အပ်နှံကာ ထွက်သွားခဲ့သည်မှာ ဘယ်ရောက်မှန်းပင်မသိရတော့၊ ဘုန်းကြီးကျောင်းတွင်ခဏဆိုပြီး အပ်ခဲ့စဉ်က ခါးခါးတစ်ယောက်(၃) နှစ်သားအရွယ် ခုဆိုရင် ဒေါင်းလှရော ခါးခါးပါ (၁၈) နှစ်သား အရွယ်တွေကိုပင် ရောက်နေကြပြီဖြစ်သည်။

"ဆွမ်းတော်ချိူ့"

နောင်...ဝေ...ဝေ...

ဒေါင်းလှနှင့် ခါးခါးတို့၏ နေ့စဉ်ရွာလမ်းအတိုင်းဆွမ်းခံထွက်ရာမှ ကြားရသောအသံဖလေးပင်ဖြစ်၏။ ခါးခါး ရှေ့ကနေအော်ပြီး ကြေးစည်လေးထုသလို နောက်မှ သပိတ်နှင့်ဆွမ်းချိုင့်ကို ကိုင်ပြီး လိုက်ရသူက ဒေါင်းလှ... ကျောင်းတွင် ဦးပဥ္စင်းတွေ တခြားရွာကို ကြွရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမျိုးဆိုရင်တော့ တစ်ပါးပါးလိုက်ကြွပေးလေ့ရှိပြီး တခြားရွာကို အကြောင်းကိစ္စတွေကြောင့် ကြွရတဲ့အခါ ဒေါင်းလူနှင့်ခါးခါးတို့သာ ရွာထဲကို ဆွမ်းခံထွက်ကြရသည်။

"ခါးခါး... ရှေ့နားမှာ သတိထားနော်၊ အောင်နက်ကိုက်ဦးမယ်"

"အေးပါကွာ.."

အောင်နက်ဆိုသော ခွေးမှာ ရွာလူကြီးဦးအောင်မောင်း မွေးထားသော ခွေးဆိုးတစ်ကောင်ဖြစ်သည်။ အောင်နက်ကြောင့် ရွာထဲတွင်အကိုက်ခံရသူတွေ မနည်းတော့ပေ။ ဒါပေမဲ့ ရွာလူကြီးခွေးဖြစ်နေတာကြောင့် ဘယ်သူမှ မထိရဲကြပေ။ ထိုခေတ် ထိုအခါက မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကာလဖြစ်နေတာကြောင့် ရွာကို အုပ်ချုပ်သော သူကြီးတို့၏ ဩဇာအာဏာမှာ ထက်မြက်ကြသည်။ အထူးသဖြင့် ဒေါင်းလူတို့၏ ကျွန်းလေးမှာ ခေတ်အဆက်ဆက်က အမဲရောင်နယ်မြေတစ်ခုအဖြစ်သတ်မှတ်ခံထားရပြီး ပင်လယ်ဓားပြတွေ၊ သူပုန်တွေ ခြေချရာနေရာဖြစ်ခဲ့၏။ စစ်တပ်တက်လာပြီးနောက်ပိုင်းမှသာ စစ်ဆင်ရေးတွေလုပ်ကာ ကျွန်းလေးကို ပြန်လည်သိမ်းပိုက်ထားခြင်းဖြစ်သည်။

တစ်ချိန်က သူပုန်၊ ဓားပြတွေ နေထိုင်ခဲ့သောရွာကလေးဖြစ်





တာကြောင့်လည်း စစ်တပ်မှ ဒေါင်းလူတို့ရွာပေါ်မှာ အလစ်မပေးသလို အုပ်ချုပ်ရေးကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်သည်။ ဒါကလည်း စစ်တပ်အုပ်ချုပ်ရေးကို အပြစ်တင်လို့မရ၊ ရွာမှာနေထိုင်ကြသူများသည် ပညာမဲ့လူတန်းစားတွေများပြီး ပင်လယ်ပြင်၌သာ ဘဝကိုအဆုံးသတ်ကြသူတွေဖြစ်တာကြောင့် အသိဉာဏ်နည်းပါးကြပြီး စရိုက်လက္ခဏာတွေမှာ ကြမ်းတမ်းလှသည်။ တစ်ဦးပေါ်တစ်ဦး လူမိုက်ဆန်မှာ ဆက်ဆံရေးသည် ယဉ်ကျေးမှုတစ်ခုလိုပင်ဖြစ်နေ သည်။ ငွေကြေးအင်အား တောင့်တင်းသူက အုပ်စုဖွဲ့ပြီး ထင်ရာစိုင်းကြ နှင့် ရာဇဝတ်မှုထူပေါသော ရွာလေးလို့ပင်ဆိုရမည်။

စစ်တပ်မှ တာဝန်ယူနေချိန်မှာတောင် ရာဇဝတ်မှုတွေက မကြာခဏ ပေါ်ပေါက်နေဆဲ၊ အဆိုးဆုံးပြဿနာမှာ ရွာကိုအုပ်ချုပ်တဲ့ ရွာလူကြီးတွေမှာ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး ရွာသားတွေပေါ်မှာ အနိုင်ကျင့်မှုဖြစ်သည်။

ခုလည်း ရွာလူကြီးဦးအောင်မောင်း၏ခွေးမှာ ဆိုးသွမ်းပြီး လူတကာကို ဒုက္ခပေးနေတာတောင် ဘယ်သူမှ မသတ်ရဲဖြစ်နေသည့် အခြေအနေ..

"ဝုတ်..ဂီး..."

"ဒေါင်း...ဒေါင်းလူ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…ခါးခါး…မပြေးနဲ့"

အောင်နက် ခါးခါးနောက်သို့အတင်းလိုက်ပြီးဆွဲတာကြောင့် ခါးခါးထွက်ပြေးရင်း ခလုတ်တိုက်ကာလဲကျသွားသည်။

"လုပ်ကြပါဦး…ကျွန်တော့်သူငယ်ချင်းကို ကယ်ပါဦး…"

ဒေါင်းလူ့အော်ဟစ်အကူအညီတောင်းပေမဲ့ဘယ်သူမှခွေး ကိုထွက်ပြီးမမောင်းနဲ့ကြ မသိသလိုကြည့်နေကြသဖြင့် ဒေါင်းလူ သပိတ်နှင့် ဆွမ်းချိုင့်ကိုအောက်ချပြီးဘေးမှတွေ့ရသော ဝါးဆစ်ပိုင်းကို ကောက်ယူကာ ခါးခါး၏ခြေထောက်ကိုကိုက်ပြီး ဆွဲခါနေသော အောင်နက်၏ခေါင်းကို မျက်လုံးစုံမှိတ်ပြီး ရိုက်ချလိုက်သည်။

"ဖြောင်း…ဂိန်…ဂီး…"

ဒေါင်းလူ့ရိုက်ချက် မှာ ချက်ကောင်းကို ထိသွားသဖြင့် အောင်နက်မှာ တစ်ချက်တည်းသာအော်နိုင်ပြီး ခွေကျသွားတော့သည်။

"ခါးခါး"

"ဒေါင်းလူ…ငါ့ခြေထောက်…အီး…အား…နာတယ်ကွာ"

"မင်းခဏနေဦး"

ချထားသော ဆွမ်းချိုင့်နှင့် သပိတ်ကို ဒေါင်းလူပြန်ယူပြီး ခါးခါးကို တစ်ဖက်မှတွဲကာ ဘုန်းကြီးကျောင်းသို့ပြန်ခဲ့ကြသည်။ တနား မှကင်းမဲ့လှသော ရွာသူရွာသားတွေကတော့ သူတို့နှင့် မသက်ဆိုင်





သလိုပင်မျက်နှာလွှဲကာ နေ့နေကြသည်။ အောင်နက်ကို ရိုက်လိုက်သော ဒေါင်းလူ့ကို ရွာလူကြီးဦးအောင်မောင်း၏အပြစ်ဒဏ် စံရမည့်လူ အဖြစ် ကြည့်နေသူလည်းရှိသည်။ ကျောင်းထဲကိုဝင်တော့…

"ဟာ…မောင်ခါး…ဘာဖြစ်တာလဲ"

ကပ္ပိယကြီး ဦးလေးအောင်ရေနွေးအိုးတည်နေရာမှ ပြေး ထွက်ပြီး ခါးခါးကို တွဲလိုက်သည်။

"ဦးအောင်မောင်းအိမ်က ခွေးကိုက်လိုက်တာ"

"ဟာကွာ ဆရာတော်ကလည်း ဟိုဘက်ရွာကို ကြွသွား တယ်၊ ဆေးတွေဘာတွေက ဆရာတော်ဆီမှာပဲရှိတာ လောလော ဆယ် ရှိတဲ့ဆေးထည့်ပြီး ပတ်တီးစည်းထားလိုက် ဒီခွေး ဒုက္ခပေးတာ လူ တော်တော်များနေပြီ"

"နောက်တစ်ခါလူတွေကို ဒုက္ခမပေးနိုင်တော့ပါဘူး"

"ဟေ…ဘာလို့လဲကွ"

"ကျွန်တော် တစ်ခါတည်း ရှင်းလိုက်ပြီ"

"ဘာ…ဒေါင်း…ဒေါင်းလူ…မင်း…ဦးအောင်မောင်းခွေးကြီးကို သတ်လိုက်တယ်ပေါ့"

"ဟုတ်တယ် ဦးလေးအောင် ဝါးဆစ်ပိုင်းနဲ့တစ်ချက်တည်း ရိုက်လိုက်တာ ပြန်ထမလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းရောကွာ…ပြဿနာကတော့ စပြီ ဆရာတော်ရောက်လာမှပဲ ရှင်းကြတာပေါ့"

ခါးခါးကိုကျောင်းဆောင်ထဲ တွဲခေါ်ပြီး ဓွေးကိုက်ဒဏ်ရာကို ဆေးထည့်ဆေးစည်းပြီး အိပ်ရာပေါ်တွင်လှဲနိုင်းကာ ဒေါင်းလူလုပ်စရာရှိတာတွေ လုပ်လိုက်သည်၊ ကပ္ပိယကြီးဦးလေးအောင်ကတော့ ဆရာတော်ကြီးအခန်းမှ ရှင်းစရာရှိတာတွေရှင်းနေသလို ဒေါင်းလူ ခွဲထားသော ထင်းတွေကို မီးဖိုဆောင်ဘက်သို့သွင်းနေစဉ်…

"ဟေ့…လေးအောင်…"

"ဟာင်"

ကျောင်းရှေ့တွင် ရွာလူကြီးဦးအောင်မောင်းနှင့်အတူ လက်ရုံးတပည့်ကျော်တွေဖြစ်သော မုတ်ကြီးနှင့် ချက်စုတို့ပါ လိုက်လာတာကို တွေ့လိုက်ရသည်၊

"ဦးအောင်မောင်း ဘာကိစ္စရှိလို့လဲ ဆရာတော်ကြီးက တစ်ဖက်ရွာကိုကြွသွားတယ်"

ဦးအောင်မောင်းဘာကြောင့်ရောက်လာသည်ကိုဦးလေးအောင်သိပေမဲ့မသိချင်ယောင်ဆောင်ပြီး မေးလိုက်ခြင်းဖြစ်သည်၊

"ဆရာတော်ဆီကိုလာတာ မဟုတ်ဘူးကွ… ငါ့ခွေးသတ်သွားတဲ့ကောင်ဆီကိုလာတာ"





"ခြော်…ဦးအောင်မောင်းရယ် ကလေးကတမင်လုပ်တာမှမဟုတ်တာ…သူ့ငယ်ချင်းကိုကိုက်နေလို့ဝင်ပြီးရိုက်ရတာပဲ"

"ဘာစကားမှ ပြောမနေနဲ့ ဒီကောင်ကိုကောင်းကောင်း ဆုံးမရမယ်"

"ဦးအောင်မောင်း…ဒါကတော့ မဖြစ်သင့်တဲ့ကိစ္စပဲဗျာ"

"လေးအောင် မင်းပါးစပ်ကို ပိတ်ထားမလား"

"မပိတ်နိုင်ဘူး ဒီကလေးမှာကာမိဘတွေ ရှိတာမဟုတ်ဘူး သူတို့ရဲ့မိဘဆိုတာ ဆရာတော်ကြီးပဲ ဆရာတော်ကြီးမရှိရင် ကျုပ်ကမိဘပဲ ခင်ဗျားလက်လွှတ်စပယ် လုပ်ပိုင်ခွင့်မရှိဘူး…ခင်ဗျားမကျေနပ်ရင် ဆရာတော်ကြီးရောက်လာမှ လာပြီးရှင်း"

"မုတ်ကြီးနဲ့ ချက်စု ဒီကောင့်ကိုပညာပေးလိုက်စမ်း"

"ခင်ဗျားတို့သာသနာ့မြေပေါ်မှာ လုပ်ရဲရင်လုပ်ကြည့်လေ…အသက်ချင်းလဲလိုက်မယ်"

သာသနာ့မြေဆိုသောစကားကြောင့် မုတ်ကြီး နှင့် ချက်စုတို့ ရှေ့ကိုမတိုးရဲကြတော့ပေ၊ ဆရာတော်ကြီးမှာ ရပ်ရေးရွာရေးကိစ္စများ ကိုဝင်ရောက်စွက်ဖက်ခြင်းမပြုသော်လည်း သာသနာ့မြေပေါ်မှာ ဘာကိုမှအမှားမခံ၊ ဥပဒေမဲ့ကျူးလွန်သူတွေရောက်ခဲ့ရင်တောင် ဆရာတော်ကြီးကိုယ်တိုင် သက်ဆိုင်ရာကို အပ်နှံသူဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကထိုကျွန်းပေါ်တွင် လူဆိုး၊ လူမိုက်၊ ဒုစရိုက်အဖွဲ့တွေ ကြီးစိုးစဉ်ကလည်း ဆရာတော်ကြီးကျောင်းကိုထိပါးရဲသူမရှိ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော ရွာလူကြီးတွေလည်း ဆရာတော်ကြီးကို ရိုသေကြောက်ရွံ့ကြသည်၊ ထိုထဲတွင် ရွာလူကြီးဦးအောင်မောင်းတို့ သားအဖ ကတော့ ဆရာတော်ကြီးကို မလေးမစားပြုသူတွေဖြစ်၏၊ သို့သော်လည်းကျောင်းပရိဝုဏ်သို့ဝင်ရောက်ပြီး စော်ကားခြင်းတော့ မပြုရဲပေ၊

ဆရာတော်ကြီးနှင့် ဦးအောင်မောင်းကြားတွင် အငြိုး အတေးဖြစ်စေခဲ့သော ပြဿနာတစ်ရပ်ရှိသည်၊ ထိုပြဿနာကိုမီးမွှေးခဲ့သူက ဦးအောင်မောင်း၏သားဖြစ်သူ မင်းအောင်မောင်းပင် ဖြစ်သည်၊

ဆရာတော်ကြီးကျောင်းပရိဝုဏ်အတွင်း ငှက်ဝင်ပြီးပစ်တာကိုဆရာတော်ကြီးမှ ခေါ်ပြီးဆုံးမခဲ့တဲ့ပေါ် မှာ ဦးအောင်မောင်း ဆရာတော်ကြီးအပေါ် မှာ အငြိုးထားခဲ့ခြင်းဖြစ်သည်၊

"ခွေးကလူကိုအကြောင်းမဲ့ကြီးဝင်ပြီးကိုက်တာကိုပြဿနာလာပြီးရှာတာတော့ အရမ်းကိုလွန်နေပြီ အောင်မောင်း...ပြီးတော့ ကလေးတွေက အလကားလျှောက်ပြီးသွားနေကြတာလည်း မဟုတ်ဘူး၊ ဆွမ်းခံ နေကြတာဗျ..."





"လေးအောင်...မင်းနဲ့ တွေ့ကြဦးမှာပေါ့ကွာ..အောင်မောင်းကိုအနိုင်တုဝံ့တဲ့ကောင်တွေရဲ့သမိုင်းကြောင်းမကောင်းဘူးဆိုတာ မင်းသဘောပေါက်ထားလိုက်...လေးအောင်"

"လေးအောင်နောက်မှာ ဘာမှမရှိဘူး...လေးအောင်ရှေ့မှာ တစ်ခုပဲရှိတယ် အဲဒါ သေခြင်းတရားပဲ...အောင်မောင်း မင်းယုတ်မာမှုတွေကိုကြောက်တတ်တဲ့အထဲမှာ ငါမပါဘူး..."

"မှတ်ကြီး"

"ဗျာ...ဆရာ"

"သွားမယ်...တောက်"

ဦးအောင်မောင်းတစ်ယောက် ဒေါသတကြီးနဲ့ပြန်ပြီးထွက်လာခဲ့ရင်းလမ်းတွင်...

"မှတ်ကြီးနဲ့ ချက်စူ မင်းတို့ဘာလုပ်ရမယ်ဆိုတာ သဘောပေါက်လား"

"သဘောပေါက်ပြီးသားပါ...လေးအောင်ကို ပညာပေးရမှာမဟုတ်လား"

"ပညာပေးရမှာ မဟုတ်ဘူး"

"ဟင်...ဒါဖြင့်...."

"အပြတ်ရှင်းပြီး ပင်လယ်ထဲငါးစာကျွေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ကဲ့"

"ဟို...ဟို..ဆရာ...စစ်..စစ်တပ်"

"ဒီအတွက်ဘာမှခေါင်းထဲမထားနဲ့ ငါ့ဘက်ကစ္စတွေကို

ငါနိုင်တယ်...လေးအောင်ကိုရှင်းပြီးတာနဲ့ ဟိုမဒ်ဘာကောင်လေးကိုပ

ရှင်းရမှာ"

"ခေါင်းလူလား...ဆရာ"

"ဒင်းကြောင့် ငါ့အချစ်တော်ခွေးသေရတာ..."

"ဆရာ့ကိုတစ်ခုတော့ သတိပေးရမယ်"

"ဘာကိုလဲ"

"ဆရာတော်ကြီးက သူ့တပည့်ကိစ္စကိုသိသွားရင်တော့

လွယ်ဘူးနော်"

"ဟား...ဟား...ဟား...အောင်မောင်းသူကြီးပါကွ မပိုင်ရင်

ဘာမှမလုပ်ဘူးမင်းတို့ဘက်ကသာ လက်စဖြေစပြတ်အောင်လုပ်ကြ

ရွာဘုန်းကြီး စကားတစ်ခွန်းတောင်မဟာရဲပါဘူး..."

"ဒါနဲ့ ဒီနစ်ရွာကထိန်အတွက် ဆရာ ဦးမဆောင်တော့ဘူး

လား"

"ငါကဘာကိုဦးဆောင်ရမှာလဲ...ဘုရားလူကြီးတွေရှိနေတာ

ပဲ၊ သူတို့လုပ်တာကိုကြည့်နေရုံပဲလေ..ခေါင်းရှုပ်မခံဘူး..."





ဦးအောင်မောင်းတစ်ယောက် အကုသိုလ်တွေပြည့်ဖုံးပြီး ဘာသာရေး၊ သာသနာရေးတွေကိုပင် ခေါင်းထဲတွင်မရှိတော့ပေ။ သူ့ဘဝအတွက် အကျိုးအမြတ်တွေရနိုင်မည့် မတရားမှုတွေ၊ အဂတိလိုက်စားမှုတွေ၊ အနိုင်ကျင့်မှုတွေနှင့် ကျေနပ်ပီတိဖြစ်နေသူပင်ဖြစ်သည်။

မိစ္ဆာဝါဒသမားတစ်ယောက်ဘဝကိုလောဘ၊ မောဟ တရားတွေနှင့်ရောက်ခြင်းမလှ ရောက်သွားပြီဖြစ်သည်။

■■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

မောင်ရီရိုးဖျုပင်လယ်ဝအတွက်မြစ်ရိုးလေးအတိုင်း ဒေါင်းလှနှင့် ဦးလေးအောင်... ဆရာတော်ကြီးခိုင်းလိုက်သော တစ်ဖက်ရွာကိုသွားပြီးအပြန်ခရီးလေးပင်ဖြစ်သည်။

မြောက်လေကြမ်းလေးတွေက အဆက်မပြတ်တက်နေတာကြောင့် ဒေါင်းလှ...လှေဦးတွင် ခေါင်းလေးတင်ပြီး မေးကာလိုက်လာခဲ့သည်။

"ဦးလေးအောင် နားရင် ကျွန်တော်လှော်မယ်နော်.."

"ရပါတယ်ကွာ၊ မင်းဘာသာ မေးပြီးသာလိုက်ခဲ့...မောင်ဒေါင်း"

"ဗျာ..."

"မင်းခုရက်ပိုင်းညဘက် ရွာထဲကို မသွားနဲ့နော်"

"ဟုတ်ကဲ့၊ မသွားပါဘူး၊ ခါးခါး ခြေထောက်က သိပ်ပြီးမကောင်းသေးတာနဲ့ မသွားဖြစ်တာကြာပြီ"





"အောင်မောင်းဆိုတဲ့ကောင်က မြွေခွေးလိုကောင်ကွ"

"သူကမြွေခွေးဆိုတော့ သူ့သားမင်းအောင်မောင်းက ဝံပုလွေပေါ့"

"သိပ်ဟုတ်တာပေါ့၊ မြွေခွေးသားလို့မပြောရဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မြွေခွေးလိုကောက်ကျစ်တဲ့ရုပ်"

ဒေါင်းလှတို့ကျွန်းလေးဆီသို့ မြစ်ရိုးလေးအတိုင်းလှော်ခတ်ပြီး ချောင်းလက်တက်လေးတစ်ခုမှ သွားရတာဖြစ်၏၊ ထိုချောင်းရိုးလေးမှာ တောတန်းကြီး (၂)ခုကြားမှာ ရှိနေတာကြောင့် လူသူကင်းသည်၊ တစ်ချိန်က သူပုန်တွေ၊ ဓားပြတွေ၊ ရာဇဝတ်မှုကျူးလွန်ပြီး ခိုအောင်းသောနေရာတစ်ခုလည်းဖြစ်သည်၊ ယခုနေ့တိုင် ထိုနေရာကိုအကြောင်းကိစ္စမရှိဘဲ သွားလာမှုမပြုကြပေ။

ပင်လယ်ပြင်ကြီးထဲတွင် နေလုံးကြီးမှာ စုံးစုံးပျောက်ကွယ်သွားပြီး အမှောင်ထုမှ ကြီးစိုးနေလေပြီဖြစ်သည်၊

"ကျွီ...ကျွီ... ကျွီ..."

ဒေါင်းလှ ပါထပြီးလှော်တက်တစ်ခုကို ကိုင်ကာ တက်ညီလက်ညီလှော်ခတ်နေတော့၏၊ ကျရေဖြစ်နေတာကြောင့် အားစိုက်ပြီးလှော်ခတ်နေရသည်၊

"မောင်ဒေါင်းရေ... ရှေ့နားက တွေ့မှာသတိထားကွ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်"

"ဟုတ်ကဲ့.."

"ဘုတ်...ဘုတ်.."

"ဟင်...."

အဝေးဆီမှ စက်တပ်ထားသော လှေသံကိုကြားလိုက်ရခြင်းပင်ဖြစ်သည်။ ထိုအချိန်ထိုကာလတွင် စက်တပ်ထားသော လှေတွေကို အသုံးပြုသူမှာ အာဏာပိုင်အဖွဲ့အစည်းတွေနှင့် ရှာလှကြီး၊ သူဌေးများသာ ရှိတတ်ကြသည်။

"မောင်ဒေါင်း... ဘေးကပ်ပြီးလှော်ပေဟ့၊ ဒီကောင်တွေက မီးမပါရင် စွတ်မောင်းတာ"

"ဟုတ်ကဲ့"

ချောင်းကမ်းနံဘေးဘက်မှ အလင်းမှုန်ဝါးဝါးလေးကို အားကိုး ပြုပြီးလှော်ခတ်လာကြသည်။ ဦးလေးအောင် စိတ်ထဲတွင် ကြားနေရသော စက်လှေနှင့် ပတ်သက်ပြီး သံသယဖြစ်သလို ခံစားမိတာတော့ အမှန်၊ စက်လှေစက်သံမှာ တဖြည်းဖြည်းချင်းနီးနီးကပ်ကပ်ကိုကြားနေရပြီ၊

"မောင်ဒေါင်း.."

"ဗျာ.. ဦးလေးအောင်"





"လှေကို ကမ်းကိုကပ်လိုက်တော့"

"ဘာ...ဘာဖြစ်လို့လဲ ဦးလေးအောင်"

"ဘာဖြစ်မယ်ဆိုတာ ငါမသိဘူး၊ စိတ်ထဲမှာ တစ်မျိုးဖြစ်နေလို့ ဘမ်မှာသာ ကပ်လိုက်ကွာ"

"ဟုတ်...ဟုတ်ကဲ့"

လှေကလေးကို ကမ်းဘက်ကပ်လိုက်ပြီး ချောင်းကမ်းပေါ်မှ ချောင်းထဲသို့ ထိုးကျနေသော လမုပင်ကိုင်းကို ကိုင်ထားလိုက်ကြသည်၊

"ဝူး...ဘုတ်...ဘုတ်..."

"ဟို...ဟိုမှာဟေ့"

စက်လှေပေါ်မှ ဓာတ်မီးရောင်ရောင်တွေနှင့် ထိုးလိုက်တာ ကြောင့် မျက်လုံးများပြာဝေသွားသည်၊ ထိုအခြေအနေ ဦးလေးအောင် သဘောပေါက်လိုက်ပြီး...

"မောင်ဒေါင်း.. ကမ်းပေါ်ကိုတက်တော့"

"ဦးလေးအောင်.."

"စကားရှည်မနေနဲ့တော့၊ ငါတို့ကို ဒုက္ခပေးမယ့်ကောင်တွေ"

"ဗျာ.."



www.burmeseclassic.com

www.burmeseclassic.com



"တက်..တက်တော့.."

ဒေါင်းလူ..ရှေ့ကနေတက်ပြီးနောက်မှဦးလေးအောင် လိုက်တက် သလိုစက်လှေပေါ်မှလူတွေလည်း ကမ်းထိုးကပ်ပြီးတက်လိုက်လာကြသည်၊ ဒေါင်းလူတို့ ကမ်းနံဘေး တောတန်းအတိုင်းဆက်ပြီး ပြေးခဲ့ရတော့သည်၊ တောမှာဒီရေအတက်အကျတွေရှိနေတာမို့ရွှံ့တွေကြောင့်ရွှံ့ဗွက်ထဲတွင်ရုန်းကန်ပြီးပြေးကြရ၏။

"သေနတ်ကိုမသုံးနဲ့ဟေ့၊ဓားနဲ့လှံတွေပဲသုံး"

နောက်မှ လိုက်သူတွေထံမှ ကြားလိုက်ရသောအသံဖြစ်သည်၊ဒေါင်းလူမှာလူငယ်ဖြစ်တာကြောင့်ပြေးလွှားနိုင်ပေမဲ့ဦးလေးအောင်မှာအသက်အရွယ်ကြီးရင့်ပြီဖြစ်တာကြောင့်အမောဖောက်လာနေပြီ

"ဒုတ်...အား..."

"ဟာ...ဦးလေးအောင်"

"မောင်..ဒေါင်း...ဆက်ပြီးပြေး"

ဦးလေးအောင် ခြေထောက်တွင် ဓုတ်ဆူးသွားပြီး ဆက်ပြီး မပြေးနိုင်တော့ပေ၊

"ကျွန်တော်တွဲမယ်"

"မောင်ဒေါင်း..ငါ့စကားကို နားထောင်စမ်း၊ငါတို့နှစ်ယောက် ထဲကတစ်ယောက်အသက်ရှင်ဖို့လိုအပ်တယ်၊မင်းလွတ်အောင်ပြေး၊





ဆရာတော်ကြီးဆီကိုရောက်အောင်သွား..သွား..သွားတော့"

"ဦးလေးအောင်"

ဒေါင်းလူကို အတင်းတွန်းလွှတ်ပြီး ဦးလေးအောင် သစ်ပင်ကို မှီပြီး ကျန်ရစ်ခဲ့တော့သည်၊

"ဟိုမှာ အဘိုးကြီး မပြေးနိုင်တော့ဘူး၊ ဟိုခွေးကောင်လေးကိုရအောင် ရှာကြ..မလွှတ်စေနဲ့"

"အား.."

"ဟာ..."

ဒေါင်းလူ နောက်ဘက်မှ ကြားလိုက်ရသော အသံမှာ ဦးလေးအောင်၏ အသံပင်ဖြစ်သည်၊ ဦးလေးအောင်ကို လူရမ်းကားတွေရက်စက်ယုတ်မာလိုက်ကြပြီဆိုတာကို သဘောပေါက်လိုက်ရင်း နောက်ကိုပင်လှည့်ကြည့်ချိန်မရတော့ဘဲ လွှတ်အောင်ပြေးနေရတော့သည်၊

"ရှေ့မှာချောင်း..."

ထိုချောင်းမှာ ရေနက်ချောင်းဖြစ်၍ ကျောက်ဆူး၊ ကျောက်ဆောင်တွေပေါ်များပြီး ရေစီးသန်လှသော ချောင်းဖြစ်သည်၊ ထိုချောင်းထဲကို လူချည်းသက်သက် မဆိုထားနှင့် လှေနှင့်တောင် သွားလာလို့ အန္တရာယ်ကြီးသော ချောင်းဖြစ်သည်၊ ပြီးတော့ သားရဲရေ



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေ ပေါများပြီး ချောင်းထဲသို့ရောက်သွားလျှင် အသက်ရှင်ဖို့ တောင် မလွယ်ကူသောချောင်းနက်ဖြစ်၏။

"ငါ..ဘာဆက်ပြီးလုပ်ရမလဲ"

ဒေါင်းလူ နောက်ဆုံးအချိန်ကိုရောက်နေပြီဖြစ်တာကြောင့် မဖြစ်မနေ ရွေးချယ်ရတော့မည်ဖြစ်သည်။ သူ့အတွက်ဆက်ပြီးပြေးစရာမရှိတော့ပေ။

"ဒီလူတွေလက်ထဲမှာ အသေခံလို့မရဘူး၊ နောက်ဆုံးထွက်သက်ထိ ငါကြိုးစားရမယ်၊ ဖြစ်ချင်ရာဖြစ်တော့ကွာ.."

"ဝုန်း..."

ဒေါင်းလူ.. မျက်လုံးစုံမှိတ်ပြီး ချောင်းထဲသို့ ဒိုင်ဗင်ထိုးချလိုက်တော့သည်။ ဒေါင်းလူနောက်မှ လိုက်လာကြသူတွေကတော့...

"ကောင်းတယ်ဟေ့၊ ငါတို့သတ်စရာမလိုတော့ဘူး၊ သူ့စရိတ်နဲ့ သူ ပြီးသွားပြီကွ"

"ဆရာမှတ်.. ဟိုအဘိုးကြီးအလောင်းကို ဘယ်လိုရှင်းမှာလဲ"

"မင်းတို့နဲ့ကွာ၊ ငတုံးတွေပဲ၊ ချောင်းထဲက သားစားငါးတွေကို ဒါနပြုလိုက်ကြပေါ့ကွာ၊ သွား..သွား... လုပ်စရာရှိတာ အမြန်လုပ်"

ဒေါင်းလူ ရေပေါ်သို့ပြန်ပြီးပေါ်ချိန်ထိ သူ့ကိုရန်မူမယ့်အန္တရာယ် ငါးတွေကို မကြုံရသေးပေ။ ရေစီးမှာ အရမ်းကို သန်နေတာမို့ တစ်ဖက်





ကမ်းသို့ကိုယ်ဖော့ပြီး ကပ်လာခဲ့ရသည်။

"ဟူး.."

ကမ်းပေါ်သို့ရောက်သည်နှင့် သူ့ခြေ၊ သူ့လက်တွေကိုပြန်ပြီး စစ်ကြည့်မိ၏။ ဒေါင်းလူ တကယ်ပင် ကံကောင်းခဲ့သည်ဟုဆိုရမည်။ ညှပ်မျှ ကြောက်စရာကောင်းလှသော ချောင်းနက်ထဲတွင် သူ့ဘာတစ်ခု မှ ထိခိုက်ဒဏ်ရာမရခဲ့ခြင်းသည် သူ့အတွက် ကံကြမ္မာ၏ အကောင်းဆုံး ဖေးမမှုတစ်ခုပင် ဆိုရတော့မည်။

သူ့နောက်ကို အန္တရာယ်ပြုရန် လိုက်လာသူတွေကတော့ သူ့ကို ခုလိုအကောင်းကာပတီရှိနေမယ်ဆိုတာကိုပင် ယုံမည်မဟုတ်။

"ငါ..ကျောင်းကိုရောက်အောင်သွားပြီး ဆရာတော်ကိုအသိ ပေးရမယ်"

ဒေါင်းလူ အင်အားကုန်ခမ်းသလိုဖြစ်နေပေမယ့် အားတင်း ကာ ကုန်းရုန်းထပြီး ဘုန်းကြီးကျောင်းဘက်သို့ ပြေးလာခဲ့တော့ သည်။ သူနှင့် ဦးလေးအောင်ကို အသက်အန္တရာယ်ပြုလောက်တဲ့ထိ ရက်စက် ခဲ့သူတွေမှာ ဘယ်သူတွေလဲ၊ ဒေါင်းလူ စိတ်အာရုံထဲတွင် မြင်ယောင် လိုက်တာတော့ ရွာလူကြီး ဦးအောင်မောင်း.......။

■■



www.burmeseclassic.com

www.burmeseclassic.com

"မောင်...ခေါင်း..."

ခေါင်းလူ ကျောင်းကိုရောက်တော့ အမောဖောက်နေလေပြီ။ ဆရာတော်ကြီး သီတင်းသုံးနေသော အခန်းရှေ့တွင် ဘာစကားမှ မပြောနိုင်တော့ဘဲ လဲကျသွားတော့သည်။

"မောင်ခါး...သောက်ရေ သွားပြီးခပ်စမ်း"

"တင်ပါ့ဘုရား"

ခါးခါး သောက်ရေတစ်ခွက်နှင့်ရောက်လာပြီးမှ ဆရာတော်ကြီး ခေါင်းလူကို ဖေးမပြီး ရေတိုက်လိုက်သည်။

"ဘာတွေဖြစ်လာလဲ၊ ငါ့ကိုပြောစမ်း"

"ဟို..ဟို..ဦး...ဦးလေးအောင်ကိုလူဆိုးတွေ ချောင်းနက်တောမှာ သတ်လိုက်ကြပြီ"





"ဟင်.. ဘယ်သူတွေလဲ၊ အကြောင်းစုံကိုပြောပြစမ်း မောင်ခေါင်း.."

ခေါင်းလူ ဖြစ်စဉ်အားလုံးကို ဆရာတော်အား ပြောပြလိုက်တော့သည်။

"တကယ့်ကို လူစိတ်ကင်းမဲ့ကြပါလားကွယ်၊ ဒီကိစ္စကို ဒီအတိုင်းထားလို့မဖြစ်ဘူး ရှင်းရမယ်၊ ဥပဒေမဲ့ တရားလက်မဲ့ အလုပ်ကို ခွင့်မလွှတ်နိုင်ဘူး...မောင်ခေါင်း.."

"ဘုရား.."

"မင်းပါလိုက်ခဲ့၊ ရွာလူကြီး အောင်မောင်း ဘာလုပ်ပေးမလဲ ဆိုတာ သိရတာပေါ့"

"တင်ပါ့.."

ညဥ့်နက်နေပြီဖြစ်နေပေမဲ့ ဆရာတော်ကြီးနှင့် ခေါင်းလူ၊ ရွာလူကြီးဦးအောင်မောင်းအိမ်သို့ထွက်လာခဲ့တော့သည်။

"ဦးအောင်မောင်း.. ဦးအောင်မောင်း.."

ဆရာတော်မှ အိမ်ရှေ့ကနေ လှမ်းပြီးအော်ခေါ်လိုက်တာကြောင့် အိမ်ထဲမှ မီးအိမ်ဖြင့် ဦးအောင်မောင်းထွက်လာပြီး....

"ဟင်...ဆရာတော်ဘုရားပါလား၊ ဘာများ အရေးကိစ္စပေါ်လာလို့ကြွလာပါသလဲဘုရား..တပည့်တော်ကို ခေါ်ခိုင်းလိုက်ရော့"



www.burmeseclassic.com

www.burmeseclassic.com



"ခုကိစ္စက ခေါ်နိုင်းဖို့ထက် ဦးအောင်မောင်းကိုတွေ့ဖို့က အရေးကြီးလို့ ငါကိုယ်တိုင်ကြွလာတာ"

"အိမ်ပေါ်ကိုကြွပါဘုရား"

"မကြွတော့ဘူး၊ ခု...ငါ့ ကျောင်းက ကပ္ပိယ လေးအောင်ကို ဈောင်းနက်တောထဲမှာ လုပ်ကြံခံလိုက်ရတယ်၊ ဒါကိုလာပြီး အကြောင်းကြားတာ"

"တပည့်တော်ကို ဘယ်လိုမှ မမြင်ပါနဲ့ဘုရား၊ ဈောင်းနက်တောတန်းဟာ တပည့်တော်နဲ့ မသက်ဆိုင်ပါဘူး၊ နောက်ပိုင်း ရွာလူကြီးဦးခင်လှနဲ့သာ သက်ဆိုင်ပါတယ်ဘုရား"

"ကိုယ့်နယ်မြေမှာ နေ့ထိုင်တဲ့လူတစ်ယောက် အန္တရာယ်ဖြစ်နေတာကို မင်းအနေနဲ့အရေးယူဆောင်ရွက်ခွင့်မရှိဘူးလား"

"ဟို...ဟို...ရှိ...ရှိပါတယ်၊ ဒါပေမယ့် ကိုယ့်နယ်မြေနဲ့ ကိုယ်ဆိုတော့ သူတို့ကို အကြောင်းကြားတာ ပိုပြီးကောင်းပါတယ်"

"ကောင်းပြီ...မင်းဘက်က ခေါ်င်းရှောင်မှတော့ လုပ်စရာရှိတာ ကို ဆက်ပြီးလုပ်ရတော့မှာပေါ့၊ မောင်ခေါင်း...သွားမယ်"

"တင်ပါ့..."

ဆရာတော်သည်ဦးအောင်မောင်းမျက်နှာကိုစိုက်ကြည့်ရင်း

"ဦးအောင်မောင်း"





"တင်ပါ့ဘုရား"

"ခုကိစ္စဟာ ဘယ်သူ့လက်ချက်ဆိုတာကို သက်သေမပြနိုင်ပေမယ့်ဘယ်သူဘယ်ဝါဆိုတာတော့ ငါသိတယ်၊ ငါ့ကပ္ပိယလည်း သူ့ရဲ့ အတိတ်ရေစက်က ခုလိုဖြစ်ဖို့အထုံပါလာတယ်ဆိုတော့လည်း ဘာတတ်နိုင်မှာလဲ၊ ဒါပေမဲ့ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ခဲ့တဲ့ မတရားမှုပေါ်မှာတော့ ခေါင်းငုံ့နေမှာတော့မဟုတ်ဘူးဆိုတာ ကောင်းကောင်းကြီးသိထားပါ"

ဆရာတော် စကားကိုအဆုံးသတ်ပြီး ကျောင်းသို့ပြန်ကြွလာခဲ့သည်။ လမ်းတွင်...

"မောင်ခေါင်း..."

"ဘုရား..."

"ဒီကောင်တွေ မင်းကို ဒီအတိုင်းတော့ ထားမှာမဟုတ်ဘူး၊ ဒီနေ့ကစပြီး အပြင်ကိုမသွားနဲ့တော့"

"တင်ပါ့ဘုရား"

"ငါတို့တိုင်းပြည်မှာ ခုလို ဩဇာအာဏာကို အလွဲသုံးစားလုပ်ပြီး ဥပဒေမဲ့ လုပ်ကိုင်နေသရွေ့တော့ ခုလို မတရားမှုတွေ ဖြစ်နေဦးမှာပဲကွာ"

"ဆရာတော်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ မောင်ဒေါင်း..."

"တပည့်တော်နဲ့ ဦးလေးအောင် နောက်ကိုလိုက်တဲ့လူတွေထဲမှာတပည့်တော်..ဦးမှတ်ကြီးကို မှတ်မိပါတယ်၊မျက်နှာမှာ အဝတ်စည်းထားပေမဲ့ သူ့ပုံသဏ္ဌာန်ကိုတပည့်တော်ကောင်းကောင်း မှတ်မိပါတယ်ဘုရား"

"အင်း..ငါလည်း ဘယ်သူတွေဆိုတာကို ပိုသိတာပေါ့၊ ဘာ့ကြောင့်သိနေသလဲဆိုလေးအောင်က အောင်မောင်းနဲ့ မှတ်ကြီးတို့ဘာလုပ်နေတယ်ဆိုတာကို သိနေသူလေ"

"ဟင်... သူတို့က ဘာတွေလုပ်ခဲ့လို့လဲဘုရား"

"မောင်ဒေါင်း... မင်းအသက်ငယ်ပါသေးတယ်ကွယ်၊ ဒါတွေကိုမသိချင်ပါနဲ့၊ ငါ့ခုက်စွကိုဖော်ထုတ်မှာပါ၊ မင်းသာ သွားတာလာတာသတိမပေါ့နဲ့ပေ့"

"တင်ပါ့ ဘုရား"

ဒေါင်းလူ့အတွက်တော့ ဘဝမှာ အနာကျင်ဆုံးဖြစ်ရပ်တစ်ခုကို ဘယ်သောခါမှ မေ့သွားမှာမဟုတ်ပေ၊ သူ၏နှလုံးသားထက်တွင် မုန်းတီးဆုံးလူသားတစ်ဦးကတော့ ရွာလူကြီး ဦးအောင်မောင်းပင်ဖြစ်သည်၊ စိတ်ထဲတွင် အကြီးမားဆုံး ကြိမ်းဝါးမိလေ၏။

"တစ်နေ့နေ့မှာ ဦးလေးအောင်အတွက် လက်စားပြန်ပြီးရေ





ရမယ်"

ဒေါင်းလူ အံကိုကြိတ်ပြီး နာကြည်းမှုတွေကို မျိုသိပ်ထားလိုက်တော့သည်။

■■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ပင်လယ်ပြင်မှ ရိုက်ခတ်လာသော လှိုင်းကလေးတွေနှင့်အတူ အချိန်တို့၏ရွေ့လျားမှုအောက်တွင် ပြောင်းလဲမှုတို့ဖြစ်တည်ခဲ့ပြီ မဟုတ်လား။

ခုဆိုရင် ဒေါင်းလူနှင့်ခါးခါးတို့ပင် ကာလသားတွေပင်ဖြစ်နေပေမဲ့ဆရာတော်ကြီးကျောင်းတွင် ဘဝကတော့ဖြစ်မြဲအတိုင်းရှိနေ ဆဲ၊ ဆရာတော်ကြီးကျေးဇူးကြောင့် အထက်တန်းကျောင်းသားဘဝထိ ကျောင်းနေခဲ့ရပြီး ဆယ်တန်းစာမေးပွဲပင် မြို့ကိုတက်ပြီး ဖြေဆို ခဲ့ပြီးပြီဖြစ်သည်၊

ခါးခါးကတော့အလယ်တန်းကျောင်းသားဘဝကပင် ပညာပါရမီ မကောင်းတာကြောင့် ကျောင်းဆက်ပြီးမတက်တော့ဘဲ ဆရာတော်ကြီးကျန်းမာရေးကိုပြုစုစောင့်ရှောက်နေရသည်၊





ဆရာတော်ကြီးမှာလည်းအသက်အရွယ်ကြီးရင့်လာပြီဖြစ်တာကြောင့် ကျန်းမာရေး သိပ်ပြီးမကောင်းတော့ပေ၊ ဘယ်လို ပင် အချိန်အခါတွေပြောင်းပြောင်း ရွာလူကြီးဦးအောင်မောင်းကတော့ ရွာ့ရာထူးကြီးကို ဆက်လက် ဆုပ်ကိုင်ထားလျက်.. ထို့အပြင် ဦးအောင်မောင်း၏သား မင်းအောင်မောင်းကလည်းဖခင်ဖြစ်သူ၏ အရှိန်အဝါနှင့်ရွာတွင် ထင်တိုင်းကြဲနေလေသည်၊

ဆရာတော်ကြီးပေါ်မှာ မကြီးစည်းအစ်၊ မပြစ်များအစ်သော ဆရာတွေကို ဆရာတော်ကြီး ကျန်းမာရေး ချူးချူးကျပြီး အိပ်ရာပေါ်တွင် လဲချိန်တွင်မင်းအောင်မောင်း ဇာတိရုပ်ပေါ်လာလေတော့သည်၊

ထိုနေ့သည် ဒေါင်းလူ့ ဘဝကို အကြီးမားဆုံးပြောင်းလဲခြင်း ...စ်ဇက်ကမ်းသို့ ပို့ခဲ့သော နေ့တစ်နေ့ပင်ဖြစ်သည်၊ ဒေါင်းလူ ... ဆရာတော်ကြီးအတွက် မြို့တက်ပြီး ဆေးဝယ်လို့ပြန်လာချိန်တွင်...

"ဒေါင်းလူ..ဒေါင်းလူ"

"ဟင်..ခါးခါး..ဘာလဲကွ"

ကျောင်းထဲသို့အဝင် ခါးခါး အပြေးကလေးရောက်လာပြီး အော်လိုက်ခြင်းဖြစ်သည်၊

"ဟိုကောင် မင်းအောင်မောင်းတို့အုပ်စု ကျောင်းထဲက သရက်သီးတွေကို ဝင်ခူးပြီး အရက်သောက်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ..တောက်...ရိုင်းလိုက်တာ"

"ငါ..ပြောတာ .. ပြောလို့မရဘူး၊ ဆရာတော်ကြီးကိုလည်း သွားပြီးမလျှောက်ရဲဘူး။ တော်ကြာ နေမကောင်းတဲ့ကြားက ရောဂါပိုပြီး တိုးသွားမှာစိုးလို့"

"ဒီကောင်တွေ ဘယ်မှာလဲ"

"ဟို..ရေကန်ပေါင်ပါမှာ"

"ငါသွားပြီး ရှင်းမယ်"

"ဒေါင်းလူ.."

ခါးခါး နောက်မှလှမ်းပြီးခေါ်တာကို ဂရုမပြုနိုင်တော့ဘဲ မင်းအောင်မောင်းတို့ရှိသော ကန်ပေါင်သို့ ဒေါသစိတ်တို့ ပြည့်လျှံစွာနှင့် လျှောက်လာခဲ့မိ၏။ ရွာတွင်မတရားမှုတွေ၊ အနိုင်ကျင့်မှုများစွာကို မင်းအောင်မောင်းတို့အုပ်စုတွေ ပြုလုပ်နေကြသည်မှာ ကြာပြီဖြစ်သည်။

ထိုသတင်းတွေကိုကြားတိုင်း ဒေါင်းလူ ခံပြင်းနေပေမဲ့ ဆရာတော်ကြီး ဆုံးမစကား ၊တွေကြောင့် မကြားသလို နေခဲ့ရသူဖြစ်သည်၊ အဖေဖြစ်သူ၏ ဩဇာအာဏာကို ခုတုံးလုပ်ပြီး ဥပဒေမဲ့ရမ်းကားနေမှုကို ဖခင်လုပ်သူမှာ ဆုံးမခြင်းမရှိခဲ့ပေ။ ဒါကြောင့်လည်း မင်းအောင်မောင်း ထင်တိုင်းကြဲနေခြင်းသာဖြစ်သည်၊ ခုတော့





သာသနာ့မြေထဲကိုပင် ဝင်ရောက်ပြီး ရိုင်းပျနေခြင်းဖြစ်၏။

"မင်းအောင်မောင်း"

ဒေါင်းလူ၏အသံမှာ ခက်ထန်ခြင်းတွေနှင့် ပဲ့တင်ရိုက်ပြီး ထွက်သလိုပင်။ မင်းအောင်မောင်းနှင့် ဒေါင်းလူ ထိပ်တိုက်တွေ့မှုတွေ ရွာမှာ ဆုံခဲ့တာ ရှိပေမဲ့လည်း ဒေါင်းလူ ရှောင်လွှဲခဲ့ရတာများသည်။ ဒါကလည်း မင်းအောင်မောင်းကို ကြောက်၍မဟုတ်၊ ဆရာတော်ကြီး ကြောင့်ပင်ဖြစ်သည်၊ ဆရာတော်ကြီး ကျန်းမာရေးမကောင်းချိန်တွင် ခုလို ဝင်ရောက်စော်ကားမှုသည် ဘယ်လိုမှ ခွင့်လွှတ်နိုင်သောကိစ္စ မဟုတ်။

"ဘာလဲ...ကျောင်းကပ်ဖား"

ဒေါင်းလူကို မင်းအောင်မောင်း တုံ့ပြန်သောစကားလုံးမှာ ဒေါသမီးကိုထပ်ပြီးတော့ မီးရှို့လိုက်သလိုဖြစ်သွားတာကြောင့် စိတ်ကို အရင်ဆုံးချုပ်တည်းလိုက်ပြီး ကိုယ့်ဘက်မှ ရန်ပွဲကို စတင်သူမဖြစ်အောင် သတိသွင်းလိုက်၏။

"မင်းတို့ ခုလိုတော့ မလုပ်နဲ့ကွာ၊ ဗုဒ္ဓဘာသာလူမျိုးဆိုရင် လုပ်သင့်တာ၊ မလုပ်သင့်တာကိုတော့ ခွဲခြားသိရမှာပေါ့"

"မင်းက ဆရာကြီးဝင်လုပ်တာလား"

မင်းအောင်မောင်း ထိုင်နေရာမှ ထတော့ သူ့အေးတွင်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်စားကပ်စားနေသော ညှပ်ကြီး၊ ဖိုးကုလားနှင့် တုတ်လေးတို့ပါ ထရပ်လိုက်သည်၊ ဒီ့အပြင် သူတို့ခါးကြားတွင် ပါလာသော ဓားမြှောင်တွေကို မြင်သာအောင်ပြလိုက်သေးသည်၊

"ဆရာကြီးဝင်လိုက်တာမဟုတ်ဘူး၊ မင်းအောင်မောင်း... သာသနာ့မြေပေါ်မှာ မင်းတို့မိုက်ရိုင်းနေတာကို မလုပ်ဖို့တားနေတာ"

"ဒေါင်းလူ.. မင်းပါးစပ်ကိုပိတ်ပြီး ဒီနေရာကနေပြန်ပြီး ကြွ မလား၊ ငါတို့က တွဲပြီး ပို့ပေးရမလားပြော၊ ဘုန်းကြီးကျောင်းကိုမင်းပိုင်တာလား၊ ကပ်ပြီးစားနေတဲ့ကောင်က ကပ်စားသလိုနေ"

"မင်းတို့မသွားရင် သွားအောင် လုပ်ရမှာပေါ့"

ဒေါင်းလူ.. ပုဆိုးကို ခပ်တိုတို ပြင်ပြီးဝတ်လိုက်သည်နှင့်...

"ညှပ်ကြီးနဲ့ ဖိုးကုလား"

မင်းအောင်မောင်းသူ့ကောင်တွေကို အသံပြုလိုက်တာ ကြောင့် ညှပ်ကြီးနှင့် ဖိုးကုလားပြေးဝင်ထိုးကြသည်၊ သူငယ်ငယ်လေး ကတည်း ဦးလေးအောင်၏ကျေးဇူးကြောင့် ကိုယ်ခံပညာအခြေခံ ကောင်းကောင်းတတ်ကျွမ်းသူဖြစ်သည်၊ ပြီးတော့ ဆရာတော်ကြီး၏ အလည်ရောက်လာသော မြန်မာ့သိုင်းဆရာကြီး ဦးဘစိကြောင့် ဒေါင်းလူ အသတ်အပုတ်တွင် ကျွမ်းကျင်သူဖြစ်လာသည်၊

ဒါပေမဲ့ အပြင်တွင်ဘယ်သူနဲ့မှ တိုက်ခိုက်ခဲ့ခြင်းတော့မရှိခဲ့





ပါ၊ ခုပွဲသည် ပထမဦးဆုံးပွဲပင်ဖြစ်သည်၊

"ဖြောင်း...ခုတ်...အီး...အား..."

ဖိုးကုလားနှင့်ညှပ်ကြီးတို့၏တိုက်ခိုက်မှုတွေမှာ ဒေါင်းလူ့ အတွက်ဘာမှမဟုတ်တာကြောင့် အသာအယာပင်ရှောင်တိမ်းပြီး လက်ပြန်ရိုက်ချလိုက်သည်၊ တစ်ယောက်တစ်ချက်တည်းနှင့်ပြန်ပြီး မထနိုင်အောင် တိုက်ခိုက်ခြင်းဖြစ်တာကြောင့် နှစ်ယောက်လုံး ကန့် ပေါင်ပေါ်တွင်မှောက်လျက်....

"တုတ်.."

"ရှောက်..."

တုတ်လေးကတော့ သူ့ခါးကြားမှ ဓါးမြှောင်ကိုထုတ်ပြီး ဒေါင်းလူ့ကိုဝင်ပြီးထိုးသဖြင့် ပွတ်ကာသီကာ လေးရှောင်ပြီး ဇက်ကို လက်ဝါးစောင်းဖြင့်ရိုက်ချလိုက်သောကြောင့် တုတ်လေးကန့်ပေါင် ဘေးဘက်ကိုစိုက်ပြီးဆင်းသွားပြီးနောက်...

"အား..."

"ဟင်...ဟိုက်..."

တုတ်လေးသူ့ဓါးမြှောင်က သူ့ရင်ဝကိုပြန်ပြီး စိုက်ဝင်သွားပြီ ဖြစ်သည်၊

"မင်း...မင်း လူသတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းလူမရည်ရွယ်သောကိစ္စကိုဖြစ်သွားပြီဖြစ်တာကြောင့် ရှေ့ဆက်ပြီးမိုက်ဖို့ဆုံးဖြတ်လိုက်ကာ...

"လူ့လောကကြီးမှာ မင်းတို့လိုကောင်တွေ အသက်ရှင်နေတာလူသားတွေအတွက်အန္တရာယ်ကြီးတယ်"

"မင်း...မင်း..."

ဒေါင်းလူ လဲနေသောမုတ်ကြီးခါးကြားမှဓါးမြှောင်ကို ဖြုတ်ယူလိုက်ပြီးမင်းအောင်မောင်းဆီသို့ချိန်လှည့်လိုက်သည်နှင့်မင်းအောင်မောင်း သုတ်ခြေတင်ပြီးပြေးတော့သည်။ ဒေါင်းလူ နောက်ကနေပြေးလိုက်စဉ်...

"မောင်ဒေါင်း.."

"ဟင်...ဆရာတော်ဘုရား.."

ခါးခါး သေးမှုတ်ပြီး ကျောင်းပြတင်းပေါက်တွင်ရပ်နေသော ဆရာတော်ကြီးကိုတွေ့လိုက်သဖြင့် ဒေါင်းလူ ခြေစုံရပ်လိုက်မိသည်။

"မင်းလက်ထဲက ဓားကို အောက်ချလိုက်စမ်း"

ဒေါင်းလူ လက်ထဲမှ ဓားမြှောင်ကို အောက်ကိုချလိုက်ပြီးဒူး ထောက်ချကာ ဆရာတော်ဘုရားကို လက်အုပ်ချီ၍...

"တပည့်တော်ကို ခွင့်လွှတ်ပါဘုရား"

"လောကကြီးဟာ သူ့ကံအကြောင်းနဲ့သူ ဖြစ်ခဲ့ကြတာ





မောင်ဒေါင်း...အများတစ်ခုကိုအဲဒီနေရာမှာပဲထားခဲ့ပြီး ကံရဲ့ပေးဆပ်မှုကို ခံလိုက်ပါ၊ မောင်ဒေါင်း.."

"တင်ပါ့ဘုရား"

ဒေါင်းလူ.. ဆရာတော်ကြီးကို ဦးသုံးကြိမ်ချလိုက်စဉ်မှာ ရွာလူကြီး ဦးအောင်မောင်းနှင့်သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များ ကျောင်းထဲကိုဝင်လာနေပြီဖြစ်သည်။

"ဒေါင်းလူ.. သူငယ်ချင်း"

"ခါးခါး... ငါမရှိချိန်မှာ ဆရာတော်ဘုရားကို စောင့်ရှောက်နော်"

"စိတ်ချပါ သူငယ်ချင်း"

"ငါသွားမယ်.."

ဒေါင်းလူ လက်မောင်းကို ခါးခါး ဆုပ်ကိုင်ရင်း ငိုကြွေးတော့သည်။ ငယ်ငယ်လေးကတည်းက အတူစား၊ အတူသောက်၊ ဖျာတစ်ချပ်ပေါ်မှာ အိပ်ခဲ့ကြသော သူငယ်ချင်းနှစ်ယောက်ရဲ့ ခွဲခွာခြင်းသည် ဝမ်းနည်းကြေကွဲမှုများစွာနှင့်...။

— ၀ — p —



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းလူတစ်ယောက်အပြစ်ဒဏ် (၅)နှစ်ကျခံပြီး ထောင်မှ ပြန်ပြီးလွတ်ခဲ့ပြီဖြစ်၍ ရွာလေးသို့ရောက်ခဲ့ပေမဲ့ ပြောင်းလဲခြင်းများစွာ တို့သည် ရွာကြီးတစ်ရလုံးကို ဝါးမျိုသွားခဲ့ပြီဖြစ်သည်။ ခု ဘုန်းကြီး ကျောင်းသို့သွားသောလမ်းမပေါ်တွင် သူ့ဘဝတစ်သက်သာ အော်ဟစ်၍ ဆွမ်းခံခဲ့သော ပုံရိပ်ဟောင်းတွေကို မြင်ယောင်နေမိရင်း ကျောင်း ပေါက်ဝသို့ရောက်ခဲ့သည်။

ကျောင်းပေါက်ဝရှိ ကုံကော်ပင်ကြီးမှာ ယနေ့တိုင် စိမ်းရွက် တွေနှင့်ဝေဝေဆာဆာရှိနေသလိုကျောင်းသို့သွားသော နတ်လမ်းကြီး





မှာလည်း အရင်လို မဟုတ်တော့ တောင့်တင်းသပ်ရပ်ပြီး လျှပ်စစ်မီး ချောင်းတွေနှင့် တင့်တယ်စွာတွေ့နေရသည်။ ဆရာတော်ကြီး သီတင်း သုံးခဲ့သော ကျောင်းဆောင်ကြီးမှာလည်း ပျဉ်ကာ သွပ်မိုးတွေ မဟုတ် တော့ဘဲ ကျောင်းတိုက်ကြီးဖြစ်နေလေပြီ၊ အရာရာပြောင်းလဲမှု အောက်တွင် ဒေါင်းလူအတွက် အဖိုးမဖြတ်နိုင်သောပြောင်းလဲမှု တစ်ခုကတော့ ဒေါင်းလူ၏အသက်သခင်ကျေးဇူးရှင် ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီဖြစ်သည်၊

ဒေါင်းလူ အပြစ်ဒဏ်ကျပြီး ထောင်ထဲတွင် (၂)နှစ်ပြည့် သည့်နေ့မှာပဲ ဆရာတော်ကြီးသီတင်း ခါးခါး ထောင်ဝင်စာလာပြီး ပို့ရင်း သိခဲ့ရခြင်းဖြစ်သည်၊

ခုကျောင်းကြီးကို ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဦးဥတ္တမမှ ကျောင်းထိုင်အဖြစ်ဆက်ပြီး သီတင်းသုံးနေခြင်းဖြစ်သည်။

ဆရာတော်ဦးဥတ္တမမှာ ဆရာတော်ကြီးရှိစဉ်က မန္တလေး ကျောင်းတွင်စာလိုက်နေပြီးခေတ်အမြင်၊ ပညာရပ်တွေကို တတ်ကျွမ်း သူဖြစ်တာမို့ တိုးတက်သော တွေးခေါ်မှုရှိသော ဦးပဥ္စင်းတစ်ပါးပင်ဖြစ် ၏၊

"ဒေါင်း...ဒေါင်းလူ..."

"ခါးခါး..."



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း"

ခါးခါးသည် ကျောင်းပေါက်မှ ဒေါင်းလူကိုတွေ့သည်နှင့် ပြေးပြီးဖက်ကာ ငိုချလိုက်တော့သည်။

"ဟေ့ကောင်ကြီး ဘာလို့ငိုရတာလဲ"

"ဝမ်း...ဝမ်းသာလို့ ငိုတာကွ...အီး...ဟီး..."

"ခါးခါးရယ် ငိုမနေပါနဲ့တော့ကွာ...အားလုံးကဆရာတော်ကြီးပြောသလို ကံတရားရဲ့ အကျိုးသက်ရောက်မှုကို ခံခဲ့ရတာ ပဲ...ပြီးတာတွေကို ပြီးတဲ့နေရာမှာပဲ ထားခဲ့ကြတာပေါ့ ဆရာတော်ကိုတက်ပြီး ဝတ်ပြုရအောင်"

"အေး...လာ"

ဒေါင်းလူနှင့် ခုဆရာတော်ဦးဉတ္တမတို့သည် ဒေါင်းလူရွာမှာရှိစဉ်က တစ်နှစ်တစ်ခေါက်တော့ မြင်ဘူးတွေ့ဘူးကြသလို ရင်းနှီးသူတွေလည်းဖြစ်သည်။ ကျောင်းကြီးအပေါ်ထပ်သို့တက်ခဲ့ကြရင်း...

"ရွာကြီးကအတော်ကို ပြောင်းလဲသွားပြီနော်"

"ဟုတ်တယ်ဒေါင်းလူ ခေတ်စနစ်ပါ..ပြောင်းလဲလာပြီဆိုတော့ ငါတို့ရွာအနေနဲ့ ကျန်ရစ်ခဲ့လို့မဖြစ်ဘူးလေ"

"ခုရွာမှာရွာလူကြီးက ဘယ်သူလဲ"

"အင်း...မင်းကသိမှာမဟုတ်ဘူးကွ...ငါတို့ရွာမှာမင်းထောက်ချသွားပြီး သိပ်မကြာဘူး ဦးအောင်မောင်းရဲ့တူတော်မောင်တစ်ယောက်ရောက်လာတယ် ရဲကျော်တဲ့၊ ဒီကောင်ကပညာတော့ပညာတတ်ပဲ၊ ရုပ်ရည်ရော အပြောရောကောင်းတယ်၊ ခေတ်စနစ်ကြောင့် ပြောင်းလဲမှုတွေလုပ်ရပြီး ဦးအောင်မောင်း ရာထူးကနေပြုတ်သွားပြီး ရဲကျော်ဆိုတဲ့သူ ဆက်ပြီးအုပ်ချုပ်နေတာ...ကဲပါကွာ ဒီကိစ္စတွေနောက် မှဆက်ပြီးပြောကြတာပေါ့"

ကျောင်းကြီးပေါ်သို့ရောက်သည်နှင့် ဆရာတော်ကြီး၏ပုံတူပန်းချီကားကြီးကို ကြည်ညိုဖွယ်တွေ့လိုက်ရသဖြင့် ဒေါင်းလူ ဘုရားဝတ်ပြုပြီး ဆရာတော်ကြီးပုံတူပန်းချီကားကြီးကို ဦးချလိုက်မိတော့သည်။

"မောင်ဒေါင်း... ရောက်ပြီလား"

"တင်...တင်ပါ့ဘုရား..."

ဆရာတော်ဦးဉတ္တမ အခန်းထဲမှ ထွက်လာသဖြင့် ဦးချလိုက်သည်။

"မင်း လွတ်မယ်ဆိုတာတော့ သိထားတယ်၊ ဘယ်နေ့ဘယ်ရက်ဆိုတာကိုတော့ မသိဖြစ်နေတာ၊ အင်း... ဆရာတော်ကြီးကတော့ သူ့ပုံတော်မမှုခင် မင်းအကြောင်းကိုပဲ တဖွဖွပြောနေတာ....မောင်ဒေါင်း"

"ဘုရား"







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအရာတွေ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ပြီးဆုံးသွားပြီလို့ မှတ်လိုက်နော်"

"တင်ပါ့ဘုရား"

"ဒီနေ့ ဒီရက်ကစပြီး ဘဝကို လူသစ်၊ အတွေးသစ်တွေနဲ့ တည်ဆောက်ရမယ်"

"မှန်ပါ့ဘုရား"

"ရင်ထဲမှာရှိနေတဲ့ ညစ်ထေးတဲ့အမုန်းတရားတွေ၊ အငြိုးတရားတွေ၊ ဒေါသတရားတွေကို ထုတ်ပစ်လိုက်တော့၊ ဒါနဲ့မောင်ခါး"

"ဘုရား..."

"မနက်ကျရင် သံတွဲမြို့ပေါ်ကိုတက်ပြီး ကျောင်းဒကာကြီး ဦးမောင်ကြည်ဆီကို သွားရမယ်၊ သိမ်အတွက် သစ်တွေ ဘယ်နေ့ ရောက်မှာလဲဆိုတာကို သွားပြီးမေး"

"တင်ပါ့...ဒေါင်းလူ...မင်းပါလိုက်ခဲ့ကွာ"

"အေး...ကောင်းသားပဲ၊ ဘာနဲ့သွားမှာလဲ"

"ကျောင်းပိုင်စက်လှေနဲ့ပေါ့ကွာ"

"အင်း..."

"ဒကာလေး မောင်ဒေါင်းလည်း ရေမိုးချိုးပြီးအနားယူလိုက်ဦး၊ မင်းသူငယ်ချင်းက မင်းပြန်လွတ်မယ်ဆိုတာကို သိကတည်းက





မင်းအတွက်နေရာပြင်ထားပြီးသားပါ၊ ဦးဇင်း ရွာထဲခဏကြွလိုက်ဦး မယ်"

ဆရာတော်ထွက်သွားပြီး ဒေါင်းလူနှင့်ခါးခါး ကျောင်း အောက်ကိုဆင်းလာကြပြီး...

"မင်း ဘာအရင်လုပ်မလဲ"

"ငါ ပင်လယ်ရေ ချိုးချင်တယ်"

"ကောင်းပြီ...သောင်ကိုသွားကြတာပေါ့"

ဒေါင်းလူ သူ့လွယ်အိတ်ကို သူတို့နေတဲ့အခန်းထဲမှာထားပြီး သောင်ပြင်ဘက်သို့ထွက်လာခဲ့ကြသည်။

"မင်းထောင်ထဲမှာ ဒုက္ခအတော်ကိုခံခဲ့ရမှာပဲနော်"

"ထောင်ဆိုတာ ပြစ်မှုကြွေးတွေကို ပေးဆပ်ရတဲ့နေရာ တစ်ခုပဲလေ၊ အပြင်နဲ့တော့ မတူနိုင်ဘူး၊ ဒါပေမဲ့ လောကရဲ့မနက်တွေ အတွက်တော့ သင်ခန်းစာတွေ အများကြီးရခဲ့တယ်၊ လူဆိုတာ လွတ်လပ်ခြင်းအဓိပ္ပာယ်ကို ထောင်ထဲရောက်မှ ပိုသိခဲ့ရတယ်"

"မင်းထောင်ထဲရောက်ရတာ မတန်ဘူး"

"ဥပဒေရဲ့အကျိုးဆက်အတိုင်းပဲပေါ့ကွာ"

"ထောင်ထဲမှာ လူဆိုး၊ လူမိုက်တွေအများကြီးရှိမှာပေါ့"

"ခါးခါးရေ... ထောင်ထဲမှာ လူဆိုး၊ လူမိုက်တွေတင်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ယဉ်ကျေးလိမ္မာတဲ့သူတွေလည်း ထောင်ထဲကိုရောက်ကြတာပဲ"

"ဟာ...ဘာဖြစ်ကြလို့လဲ"

"ငါ့လိုပဲပေါ့ကွာ၊ မတရားမှုတွေကို သည်းမခံနိုင်လို့ ဝင်ပြီး ဖြေရှင်းတဲ့သူတွေ၊ မတရားအနိုင်ကျင့်တာကို မခံရပ်နိုင်တဲ့အဆုံး တုံ့ပြန်မှုကြောင့် ထောင်ထဲကိုရောက်ခဲ့ကြရတာတွေလည်းရှိကြတယ်၊ ပုံစံအမျိုးမျိုးဘဝမျိုးစုံနဲ့ရောက်ခဲ့ကြတာပဲ၊ ထောင်မှာ လူဆိုးကြီး၊ လူမိုက်ကြီးဆိုတဲ့ ဂုဏ်ဒြပ်တွေကို အပြင်မှာထားခဲ့ကြရတယ်၊ ငါမိုက်တယ်၊ ဆိုးတယ်ဆိုတာ ငါ့ထက်မိုက်တဲ့သူတွေ၊ ဆိုးတဲ့သူတွေက ပိုပြီး များတယ်"

သောင့်ပြင်လှိုင်းလုံးတွေကြားကို တိုးဝေ့သွားကြပြီး ပင်လယ် ရေရှိုးနေကြသည်။

"အင်း.....ပင်လယ်ရေမရှိုးရတာ နှစ်အတော်ကြာသွားပြီပဲ ဟြော်...ဒါနဲ့ ခါးခါး...မင်းအောင်မောင်းရော ရှိထောင်နေတုန်းပဲလား"

"ဒီကောင်က သေမှ ရှိကျိုးမယ့်ကောင်၊ ခုလည်း သူ့အစ်ကို အရှိန်နဲ့မိုက်သွေးကြွနေတုန်း၊ ဒါတောင် ခေတ်ကြီးက ပြောင်းလဲနေလို့ နော်"

"ခု ရွာလူကြီးလုပ်တဲ့သူကရော ရွာပေါ်ကို မကြည့်ဘူးလား"

"သူ့ဦးလေးနဲ့ အတူတူနီးပါးလောက်ပါပဲကွာ၊ ပထမ တော့ တော့မလိုလိုနဲ့နောက်ပိုင်းကျတော့မထူးပါဘူး။ ဒီလူက ဦးအောင်မောင်း၊ မင်းအောင်မောင်းတို့ထက် သာတာတစ်ခုရှိတယ်"

"ဘာများလဲ"

"မိန်းမပွေတာပဲပေါ့၊ တစ်ရွာတစ်ယောက်လောက်ကိုယူ ထားတာ"

"မင်းဒါတွေကို သိနေတာတောင် ခေါင်းငုံ့ခံနေကြတယ်ပေါ့၊ ခေတ်က အရင်ခေတ်မဟုတ်တော့ဘူး"

"ခေတ်ကိုသာ ပြောနေတာကို၊ ငါတို့ရွာကလူတွေရဲ့ စိတ် ဓာတ် တွေက ပြောင်းမှမပြောင်းလဲတာ၊ အရိုးစွဲနေကြပြီကွ"

ခေါင်းလူ.. ရွာနှင့်ပတ်သက်ပြီး ကြားရသော စကားသံများ ကြောင့် ရင်ထဲမှာ မကောင်းပေမဲ့ ရွာသူရွာသားတွေက သူနဲ့ပတ်သက် ပြီးတော့ ကောင်းခဲ့သူမရှိပေ၊ ဆရာတော်ကြီး မိန့်ကြားခဲ့ဘူးသော စကားလေးကိုသာ ခေါင်းလူ ပြန်ပြီး ကြားယောင်မိလိုက်သည်။

"မောင်ခေါင်း...ရွာသူ၊ ရွာသားတွေ မင်းပေါ်မှာ မကောင်းဘူး ဆိုပေမဲ့ သူတို့ဦးဦးဖျားဖျား ချက်ပြုတ်ကပ်လှူခဲ့တဲ့ ထမင်း၊ ဟင်းတွေ ကိုတော့ မင်းစားခဲ့ရတာပဲလေ၊ ဒါဟာ ကျေးဇူးတရားတစ်ခုပဲ၊ မောင်ခေါင်း..."

ခေါင်းလူ ခုချိန်ထိ အသက်ရှင်ရပ်တည်နိုင်ခဲ့တာ ဆရာတော်







www.burmeseclassic.com

www.burmeseclassic.com



ကြီးကျေးရူးတာရားတစ်ခုတည်းကြောင့်မဟုတ်ဘဲ ရွာသူ ရွာသားတွေ ရဲ့ထောက်ပံ့မှုကြောင့် သူ့ဘဝရပ်တည်နိုင်ခဲ့တာကိုတော့ မငြင်းနိုင်ပေ။ ဒါကြောင့်လည်း ရွာနဲ့ပတ်သက်ပြီး ဒေါင်းလူ အံ့နေဖြင့် တစ်ခုခုတာဝန် ကျေချင်ပေမဲ့ အခွင့်အရေး မရခဲ့ပေ။

ပင်လယ်လှိုင်းဂယက်ကြားတွင် ရေကူးပြီး သောင်ပြင်ပေါ်တွင် ပက်လက်လှန်ကာ သောင်သို့ရိုက်ခတ်နေသော လှိုင်းပုတ်သံကို နားဆင်ရင်း အိပ်နေစဉ်...

"ဟင်..."

လှိုင်းကလေးတွေနှင့်အတူတူ ခြေထောက်ကိုလာထိသော အရာတစ်ခုကြောင့် လှဲနေရာမှထပြီးကြည့်လိုက်စဉ် ဝါးဆစ်ပိုင်းလေး ဖြစ်သည်။

"ဒေါင်းရေ.. ပြန်ကြမယ်ဟေ့"

သောင်ပြင်တစ်လျှောက် နံ့ကလေးတွေကိုလိုက်ပြီး ငုပ်နေသော ခါးခါးပြန်ရောက်လာပြီးခေါ်လိုက်ခြင်းပင်ဖြစ်၏။

"မင်းလက်ထဲက ဝါးဆစ်ပိုင်းလား"

အရှည် (၆) လက်မသာသာလောက်ရှိသော ဝါးဆစ်ပိုင်းလေးကို ဒေါင်းလူ ကိုင်ကြည့်တော့ သပ်သပ်ရပ်ရပ်လေး ပိတ်ထားသော ဝါးဆစ်ပိုင်းလေးပင်ဖြစ်နေသည်။





"ဘာလဲဟ"

"ဖွင့်ကြည့်လိုက်ကွာ"

ဒေါင်းလူ ပိတ်ထားသော အပေါက်လေးကိုဖွင့်လိုက်တော့ စာလိပ်တစ်ခုနှင့်ဓာတ်ပုံအသေးလေးတစ်ပုံကိုတွေ့လိုက်ရသည်။ ဓာတ်ပုံမှာ ကလေးငယ်နှစ်ယောက်ကို မိဘနှစ်ပါးမှ ပွေ့ချီလျက်ရိုက်ထားသော ဓာတ်ပုံဖြစ်သည်။

"စာကိုဖတ်ကွာ"

ဒေါင်းလူ လိပ်ထားသောစာလေးကိုဖြေပြီးဖတ်လိုက်မိသည်။

*"ကျေးဇူးပြု၍ ဝါးဆစ်ဘူးလေးကိုရသောသူသည်အောက်ပါ လိပ်စာအတိုင်းသွားပြီး ပို့ပေးပါ၊ ကျွန်မ ဒေါ်မေရီနှင့် သမီးလေး ယခုတိုင်အသက်ရှင်လျက် တာဒုနာကျွန်းပေါ်တွင်ရှိနေပါသည်။ လာရောက်ကယ်တင်ပေးရန် ရေးလိုက်ပါသည်။*

*အမှတ် × × × × ×၊ × × × × × × × × × × လမ်း၊ × × × နေ*

*ဦးဘခိုင် + ဒေါ်ခင်မျိုးကြည်၊ သိတွဲ*

*ဒေါ်မေရီ၊ ၂၀၀၀၊ × × × × လ၊ × × × × × × × နေ့*

"ဟာ...စာက ကြာနေပြီပဲကွ"

"ဟုတ်တယ်၊ ပင်လယ်ထဲမှာ နှစ်ပေါင်းများစွာမျောနေတာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုလုပ်မယ်လို့စိတ်ကူးထားလဲ"

"ဒုက္ခရောက်နေသူကို ကယ်တင်ဖို့ကောင်းပါတယ်ကွာ၊ သံတွဲမြို့ထဲမှာဆိုတော့ သိပ်အဝေးကြီးသွားရမှာမှမဟုတ်တာ"

"သူတို့ရောက်နေတဲ့ကျွန်းက ဆာဒူနာကျွန်း၊ ကြားတော့ ကြားဖူးတယ်၊ ဘယ်နေရာမှာလဲဆိုတာတော့မသိဘူး"

"ဒီကျွန်းနဲ့ပတ်သက်ပြီး ငါလည်း ကြားဖူးတယ်၊ ဘယ်မှာ ကြားဖူးလဲ..ဟုတ်ပြီ"

"ဘာဟုတ်တာလဲကွ"

"ငါနဲ့အတူ ထောင်ထဲမှာနေခဲ့တဲ့ဦးစောလှိုင်ဆီက ကြားဘူးခဲ့တာ၊ သူက ပင်လယ်ဓားပြတစ်ယောက်၊ ပြည့်ပြည့်စုံစုံတော့မမှတ်မိတော့ပါဘူး၊ ပြန်ကြရအောင်"

ဒေါင်းလူ .. ဝါးဆစ်ပိုင်းလေးကို ကိုင်ပြီးကျောင်းသို့ပြန်လာကြရင်း သောင်ကနေ ရွာကိုဝင်သော သဲနီလမ်းလေးအဝသို့ရောက်တော့...

"ရှေ့..ရှေ့မှာ မင်းအောင်မောင်း"

ခါးခါး ပြောလိုက်တာကြောင့် ဒေါင်းလူ ရှေ့ကိုကြည့်လိုက်သည်။ မင်းအောင်မောင်းနှင့် သူ့ဘေးတွင် ရွာဆော်(၃)ဦးကိုတွေ့လိုက်ရသည်။





မင်းအောင်မောင်းကို ဒေါင်းလူ မြင်သည်နှင့်ဒေါသစိတ်တွေ နိုးကြွလာသလိုဖြစ်သွားသောကြောင့်...

"ဒေါင်းလူ"

ဒေါင်းလူကို ခါးခါးသတိပေးလိုက်သည်။ မင်းအောင်မောင်း.. ဒေါင်းလူကိုမြင်သည်နှင့် မျက်နှာပျက်သွားပြီး ကြောက်ရွံ့ပေါက် သွားသည်။ တစ်ယောက်နှင့်တစ်ယောက် အနီးကပ်ဆုံး မျက်နှာချင်းဆိုင်တွေ့တော့...

"မင်း..မင်း..ပြန်ပြီးလွတ်လာပြီလား ဒေါင်းလူ"

"ဟုတ်တယ်.. သွားဦးမယ်ကွာ"

ဒေါင်းလူ နာကြည်းမှုကို ချုပ်တည်းလိုက်ပြီး ကျော်ခိုင်းထွက်လာ ခဲ့သည်။ သူ့ဘဝတွင် ရက်ရက်စက်စက် အသတ်ခံခဲ့ရသော ဦးလေးအောင်အတွက် မတုံ့ပြန်ရမချင်း ဦးအောင်မောင်းတို့ပေါ်မှာ ကျေနပ်နိုင်မယ်မဟုတ်။

"ဒီကောင်တွေမင်းကိုတော့ သွေးပျက်နေတာအမှန်ပဲ"

"ဒီကောင့်ဘက်က ရန်စကားဆိုတာနဲ့ ငါ ဒေါသကို ချုပ်တည်းနိုင်မှာမဟုတ်ဘူး၊ အထူးသဖြင့် ဒီကောင့်အဖေဦးအောင်မောင်းကို ဥဒါန်းမကြေပဲ ခါးခါး.."

"ဒီလူကြီးကရတော့ ဘုရားလိုလို၊ တရားလိုလိုနဲ့ ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂေါပကလူကြီးဝင်လုပ်နေတာ၊ အကျွတ်တရားရသွားပြီထင်တယ်"

"ဒီလိုလူမျိုးတွေဆီမှာ အကျွတ်တရားတွေ၊ နောင်တတရားတွေ ရှိမှာမဟုတ်ပါဘူး။ ဟန်ဆောင်နေကြတာ၊ ဦးလေးအောင်ကို သတ်ခဲ့တဲ့ တရားခံကို ငါရအောင်ဖော်ထုတ်မယ်ဂိုဒါးခါး..."

■■



# အခန်း (၅)

"ခုကိစ္စ ဘယ်လိုရှင်းမလဲ ဘဦး"

ဇော်ကြီးအောင် ပြောလိုက်သောစကားကို ဘဦးနားထောင်၍ သက်သက်ပင်ဖြစ်နေပြီး နှုတ်ဖျားမှ စကားသံထွက်ပေါ်လာခြင်းမရှိတော့။

ဇော်ကြီးအောင်နှင့် ပိုက်ကျော်တို့အတွက် ကမ်းရိုးတန်းဒေသတွင် သိက္ခာများစွာကျဆင်းနေပြီဖြစ်သည်၊ ထို့အတူ အလုပ်သမားတွေပေါ်မှာ ကုပ်သွေးစုတ်၊ အမြတ်ထုတ်နေသော ဘဦးနှင့်ဒါးစာတို့နှစ်ယောက်ကိုလည်း နင်းဆီမိုး အလုပ်မှ ထုတ်ပစ်လိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်၊

"ဗိုးစောနဲ့ဘဦး ငါမေးနေတာကိုဖြေကြလေ"

"ဆရာဇော်ရယ်... ကျွန်တော်တို့ ဘာလုပ်ရမှန်းကိုမသိဖြ

နေတာပါ"

"ဟုတ်ပါတယ်ဆရာဇော်.. ဒီဟာမက ဘာကိုမှမကြော

သလိုလုပ်နေတာ"

"ကြောက်ရအောင် မင်းတို့က ကြောက်အောင်ဘာမှမလု

ခဲ့တာကိုးကွ"

ဇော်ကြီးအောင်... ဘဦးတို့ကို ဟိတ်ဟန်နှင့်သာပြောနေ

မဲ့ သူကိုယ်တိုင်လည်း နင်းဆီမိုးကို ဘာမှ မလုပ်နိုင်ခဲ့ချေ။

"ငါတို့ ဒီအတိုင်းနေရင် ထောင်ထဲကိုရောက်ဖို့ကတော့

ကပ်နေပြီ"

"ဆရာ့ကို ရဲစခန်းမှာအမှုဖွင့်ပြီးတရားစွဲဖို့လုပ်နေပြီနော်"

"ဟုတ်တယ်ဟေ့၊ ဒါကြောင့် ငါဘာလုပ်ရမယ်ဆိုတာ

စဉ်းစားထားပြီးသားကွ"

"ဒါနဲ့ ကမ်းရိုးတန်းက ရှေ့နေတွေက ဆရာဇော့်အမှု

မလိုက်ရဲအောင် လုပ်ထားတယ်ဆို"

"နှရှေ့နေက ရန်ကုန်ကနေ ရောက်လာတာ"





"ဆရာဇော် ဘာတွေစီစဉ်ထားလဲ"

"အေး.. ငါစီစဉ်ထားတဲ့ထဲမှာ မင်းတို့လည်းပါတယ်"

"ဗျာ..ဟင်.."

"ဘာလဲ..ဘဦးနဲ့ဗိုးစော၊ မင်းတို့က ခေါင်းရှောင်ချင်တာ လား"

"မ...မဟုတ်ပါဘူး ဆရာဇော်"

"ဆရာဇော် စီစဉ်တဲ့အတိုင်းလိုက်ပြီးလုပ်ပါ့မယ်"

"ကောင်းပြီ၊ ဘာလုပ်ရမယ်ဆိုတာကို ငါပြောမယ်၊ ဟိုကောင်

ပိုက်ကျော်ကို စောင့်နေတာ"

"ဘုတ်...ဘုတ်..ဘုတ်.."

ဇော်ကြီးအောင်တို့ စက်လှေကြီးမှာ မြစ်လယ်တွင်ကျောက်

ချပြီးရပ်ထားခြင်းကြောင့် အပြင်မှလာလျှင် စက်လှေ၊ သမ္ဗာန်တွေကို

စီးပြီးလာရတာမို့ အပြင်ဘက်မှ စက်လှေသံကြောင့် အပြင်ကိုကြည့်

လိုက်တော့ ပိုက်ကျော်မဟုတ်၊ ပိုက်ကျော်တပည့် သာဂဒိုးဖြစ်နေ

သည်၊

"ဆရာဇော်..ဆရာဇော်.."

"သာဂဒိုး...ဘာဖြစ်လာတာလဲ"

သာဂဒိုး စက်လှေ ငါးဖမ်းစက်လှေကြီးနားကပ်သည်နှင့်

အပေါ်သို့ပြေးတက်လာပြီး တစ်စုံတစ်ခုကို စိုးရိမ်သောမျက်နှာဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဟို..ဟို..ဆရာပိုက်ကို ရဲတွေဖမ်းသွားကြပြီ"

"ဘာ..ဟာ..ဟင်"

သာဂဒိုးထံမှ ကြားလိုက်ရသောစကားကြောင့် မယုံနိုင်ဖွယ် ဖြစ်သွားကြသည်။

"ဘာအမှုနဲ့ ဖမ်းတာလဲ၊ဒီကောင်ဘာတွေသွားပြီးလုပ်ပြန်ပြီ လဲ"

"ဆရာပိုက် ဘာမှမလုပ်ပါဘူး ဆရာဇော်၊ နှင်းဆီမိုး တိုင်ကြား ထားတဲ့အမှုကြောင့် လာပြီးဖမ်းသွားကြတာ"

"ဟော..."

ဇော်ကြီးအောင် သဘောပေါက်လိုက်ပြီဖြစ်သည်။ ပိုက်ကျော် ကို ရဲစခန်းမှ ဖမ်းဆီးပြီဆိုရင် သူ့ကိုလည်း သေချာပေါက်ဖမ်းတော့မှာ ဖြစ်သည်။

"ဒီဟာမ သိပ်ပြီးအစွမ်းထက်နေတယ်ဟေ့၊ ဇော်ကြီးအောင် ဘာကောင်လဲဆိုတာ ကောင်းကောင်းသိရမှာပေါ့၊ ဘဦးနဲ့ဖိုးစော"

"ပြောပါဆရာ"

"မင်းကောင်တွေကိုစုထားပြီး ငါပြောတဲ့အတိုင်းလုပ်တော့"

"ဘာလုပ်ရမယ်ဆိုတာကို ပြောပါဆရာ"

"ဒီနေ့ ဟိုဟာမ ဟိုဘက်ရွာက ဦးမောင်ကိုဆီကို သွားလိမ့်





မယ်၊ စက်လှေနဲ့လိုက်ပို့မယ့်ကောင်က ကိုယ့်လူဖြစ်အောင်လုပ်ဖို့ပဲ လိုတယ်"

"ဒီအတွက်တော့ စိတ်ချပြီးသာနေပါဆရာဇော်"

"မင်းတို့ ဒီဟာမကို ခေါ်လာပြီး ရေပေါ်ကျွန်းကိုခေါ်လာခဲ့ကြ ကျွန်းပေါ်ကိုရောက်မှ ငါဆက်ပြီးကာမယ်"

"ကောင်းပြီ ဆရာဇော်၊ ရောက်အောင်ခေါ်ခဲ့ပါ့မယ်"

"ဒါဆို သွားကြတော့"

■■



www.burmeseclassic.com

www.burmeseclassic.com

နင်းဆီမိုးတို့စက်လှေကလေးမြစ်ဆုံကလေးကိုဖြတ်၍သွား

နေလေပြီ၊ စက်လှေပေါ်တွင် နင်းဆီမိုး၊ မေလှိုင်နှင့် စက်လှေမောင်း

ဆရာ ဦးထွန်းတို့ပင်ဖြစ်သည်၊

"ပင်လယ်ပြင်ကြီးက တကယ့်ကိုချစ်စရာကောင်းတယ်နော်

နင်းဆီမိုး..."

"ချစ်စရာကောင်းခြင်းနဲ့အတူ ကြောက်စရာကောင်းခြ

တွေရှိနေတဲ့ ပင်လယ်ပြင်ကြီးပါ၊ ငါတကယ် ပင်လယ်ပြင်ကြီး

အရမ်းမုန်းတယ်၊ ငါ့အဖေ၊ ငါ့အမေနဲ့ ညီမလေးတို့ဘဝကို ရက်ရ





တ်စက်ဖျက်ဆီးလိုက်တဲ့ ပင်လယ်ပြင်ကြီးက ရေတွေကုန်အောင်

သောက်ပစ်ချင်တယ် မေလှိုင်"

"နင့်ခံစားချက်ကို ငါနားလည်ပါတယ်ဟာ"

နင်းဆီမိုး မျက်လုံးတွေ ပင်လယ်ပြင်ကြီးကို ရီဝေစွာလှမ်း

ကြည့်ပြီး မျက်လုံးထဲတွင် အဖေ၊အမေနှင့် ညီမလေးတို့ ပုံရိပ်တွေကို

တွေ့မြင်နေရသလို... ဒါပေမဲ့ နင်းဆီမိုး နှလုံးသားထဲတွင် သူ့မိဘနှစ်ပါး

နှင့်ညီမလေးတို့ကိုပြန်ပြီးတွေ့ရမယ်လို့ ထင်နေလေသည်။

"ဘုတ်...ဘုတ်...ဘုတ်..."

"ဟင်..."

မြစ်ဆုံကွေ့နားဆီမှ စက်လှေတစ်စီးမောင်းထွက်လာတာကို

တွေ့လိုက်ရသည်။ စက်လှေပေါ်တွင် အမျိုးသားငါးဦးခန့်လိုက်ပါလာ

သည်၊ ဘယ်သူဘယ်ဝါဆိုတာတော့ နည်းနည်းအလှမ်းဝေးနေသော

ကြောင့် မသိနိုင်၊

ထိုစက်လှေမှာ နင်းဆီမိုးတို့စက်လှေဆီသို့ အဓိကဦးတည်

ပြီးမောင်းလာနေတာ သေချာသဖြင့်...

"ဦးထွန်း"

"ဗျော...ပြောပါတူမ"

"စက်ကုန်တင်ပြီးမောင်းပါ၊ ဒီစက်လှေကိုကြည့်ရတာ မရိုး



www.burmeseclassic.com

www.burmeseclassic.com



သွားဘူး"

"အေး..."

"ဘုတ်...ဝုး...ဒုတ်...ဒုတ်..."

"ဟယ်"

စက်ကုန်ဖွင့်ပြီး မောင်းမယ်လို့ပြင်တုန်း စက်မှာထိုးပြီးရပ်သွားတော့သည်။

"ဘာဖြစ်တာလဲ ဦးထွန်း"

"ဘာဖြစ်သွားလဲ မသိဘူးတူမ"

ဦးထွန်း စက်ကို ကြိုးဆွဲပြီးအကြိမ်ကြိမ်နှိုးပေမဲ့မရ ဖြစ်နေသည်။ အဝေးမှ လာနေသော စက်လှေမှာအနီးဆုံးသို့ရောက်နေပြီဖြစ်၏။ နင်းဆီမိုးတို့စက်လှေနားကို ကပ်လိုက်သည်နှင့်...

"တစ်ယောက်မှ လှုပ်လှုပ်ရှုရှု မလုပ်နဲ့နော်၊ ပင်လယ်ထဲမှာ ဘဝကို ဇာတ်သိမ်းသွားမယ်"

"ဟင်...ဟယ်...ဟိုက်..."

လက်နက်ကိုယ်စီနှင့် နင်းဆီမိုးတို့ကို ဖမ်းဆီးတော့မည်ဆိုတာကို သဘောပေါက်လိုက်မိသည်။

"ရှင်တို့ဒါ ဘာလုပ်တာလဲ"

"မင်းလေးကိုလာပြီးပင့်တာ"





ထိုလူတွေ၏မျက်နှာကို နင်းဆီမိုးတွေ့ဘူးသလိုလိုရှိနေပေမဲ့ရေရေရာရာတော့ မဟုတ်။

"ရှင်တို့ဖမ်းချင်တာ ကျွန်မတစ်ယောက်တည်းဆိုရင် ကျန်တဲ့သူတွေကို ပြန်ပြီးလွှတ်ပေးလိုက်ပါ"

"ဒါကတော့ ကျုပ်တို့ဆုံးဖြတ်လို့မရဘူး၊ စက်လှေကို ကြိုးတွဲပြီးရင် ခေါ်ခဲ့ပေ့"

"ဒေါက်...ဝုး...ဘုတ်...ဘုတ်...ဘုတ်..."

ပင်လယ်ပြင်ထဲမှာ အော်ဟစ်ပြီး အကူအညီတောင်းဖို့လည်း မဖြစ်နိုင်သလို ရေထဲခုန်ချပြီး ပြေးဖို့ကလည်း မဖြစ်နိုင်တာကြောင့် နင်းဆီမိုးတို့ လူဆိုးတွေခေါ်ဆောင်တဲ့နောက်ကို လိုက်ပါခဲ့ရတော့၏။

"မ...မမို့.."

"စည်သူ.."

စည်သူတစ်ယောက် သွေးမျက်မတတ်ကြောက်လန့်နေတာ ...စည်သူ လက်ကလေးကို ဆုပ်ကိုင်ပြီး အားပေးနေရသည်။ ရေ... ...တ်လှေမှကြိုးဖြင့်ခေါ်ဆောင်သွားနေသော နေရာမှာပင်လယ်ပြင်ထဲ ...်ဖြစ်သည်။ တစ်နာရီနီးပါး ခေါ်ဆောင်လာပြီးနောက် ကျွန်းလေး ...စ်ကျွန်းကိုလှမ်းပြီးတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထွန်း..."

"ပြော...ပြောပါတူမ..."

"ဒီကျွန်းကို ဘယ်လိုခေါ်လဲ"

"ရေပေါ်ကျွန်း...ကျွန်းပါ"

ဦးထွန်းတစ်ယောက် စကားလုံးတွေထစ်ငေါ့နေပြီး မျက်စိမျက်နှာပင် ပျက်နေသည်၊ တဖြည်းဖြည်းနှင့်ရေပေါ်ကျွန်းသို့ရောက်ခဲ့ကြပြီဖြစ်သည်၊ ကျောက်ဆောင်နှစ်ခုကြားတွင် စက်လှေကို ဆွဲကပ်လိုက်ပြီး...

"ရှေ့ကနေ ကောင်းကောင်းသွားကြ၊ ပြေးလည်း ဘာမှမထူးဘူးနော်"

နင်းဆီမိုး... စည်သူ လက်ကိုဆွဲပြီးလျှောက်လာခဲ့သည်၊

"ဟား...ဟား...ဟား..."

"ဟင်...ဇော်ကြီးအောင်နဲ့ ဘဦး"

ရယ်မောသံများနှင့်အတူ ဇော်ကြီးအောင်နှင့်ဘဦးတို့ကိုတွေ့လိုက်ရတာကြောင့်အဖြေကို သိလိုက်သည်၊

"ကမ်းရိုးတန်းမှာ ဇော်ကြီးအောင်ကို အန်တုရင် ဘာဖြစ်တတ်တယ်ဆိုတာကို သဘောမပေါက်သေးလို့ပါ၊ ကဲ...ဒေါ်နင်းဆီမိုးခင်များအတွက် ပင်လယ်ပြင်ကြီးက နတ်သမီးတစ်ပါးအဖြစ် ဖေ





ဆောင်ကြမှာပါ"

"ရှင် သတ်ချင်ရင်သတ်လိုက်၊ ဘာမှ မပတ်သက်တဲ့သူတွေပြန်ပြီးလွှတ်ပေးလိုက်ပါ"

"ကျုပ်က စပ်ညှိညှိကောင်မဟုတ်ဘူး၊ သူတို့ကိုလွှတ်ပေးတာနဲ့ ကျုပ်လည်ပင်းကို ကြိုးကွင်းစွပ်သလိုဖြစ်သွားမှာပေါ့၊ ..မယ့်ရှင်း အကုန်ရှင်းရမှာပဲ၊ မတတ်နိုင်ဘူး"

"မ...မမိုး..."

စည်သူနှင့်မေလှိုင်တို့အတွက် နင်းဆီမိုး စိတ်မကောင်းရှိကပြီး ဘာမှမတတ်နိုင်သောအခြေအနေကို ရောက်နေလေပြီ၊ ထွက်..တ်မဲ့နေသော သတ်ကွင်းထဲရောက်နေပြီဖြစ်ကြတာမို့ ကံကိုပဲ ပုံချရ..တော့မှာဖြစ်သည်၊

"ဆရာဇော်ကြီး... ခုတစ်ခါတည်း ရှင်းမှာလား"

"နေပါဦး ဘဦးရာ၊ ဆန္ဒတွေ မစောပါနဲ့၊ ဒီလောက်လှတဲ့..ကလေးကို ချက်ချင်းကြီးသတ်ပစ်ရမှာ နမြောစရာကြီး၊ အလှအပ..းပေါ်မှာ အရသာခံပြီးမှ သတ်ကြတာပေါ့၊ သူတို့ကို သစ်ပင်မှာ သွား..ကြိုးချည်ထားလိုက်... ပြီးရင်သောက်ပွဲ စားပွဲလေးလုပ်ကြပြီးမှ..က်တစ်ဆင့်ကို လုပ်ကြတာပေါ့ ဟားဟားဟား..."

"လာခဲ့ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မ…မမိုး…ကယ်ပါဦး…ဟီး…အီး…"

"နင်းဆီမိုး"

လူဆိုးတွေ ဆွဲခေါ်သွားပြီး သစ်ပင်တွင် ကြိုးနှင့်ချည်နှော
ထားလိုက်ကြသလို စည်သူမှာ ငိုကြွေးနေလေသည်။ နင်းဆီမိုး အရ
ပ်မှာ အညှံ့ခံခြင်းနှင့်အဆုံးမသတ်နိုင်၊ နောက်ဆုံးထွက်သက်
လွတ်မြောက်ရေးကိုကြံစည်ရမည်ဖြစ်သည်၊ အဓိကကတော့ စည်သူ
မေလှိုင်နှင့်ဦးထွန်းတို့ လွတ်မြောက်ရေးပင်ဖြစ်သည်။

"ဟင်…"

နင်းဆီမိုး တို့နှင့်အတူ အဖမ်းခံထားရသောဦးထွန်းကို ဘ
ပန်းဖက်ပြီးခေါ်သွားသောကြောင့်….

"နင်းဆီမိုး …သူတို့ကတစ်ဖွဲ့တည်းပဲ"

"ဟုတ်တယ်… သစ္စာမရှိကြတဲ့လူတွေပဲ"

နင်းဆီမိုး …ခံပြင်းစွာနှင့်ဦးထွန်းကိုလှမ်းပြီးကြည့်မိလေ သည်
ကမ်းရိုးတန်းဒေသတွင် စိတ်ချယုံကြည်ရသူ တစ်ယောက်မှ မရှိ
တော့ပါ။

■■



ပင်လယ်ရေပြင်ကြီးပေါ်မှာ ဖြတ်သန်းတိုက်ခတ်နေသော
လေရှူးဒေအးကြောင့် စိတ်အာရုံတွေထဲတွင် ကြည်လင်သွားပါသည်။
ဒေါင်းလူ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးထဲမှာ လူဖြစ်ခဲ့ရသော သူ့
ဘဝကို တွေးရင်း ဤလောကကြီးထဲတွင် လူဖြစ်ခဲ့ရသော သူ့ဘဝကို
ဝမ်းနည်းသလို ခံစားခဲ့ရပေမဲ့ စိတ်ဓာတ်၏ ပုံကိုင်မှုပေါ်မှာ အားငယ်
စိတ်နှင့် ထိန်းကျောင်းမယ့်သူမဟုတ်တာကြောင့် ဝမ်းနည်းကြေကွဲ
ခြင်းတွေကို မောင်းထုတ်ပစ်လိုက်သည်။

"ခါးခါး…"

"ဘာလဲ ဒေါင်းလူ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရှိန် သင်ပေါင်းပိုး ဘယ်မှာရနိုင်မလဲ"

ခါးခါးစက်လှေကိုပဲ့ကိုင်ရင် ဒေါင်းလူပြောလိုက်သော စကားကို စဉ်းစားနေသည်၊ ပြီးတော့မှ—

"ဟုတ်ပြီ"

"ဘာဟုတ်တာလဲကွ"

"မင်းစားချင်တဲ့ သင်ပေါင်းပိုးကို ရေပေါ်ကျွန်းဘက်မှာဆို ရနိုင်တယ်"

"သွားရမှာ ဝေးတယ်၊ ဦးဖင်းနိုင်းတာတွေ မမီဘူးဖြစ်နေဦးမယ် ခါးခါး"

"မမီစရာမရှိပါဘူးကွာ၊ ဦးဖင်းက ညတောင်အိပ်ချင်အိပ်လို့ မှာလိုက်တာပဲ"

"ဒါဆို..ရေပေါ်ကျွန်းဘက်ကိုမောင်းကွာ"

"အိုကေ..."

ရွာမှစပြီးထွက်လာစဉ်တုန်းက ရေပေါ်ကျွန်းဘက်ကိုသွားဖို့ စိတ်ကူးမရှိကြပေမဲ့ ဒေါင်းလူ၏ တောင့်တမှုကြောင့် စက်လှေလေး ရေပေါ်ကျွန်းဘက်သို့ ဦးတည်မောင်းလာခဲ့သည်၊

"ခါးခါး... ရေပေါ်ကျွန်းအခြေအနေ ဘယ်လိုလဲ၊ အရင်အတိုင်းပဲမဟုတ်လား"





"တခြားအရာတွေသာ ပြောင်းလဲရင် ပြောင်းလဲသွားမယ်၊ ရေပေါ်ကျွန်းကတော့ ဒီပုံစံအတိုင်းပဲပေါ့၊ တစ်ခုတော့ရှိတယ်၊ လူသွားလူလာတော့ သိပ်ပြီးမရှိကြတော့ဘူး"

"ဘယ်လိုဖြစ်လို့လဲ"

"တခြားအကြောင်းတော့မရှိပါဘူး၊ ရေပေါ်ကျွန်းနားက အရင်လို ငါးမတိုးကြတော့ တံငါသည်တွေ မသွားကြတော့ဘူးလေ"

"အင်း.. မြန်မာ့ပင်လယ်ပြင်မှာ အရင်လို ငါးတွေမပေါ်များတော့ဘူးနော်"

"ဒါကလည်း လူတွေ စည်းကမ်းမဲ့တာလည်းပါပါတယ်၊ ငါးရရင်ပြီးရောဆိုပြီး ငါးပေါက်ကအစ ဖမ်းတော့တာပဲ၊ ဒါတောင် အစိုးရက တားမြစ်ထားလို့၊ ဒီကြားထဲ ဟိုဘက်နိုင်ငံက မှောင်ခိုငါးဖမ်းစက်လှေတွေကလည်း လစ်ရင်လစ်သလို ဝင်ပြီးဖမ်းနေကြတာ၊ ကြာတော့ ငါးတွေ ပင်လယ်ထဲမှာ နည်းလာတာပေါ့"

"လူတွေအတွက် သဘာဝတရားကြီးက ဖူလုံအောင်ပေးထားတာတောင် လူတွေရဲ့လောဘတွေကြောင့် သဘာဝတရားတွေလည်း ပျက်စီးနေကြပါပြီကွာ"

သူငယ်ချင်းနှစ်ယောက် စကားပြောရင်း စက်လှေကိုမောင်းလာကြရာ ရေပေါ်ကျွန်းကြီးကို လှမ်းပြီးတွေ့နေရလေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းလူ မရောက်တာကြာပြီဖြစ်သော ရေပေါ်ကျွန်းကြီးကို မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

"အရှေ့ဘက်က လှိုင်းငြိမ်တယ်၊ ဒီကပဲ ကျွန်းပေါ်ကိုတက်ကြမလား"

"မင်းသဘောပဲ ခါးခါး"

ကျွန်းနားကိုရောက်ပြီဖြစ်သောကြောင့် စက်ကိုရပ်ပြီး လှော်တက်ဖြင့် လှော်ခတ်လာကြသည်။ ကျွန်းရဲ့ကျောက်ဆောင်ကြားတွင် လှေကိုဆွဲတင်ပြီး ကြိုးချည်ပြီး ကျွန်းပေါ်သို့တက်ခဲ့ကြသည်။

"ဒေါင်းလူ..ရှေ့..ရှေ့မှာ စက်လှေ (၂)စီး"

"အေး..ဟုတ်တယ်၊ ငါတို့လိုပဲ ကျွန်းပေါ်မှာ တစ်ခုခုလာရှာတာနေမှာပေါ့"

"ခုတလော ပင်လယ်သူခိုးတွေခြေရှုပ်နေကြတယ်၊ ပင်လယ်သူခိုးတွေများဖြစ်နေမလားမသိဘူး"

ခါးခါးစကားကြောင့် ဒေါင်းလူရှေ့ကိုလှမ်းနေသောခြေလှမ်းတွေကို ရပ်လိုက်ပြီး ကျောက်ဆောင်ဘေးတွင်ကပ်ကာ ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။

"ဟင်.."

"ဘာ...ဘာဖြစ်လို့လဲ ဒေါင်းလူ"





"ဟို...ဟိုသစ်ပင်မှာ လူသုံးယောက်ကို ကြိုးတွေနဲ့ချည်ထားတယ်ကွ"

"ဟာ..ဟုတ်တယ်"

ဖမ်းထားသော လူ(၃)ယောက်နှင့် သိပ်မဝေးသောနေရာတွင် ဝိုင်းဖွဲ့ပြီး အရက်သောက်နေသူတွေကိုပါ တွေ့လိုက်ရသည်။

"ဒါ..ကောင်းတဲ့မြင်ကွင်းတော့ မဟုတ်ဘူး ခါးခါး"

"မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ဒီလူတွေကို ကယ်ချင်တယ်"

"ဟိုကောင်တွေက အုပ်စုကောင်းတယ်၊ သေနတ်တွေဘာတွေပါနိုင်တယ်နော်"

"အခြေအနေပေါ်ကြည့်ပြီး လှုပ်ရှားကြတာပေါ့ကွာ"

ဒေါင်းလူနှင့် ခါးခါး သောင်ပြင်ကျောက်ဆောင်တွေကို အကာအကွယ်ယူပြီး တောစပ်နားကို တစ်ဖက်မှလူတွေမတွေ့အောင် ချဉ်းကပ်လိုက်သည်။

"ခါးခါး.."

"ပြော..ဒေါင်းလူ"

"အရင်ဆုံး ဖမ်းထားတဲ့လူတွေကို ကယ်မယ်"

"အင်း.."



www.burmeseclassic.com

www.burmeseclassic.com



တောစပ်ရှိသစ်ပင်များကို အကာအကွယ်ယူပြီး ဖမ်းထာ
သောသူတွေဆီ ရောက်အောင်သွားလိုက်ကြသည်။

"ဟင်...."

"ရှူး...."

ခေါင်းလူကို လှမ်းပြီးမြင်သွားသော နင်းဆီမိုးကို ခေါင်းလ
အသံမထွက်ဖို့အချက်ပြလိုက်သည်။ ကြိုးတွေချည်နှောင်ထားသေ
သစ်ပင်ဆီသို့ သွားလိုက်သည်။

"ထောက်..."

ခေါင်းလူ...ကြိုးတွေကို ပါလာသောဓားဖြင့်ဖြတ်တောက်ပ
အခြေအနေကို ကြည့်နေစဉ် အရက်ဗိုင်းမှတစ်ယောက်ထပြီးလာ
သည်။

"သူတို့တွေဆီမှာ သေနတ်ပါလား"

"အင်း...ဓားတွေ၊ လှံတွေတော့ပါတယ်"

"ဒါဆိုရင် ရှင်းလို့ရတယ်"

လှံကိုင်ဆောင်ထားသောလူဆိုး သစ်ပင်နားကိုရောက်ေ

"မင်းသမီး...မင်းကို ငါတို့ဆရာက စကားပြောချင်လို့
လိုက် ခဲ့ပါဦး"

"ကြိုးတွေချည်ထားတာ ဘယ်လိုလိုက်ရမလဲ"





"ဟုတ်သားပဲ၊ ဘွာတေး...မေ့သွားလို့"

"မေ့ချင်ရင် အပြီးသာမေ့လိုက်တော့"

"ဟင်...မင်း...မင်း..."

"ဖြောင်း...အီး..."

"ဟာ...ဟိုမှာ ရန်သူ"

အရက်ဗိုင်းမှလူတွေ မထင်မှတ်သောမြင်ကွင်းကြောင့် ထိုင်
နေရာမှ ထလိုက်ကြသည်။

"ခါးခါး...မင်းသူတို့ကို စက်လှေဆီရောက်အောင်ခေါ်သွား"

"မင်းကရော"

"ငါဒီကောင်တွေ ရှင်းပြီးတာနဲ့လိုက်ခဲ့မယ်"

"မင်းတစ်ယောက်တည်းဖြစ်ပါ့မလား"

"သေနတ်ကလွဲပြီး ကျန်တဲ့လက်နက်ကို ငါ ဂရုမစိုက်ဘူး၊
ခေါ်သွားစရာရှိတာ ခေါ်သွားစမ်းပါကွာ"

နင်းဆီမိုးတို့ကို ခါးခါး ရှေ့ကနေ ဦးဆောင်ပြီးစက်လှေဆီသို့
သုတ်ခြေတင်တော့သည်။

"တစ်ယောက်မှ မလွတ်စေနဲ့ လိုက်ကြစမ်း"

ဖော်ကြီးအောင် သူ့လူတွေကိုအော်ဟစ်ပြောဆိုပြီး ခါးခါးတို့
နောက်ကို ပြေးလိုက်ကြလေသည်။ ခေါင်းလူအတွက် ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်မစွာ တစ်ဖက်မှလူများပြေးလိုက်စရာလမ်းကကျောက်ဆောင်နှစ်ခုကြားဖြစ်နေတာကြောင့် လက်ထဲကလှံနှင့်အသင့်စောင့်ပြီး တစ်ယောက်ချင်း တိုက်ခိုက်နိုင်သည်။

"ဖြောင်း…ဒုတ်…ခွပ်…အီး…အား…အင့်…"

လူမိုက်၊ လူဆိုးတွေရဲ့မိုက်ရူးရဲတိုက်ခိုက်မှုတွေကြောင့် ဒေါင်းလူ တိုက်ပွဲလေးမှာ သိပ်ပင်မကြာလိုက်ပါ။ ဒေါင်းလူ၏လှံ ရိုက်ချက်အောက်တွင် အထိနာခဲ့ကြတော့သည်။ နောက်ဆုံး ကျန်သူ (၂)ဦးကတော့ ဇော်ကြီးအောင်နှင့်ဘဦးတို့ဖြစ်သည်။

"မင်းတို့နှစ်ယောက်က ဆရာတွေနဲ့တူတယ်"

"မင်း…မင်း…ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့ကောင်"

"မြန်မာပြည်မှာမြန်မာလူမျိုးတစ်ယောက် အန္တရာယ်ဖြစ်နေတာကိုခေါင်းရှောင်တတ်တဲ့မြန်မာထဲမှာ ငါမပါဘူး"

"ဘဦး…ဘာကြည့်နေတာလဲ"

ဇော်ကြီးအောင်…ဘဦးကိုအတင်းတိုက်ခိုက်ခိုင်းနေပေမဲ့ ဘဦး သူ့ရှေ့ကကောင်တွေကိုတွေ့ပြီးရှေ့ကို မတိုးဝံ့ဖြစ်နေသည်။

"သွားလေကွာ…"

"ခင်ဗျားလူက တစ်ယောက်တည်းမလာရဲဘူးဖြစ်နေတာ၊ ခင်ဗျားပါဝင်လိုက်လေ"





"အေး…လာပြီကွ…ဗို…ဗို…"

ဇော်ကြီးအောင် သူ့လက်ထဲမှ ဓားရှည်ဖြင့်ဝင်ပြီးပိုင်းသလို ဘဦးကလည်း လှံဖြင့်ဝင်ပြီး ထိုးကြပေမဲ့ ဒေါင်းလူအတွက်တော့ ဘာမှ မဟုတ်သော တိုက်ခိုက်မှုသာဖြစ်ခဲ့ပြီး…

"ဖြောင်း…ဒုတ်…အင့်…အား…"

ဒေါင်းလူ၏လှံဖျူရှမ်းချက်အောက်မှာ နှစ်ယောက်လုံး ချက်ကောင်းတွေကိုထိပြီး နောက်ထပ်အသံတွေပင် မထွက်နိုင်ကြတော့ပါ။ ပွဲကတော့ ပြီးဆုံးသွားပြီဖြစ်သောကြောင့် ဒေါင်းလူ သူတို့ကြိုးဖြင့် သူတို့ကို ပြန်ချည်ပြီး စက်လှေပေါ်ကို တင်လိုက်သည်။

"ကဲ…ဆရာသမားတွေစက်လှေပေါ်မှာ သက်သက်သာသာ လိုက်ခဲ့ကြပေတော့"

စက်လှေ(၂)စီးပေါ်မှာ တင်ဆောင်ပြီး မောင်းထွက်ခဲ့တော့သည်။ ရေပေါ်ကျွန်းသို့ ဒေါင်းလူလာခဲ့ရသော ရည်ရွယ်ချက်နှင့်တွေ့ကြုံလိုက်ရသော ဖြစ်စဉ်တွေက တခြားစီဖြစ်နေလေပြီ။

"ဟူး…မင်းတို့ပဲ ကံဆိုးတာလား ငါပဲ ကံမကောင်းတာလားတော့မသိဘူး၊ အင်း… သေချာတာတစ်ခုကတော့ ဥပဒေနဲ့မကင်းတဲ့ လူတွေအတွက်တော့ အမှန်တရားအံတိုင်းပဲ ခံကြပေါ့ကွာ"

ရေပေါ်ကျွန်းလေးကို ဒေါင်းလူမောင်းလာသော စက်လှေ



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ တဖြည်းဖြည်းနှင့် ကျန်ရစ်ခဲ့လေပြီ၊ ခါးခါး စက်လှေဖြ
ခေါ်ဆောင်သွားသူတွေကို အရိပ်အယောင်ပင် မတွေ့ရတော့ပေ
အကယ်၍ ဒေါင်းလူ တစ်စုံတစ်ရာဖြစ်ခဲ့ရင်တောင် ထိုလူတွေ သေ
ပေါက် လွတ်မြောက်ကြမှာဖြစ်သည်။

"ခင်...ခင်ဗျားအါ ဘာလုပ်တာလဲ"

သတိပြန်ရလာသော ဇော်ကြီးအောင်က ဒေါင်းလူကိုလှမ်း
ပြီး မေးလိုက်သည်။

"ဘာလုပ်ရမလဲ၊ မင်းတို့ကို ဖမ်းလာတာလေ"

"ဟာ...ဗျာ... မလုပ်ပါနဲ့၊ လွှတ်ပေးပါ၊ တောင်း...တောင်းပ
ပါတယ်"

"မင်းတို့ တောင်းပန်လည်း ဟိုရောက်မှ တောင်းပန်ကြ
တော့"

"ခင်ဗျားကို ငွေဘယ်လောက်ပေးရမလဲ"

"ဘာကွ၊ မင်းက ငွေဘယ်လောက် ရှမ်းသာနေလို့လဲ၊ မင်
စကားကြောင့် လွှတ်ပေးချင်တဲ့စိတ်ကလေးတောင်ပျောက်တယ်"

"ထပ်ပြီးတောင်းပန်ပါတယ်ဆရာရယ်၊ လွှတ်ပေးပါဗျာ"

"ပါးစပ်ပိတ်ပြီးလိုက်ခဲ့မလား၊ ငါက ဒီလှော်တက်နဲ့မင်းပါးစပ်
ကို ပိတ်ရမလား၊ ကြိုက်တာရွေး..."





ဒေါင်းလူ လှော်တက်ကိုကိုင်ပြီး သူ့ဘေးတွင်ထားလိုက်တာ
ကြောင့် ဇော်ကြီးအောင် စကားသံဆက်ပြီးထွက်မလာတော့..

"အားမငယ်ပါနဲ့ကွာ၊ မင်းတို့က အဖော်အပေါင်းတွေနဲ့
အဖမ်းခံရတာဆိုတော့ ပျင်းစရာမကောင်းပါဘူး"

ဒေါင်းလူ စက်လှေကလေး မြို့ဆိပ်ကမ်းကိုတွေ့နေရပြီဖြစ်
သည်။ အဝေးမှ ဆိပ်ကမ်းရဲတပ်ဖွဲ့အလံကို လွှင့်ထူထားသော ရဲ
စက်လှေ (၂)စီးကို လှမ်းပြီးတွေ့လိုက်ရတာကြောင့် ခါးခါးတို့ သူ့ဆီကို
လာပြီးလာနေခြင်းသာဖြစ်မည်ဟု ထင်မှတ်လိုက်သည်။

ဒေါင်းလူ ထင်သည့်အတိုင်းပင် ရှေ့မှလာနေသော စက်လှေ
ပေါ်တွင် ခါးခါးနှင့် ဒေါင်းလူ ကယ်တင်ခဲ့သော မိန်းကလေးကိုပါတွေ့
လိုက်ရသည်။

"ဒေါင်းလူ"

"ခါးခါး"

စက်လှေကို စက်သတ်ပြီးလှေချင်းကပ်လိုက်တော့မှ
ဒေါင်းလူ ဖမ်းထားသော ဇော်ကြီးအောင်တို့ကို သက်ဆိုင်ရာ ရဲအရာရှိ
ထံသို့ လွှဲပြောင်းပေးလိုက်တော့သည်။ ဒေါင်းလူကတော့ စက်လှေ
ပြောင်းပြီး ခါးခါးတို့စက်လှေပေါ်ကိုတက်လိုက်တော့သည်။

"ဟူး...တော်သေးတာပေါ့ကွာ၊ ငါ...မင်း...တစ်ခုခု ဖြစ်ပြီနေ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ခပ်ညှံ့ညှံ့လူဆိုးတွေနဲ့တွေ့လို့ပေါ့"

"ကျေးဇူးတင်ပါတယ် ကိုဒေါင်းလှ"

"ဩော်...ရပါတယ်"

သူ၏နောက်ဘက်မှမိန်းကလေးစကားသံကြောင့် ဒေါင်းလှ

ခပ်ပြုံးပြုံးလေးနှင့်တုံ့ပြန်လိုက်သည်။

"ကျွန်မ နင်းဆီမိုးပါ"

"ဟုတ်ကဲ့"

"ခုလို ကျွန်မတို့ကို ကယ်တင်ခဲ့တဲ့ကျေးဇူးကို မမေ့ပါဘူး"

"တိုက်တိုက်ဆိုင်ဆိုင် ကယ်ခွင့်ရလိုက်တာပါ၊ ခင်ဗျား ကျေး

ဇူးတင်ရင် ကျုပ်ကို မတင်နဲ့ သင်ပေါင်းပိုးကိုကျေးဇူးတင်"

"ရှင်..."

ဒေါင်းလှစကားကို နင်းဆီမိုး နားမလည်သလိုဖြစ်သွာ

သည်။

"ဒီလိုဗျ...ဒီကောင်ကြီးကပင်လယ်ထဲရောက်မှ သင်ပေါင်းပိုး

စားချင်စိတ်ပေါက်လာတာနဲ့ ရေပေါ်ကျွန်းဘက်ကို ရောက်ဖြစ်သွားကြ

တာ"

"ဩော်...ဒါကြောင့်ကိုး၊ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ခုလို ကယ်





တင်ပေးတဲ့ပေါ်မှာတော့ ကျွန်မ မမေ့ပါဘူး"

အနောက်လေရှူးလေးကြောင့် တစ်ချက်တစ်ချက် နင်းဆီမိုး

ဆီမှ ကိုယ်သင်းရနံ့သက်လေး တိုးဝင်နေလေသည်။

လောကကကြီးမှာ လှည့်ကွက်တစ်ခုပေါ်မှာ မတွေ့ဘူး၊ မမြင်

ဘူးကြသော လူနှစ်ယောက် ဆုံစည်းလိုက်ကြရသည်။ သူတို့ နှစ်

ယောက်၏ ဆုံစည်းမှုသည် ဇ ရှုအနာဂတ်ဆီသို့ ကပ်တွယ်၍ ပါလာ

မည်ကိုတော့ ဒေါင်းလှ သတိမပြုမိတာတော့ အမှန်တကယ်ပင်ဖြစ်

သည်။

■■



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းလှုတို့ဆိပ်ကမ်းရဲစခန်းထဲမှ အပြင်ကိုပြန်ပြီးထွက်လာတော့ မှောင်စပြုနေပြီဖြစ်သည်။ သူတို့နှင့်အတူ နှင်းဆီမိုး၊ မေလှိုင်နှင့် စည်သူတို့ (၃)ယောက်ပါ နောက်ကနေ လိုက်ပြီးထွက်လာကြသည်။

"ခါးခါးရေ.. ဒီညတော့ ခရီးဆက်ဖို့တော့မလွယ်တော့ဘူး။ ဘယ်လိုလုပ်မလဲ"

"ဦးမောင်ကြည်အိမ်မှာပဲ အိပ်ကြတာပေါ့"

"အိပ်တာက နောက်ထား။ ခုလောလောဆယ် ဗိုက်ဆာနေပြီ"

"မြို့ထဲမှာ တစ်ခုခုဝင်ပြီးစားကြမယ်"





"အင်း...သူတို့ကို နှုတ်ဆက်ပြီး လမ်းခွဲကြမယ်"

ဒေါင်းလှုနောက်မှ လျှောက်လာသော နှင်းဆီမိုးတို့ကို ရပ်ပြီး စောင့်နေလိုက်သည်။ အနားကိုရောက်တော့...

"ကိုဒေါင်းလှုနဲ့ကိုခါးခါးတို့က ဘယ်ကိုခရီးဆက်ကြမှာလဲ"

"ဒီညတော့ အသိတစ်ယောက်ဆီမှာ အိပ်ပြီး မနက်ဖြန်ကျမှ ပြန်တော့မယ်"

"ကျွန်မမှာ ကားပါပါတယ်၊ လိုက်ပို့ပေးပါ့မယ်"

"ရပါတယ်ဗျာ"

"မဟုတ်တာ၊ ကိုဒေါင်းလှုရယ်၊ ကျွန်မအတွက် ဒီလောက်လေးကူညီရတာ ဘာမှမပြောပလောက်ပါဘူး။ ပြီးတော့ညစာ တစ်ခုခု စားကြရအောင်"

"ကောင်းပြီလေ"

"စည်သူ.."

"ဗျာ.. မမမိုး"

"စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ကို သွားကြမယ်"

"ဟုတ်ကဲ့"

ကားရှေ့ခန်းတွင် ဒေါင်းလှုကို တက်ခိုင်းပြီး ခါးခါးနှင့် နှင်းဆီမိုးတို့က ကားနောက်ခန်းကနေ လိုက်ပါလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒေါင်းလူတို့ မြို့မှာ အသိရှိတယ်ပေါ့"

"ဟုတ်တယ်... ဦးမောင်ကြည်အိမ်မှာပဲ ဒီညတည်းကြမှာပါ ပြီးတော့ သူနဲ့လည်းကိစ္စလေးရှိတယ်"

"ဦးလေးမောင်ကြည်အိမ်ကိုသွားရမှာဆိုရင်ဦးလေးမောင်ကြည် က ကျွန်မလုပ်ငန်းရဲ့စာရင်းကိုင်ကြီးပါ"

"ဪ... ဒါဆိုရင်တော့ အဆင်ပြေသွားတာပေါ့ဗျာ"

စည်သူ မောင်းလာသောကားလေးမှာ အရက်မရောင်းသော စားသောက်ဆိုင်လေးရှေ့တွင် ကားထိုးရပ်လိုက်သည်။

"စည်သူရယ်၊ အသောက်အစားလေးဘာလေးရတဲ့ဆိုင်တို့ တော့မရှာဘူး"

"ကျွန်တော်တို့က အရက်မသောက်ပါဘူး"

"သောက်ချင်တဲ့ဆန္ဒရှိရင် သောက်နိုင်ပါတယ်"

"တကယ်ကို အရက်မသောက်တတ်တာပါ"

"ကောင်းတာပေါ့ရှင်"

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမှုလေးမှာ နာရီပိုင်း လောက်သာရှိခဲ့ကြသော်လည်း ခင်မင်မှု၊ရင်းနှီးမှုလေးတွေမှာ သူစိမ်း မဆန်ကြတော့ပေ။

"ကိုဒေါင်းလူက ဒီဒေသဇာတိလားဟင်"





နှင်းဆီမိုးစကားကို ဒေါင်းလူ ချက်ချင်းမတုံ့ပြန်သေးဘဲ စကား ခဏ ငြိမ်နေပြီး...

"ဟုတ်တယ်လည်း ဆိုလို့ရတယ်၊ မဟုတ်ဘူးလည်း ဆိုလို့ရ တယ်"

"ကိုဒေါင်းလူစကားကို ကျွန်မ သဘောမပေါက်ဘူး"

"ဒီလို မနှင်းဆီမိုးရဲ့ ဒေါင်းလူက ပင်လယ်ထဲကနေ လသား အရွယ်ထဲက မျောပါပြီး ရေနေတဲ့ကျွန်းလေးကိုရောက်ခဲ့တာ"

"ဪ..."

"မိဘတွေက ဘယ်သူဘယ်ဝါဆိုတာတောင် မသိခဲ့ပါဘူး ဗျာ၊ ခုလိုလူတစ်ယောက်ဖြစ်နေခဲ့ရတာ ရွာက ဆရာတော်ကြီး ကျေးဇူး တရားကြောင့်ပဲ ဆိုရမှာပေါ့"

"ကိုဒေါင်းလူအတွက် စိတ်မကောင်းပါဘူး"

"ငြင်းလို့မရတဲ့ ကံကြမ္မာရဲ့အကြောင်းတရားပေါ့ဗျာ၊ ဘာ တတ်နိုင်မှာလဲ၊ ပင်လယ်ပြင်ကြီးရဲ့ ငဲ့ညှာသနားမှုကိုပဲ ကျေးဇူးတင်ရ တာပါ"

"ပင်လယ်နဲ့ ပတ်သက်ရင် ကျွန်မလည်း ခံစားချက်ရှိသူပါ၊ အဲဒါ... နောက်လည်းတွေ့ကြရမယ့်သူတွေပဲ"

နှင်းဆီမိုးစကားလေးထဲတွင် နောက်တစ်ကြိမ်တွေ့ခြင်းဆို



www.burmeseclassic.com

www.burmeseclassic.com



သော မနက်ဖြန်အရိပ်အငွေ့ကလေးပါနေတာကို ဒေါင်းလှ သတိပြု လိုက်သည်၊ ထိုတွေ့ဆုံမှုကို ဒေါင်းလှဘက်မှလည်း မငြင်းချင်တာ တော့ အမှန်ပင်ဖြစ်၏။

စားသောက်ဝိုင်းလေး စကားသံတိတ်ဆိတ်သွားပြီး အစား ပေါ်မှာအာရုံစိုက် စားသောက်နေကြတော့သည်၊ စားသောက်ပြီး သည် နှင့်ကျသင့်ငွေကို နှင်းဆီမိုး ရှင်းလင်းပြီးအပြင်သို့ပြန်ပြီးထွက်ခဲ့ကြ သည်၊

"မိုးတောင်ချုပ်နေပြီပဲ၊ မနှင်းဆီမိုးတို့ပြန်ရတာ အဆင်ပြေပါ့ မလား"

"အဆင်ပြေပါတယ်"

"နှင်းဆီမိုး..."

"ဘာလဲ မေလှိုင်"

"ဖော်ကြီးအောင်နဲ့ဘဦးတို့ အဖမ်းခံထားရတယ်ဆိုပြီး တော့ လျှော့မတွက်နဲ့ဦးနော်၊ သူ့လူတွေအများကြီးကျန်သေးတာ"

"အဲ..."

မေလှိုင်သတိပေးစကားကြောင့် မမြင်နိုင်သောအန္တရာယ် ပုံရိပ်တွေကိုတွေးပြီး စိုးရိမ်သလိုဖြစ်သွားသည်၊

"ဒီလိုလုပ်ဗျာ"





"ဘယ်လိုလဲ ကိုဒေါင်းလှ"

"မနှင်းဆီမိုးတို့ကို အရင်လိုက်ပို့ပေးပြီးမှ ကျုပ်တို့အန်ကယ် ဦးမောင်ကြည်အိမ်ကိုသွားတော့မယ်၊ မမေလှိုင်ပြောသလို ကိုယ့်ဘက် က သတိပိုထားတာတော့ မမှားပါဘူး"

"ကျွန်မက ကိုဒေါင်းလှတို့ကို အားနာလှပြီ"

"ခုမှတော့ အားမနာနေနဲ့တော့...သွားမယ်"

ဒေါင်းလှတို့ကားပေါ်ကိုတက်ပြီး ကားလေးစတင်ပြီးမောင်း ထွက်လာစဥ်မှာပဲ...

"မမေလှိုင် အကြံပေးတာ မမှားဘူး"

"ဘာဖြစ်လို့လဲ ကိုဒေါင်းလှ"

"ကျုပ်တို့နောက်မှာ ဆိုင်ကယ်(၃)စီး လိုက်လာထယ်"

"ရှင်...ဟင်...ဟာ..."

ဒေါင်းလှစကားကြောင့် ကားနောက်ကိုလှည့်ပြီးကြည့်လိုက် တော့ ဆိုင်ကယ်(၃)စီး မီးထိုးပြီးလိုက်လာတာ တွေ့လိုက်ရပြန်သည်၊

"ဘယ်လိုလုပ်မလဲ"

"ငါ့အထင် ဒီကောင်တွေ ခုလိုအတင့်ရဲပြီး လိုက်လာပုံက ဒီကောင်တွေမှာ သေနတ်ပါလာနိုင်တယ်"

"ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်တိုက်ရင်ဆိုင်ဖို့တော့ မလွယ်ဘူး... လွတ်အောင်ရှ[illegible]ရမှာပဲ...မနှင်းဆီ...ရဲစခန်းကိုဖုန်းဆက်ပြီးအကြောင်းကြားလိုက်ပါ"

"ဟုတ်ကဲ့"

"စည်သူ...ကားကိုကိုယ်မောင်းမယ်"

"မောင်းလေ အစ်ကို"

စည်သူနှင့် ဒေါင်းလူနေရာချင်းလဲပြီး ကားကိုဝင်ပြီးမောင်[illegible]လိုက်သည်။အနောက်မှလိုက်လာသော ဆိုင်ကယ်(၃)စီးမှာ နီးကပ်[illegible]နေပြီဖြစ်၏။

"ဝူး..."

ဒေါင်းလူကားစက်ရှိန်ကိုမြှင့်ပြီး မောင်းလိုက်သည်။အနောက်[illegible]မှဆိုင်ကယ်တွေလည်းစက်ကုန်တင်ပြီးလိုက်လာသဖြင့်...

"အားလုံး...ထိုင်ခုံခါးပတ်တွေ ပတ်ထားပါ"

ဒေါင်းလူ သတိပေးလိုက်ပြီး ရှေ့တွင်ကားတစ်စီးသာသာ[illegible]ဆောက်ထားသော ချောင်းကူးတံတားဆီကို အတင်းထိုးမောင်းပြီ[illegible]နောက်ကြည့်မှန်ကနေ နောက်ကိုကြည့်လိုက်တော့ ဆိုင်ကယ်နှစ်စီ[illegible]ကားနှင့်အနီးကပ်ဆုံးကိုရောက်နေပြီဖြစ်သဖြင့်...

"ဝူး...ကျွိ...ဝုန်း...ဖြောင်း"

"အား...အမလေး..."





ဒေါင်းလူဘရိတ်ကို ဆောင့်နင်းပြီးရပ်လိုက်သောကြောင့်[illegible]တပ်လိုက်လာသော ဆိုင်ကယ်(၂)စီးလုံး ကားနှင့်ဝင်တိုက်သလိုအနီး[illegible]ကပ်အမှတ်မထင်လုပ်ရပ်ကြောင့်ကြောက်အားလန့်အားနှင့်ဘေးကို[illegible]ဆွဲရသဖြင့် ချောင်းရိုးထဲသို့ ဆင်းသွားသည်။ကားနှင့်ဝင်ပြီး ဆောင့်မိသောဆိုင်ကယ်ပေါ်မှလူနှစ်ယောက်လည်းလွင့်စဉ်ထွက်သွားသည်။

ဒေါင်းလူ တစ်ချက်တည်း စွန့်စားလိုက်မှုသည် အန္တရာယ်[illegible]ဆိုင်ကယ် (၃)စီးလုံးပွဲသိမ်းသလိုပင်ဖြစ်သွားလေသည်။

"တီ...ဝူး..."

နှင်းဆီမိုး... ဖုန်းဆက်အကြောင်းကြားပြီးသိပ်မကြာလိုက်၊ ရဲတပ်ဖွဲ့ကားတွေ ရောက်လာနိုင်သည်။စခန်းမှူးဖြစ်သူက ဆိုင်ကယ်[illegible]သမားတွေကိုကြည့်ပြီး..

"ဘယ်လိုဖြစ်ကုန်တာလဲ"

"ချောင်းထဲကို ရေဆင်းပြီးကူးချင်လို့နေ့တူတယ်ဗျာ"

"ဆရာ.. ဆရာ..ဒီမှာ မှတ်ကြီး"

ရဲတပ်ကြပ်မှ ဖမ်းထားသောလူဆိုးကိုလှမ်းပြီးနာမည်အော်[illegible]ပြောလိုက်တာမို့...

"ခွေးမသား၊ ဒင်းကို ဖမ်းချင်နေတာကြာပြီ ၊ ဒင်းကြောင့်[illegible]အပေါ်ကိုထုချေလွှာ တင်ရတာ မနည်းတော့ဘူး၊ ကျေးရူးတင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါင်းလူ...မုတ်ကြီးဆိုတဲ့ကောင်က လူသတ်၊ ပစ္စည်းလုပြီး ပြေးနေ တာကြာပြီ၊ အားလုံးကိုခေါ်ခဲ့ကြပေ့ာ၊ ဆိုင်ကယ်တွေကို နောက်မှပဲဆွဲ တင်ကြတော့၊ သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ စခန်းမှူးကြီး"

ရဲတပ်ဖွဲ့ဝင်ကားများထွက်သွားပြီးနောက်....

"မနင်းဆီမိုး...ခွင့်လွှတ်ပါ"

"အယ်... ကျွန်မက ဘာကိုခွင့်လွှတ်ရမှာလဲ၊ ရှင်းပါဦး"

"ကျုပ်ကြောင့် မနင်းဆီမိုးကား နောက်ပိုင်းပျက်စီးသွားတာ ကို တောင်းပန်ပါတယ်"

"ကိုဒေါင်းလူရယ်၊ ဒါက တောင်းပန်စရာကိစ္စမှမဟုတ်တာ ကားနောက်ပိုင်းပျက်စီးရုံတင်မကဘူး၊ တစ်စီးလုံးပျက်စီးသွားလည်း စိတ်ဆိုးစရာမရှိပါဘူးရှင်၊ ကားမောင်းလို့ရသေးတယ်မဟုတ်လား"

"မောင်းလို့ ရပါသေးတယ်"

"ပြန်ကြရအောင်"

"ဟုတ်ကဲ့"

အားလုံး ကားပေါ်ကိုပြန်တက်ခဲ့ကြပြီး တံတားလေးကို ဖြတ် ကျော်ကာ ပြန်လာခဲ့ကြတော့သည်။

နင်းဆီမိုးအတွက် လိုအပ်နေသော သူရဲကောင်းတစ်ဦးကို





တွေ့လိုက်ရသလိုပင်.....

■■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

လူသည် သတ်မှတ်ချက်နှင့်ဘဝကို ဖြစ်တည်ရသည်မှာ မပြောင်းနိုင်သော လောကပုစ္ဆာ တစ်ပုဒ်ပင်ဖြစ်သည်၊ ယခု ဒေါင်းလူနှင့် နင်းဆီမိုးတို့ ကံကြမ္မာသည်လည်း သတ်မှတ်ချက်နှင့်အညီ ချိန်ကိုက်ပြီး ဆုံစည်းခဲ့ကြသလို အနာဂတ်ဆီသို့လည်း အတူခရီးသွားကြဖို့ကို ဖြစ်တည်လာပြန်သည်၊

"အန်ကယ့်အနေနဲ့မောင်ဒေါင်းလူကိုတောင်းဆိုတာ ပါကွယ်"

ဦးမောင်ကြည်...စကားနှင့်အတူ နင်းဆီမိုးမျက်လုံးအစုံတို့





သည် ဒေါင်းလူဆီသို့တိုက်ရိုက်ရောက်လာခဲ့သည်၊ ဘေးတွင်ထိုင်နေကြသော မေလှိုင်နှင့်ခါးခါးတို့ကလည်း ဒေါင်းလူ အဖြေစကားကို စောင့်နေကြသည်၊ ထိုသို့တောင်းဆိုမှုသည် ဦးမောင်ကြည်၏ဆန္ဒက အဓိကမဟုတ်ဘဲ နင်းဆီမိုး၏ တောင်းဆိုမှုကို ဦးမောင်ကြည်မှ ကိုယ်စားပြုပြောနေတာကို ဒေါင်းလူ သဘောပေါက်လိုက်သည်၊

"ကျွန်တော့်ဘက်က ငြင်းစရာမရှိပါဘူး၊ဒါပေမဲ့ဆရာတော် အရိပ်အောက်မှာ နေနေရတာဆိုတော့ ဆရာတော်ခွင့်ပြုချက်က တော့ လိုအပ်ပါတယ် အန်ကယ်"

"ဒီကိစ္စအတွက် အန်ကယ့်တာဝန်ထားလိုက်"

ဒေါင်းလူ၏သဘောတူမှုရသွားသည်နှင့် နင်းဆီမိုးမျက်နှာလေးမှာနေလောင်ပန်းကလေး မိုးစက်ထိသွားသလို လန်းဆန်းသွားတော့သည်၊

"ဒါဆို ကျွန်တဲ့ကိစ္စတွေကို တူမ နင်းဆီမိုးနဲ့ဆက်ပြီးဆွေးနွေးကြတော့၊မင်းတို့ပြန်ရင် အန်ကယ်ပါတစ်ခါတည်း ဆရာတော်ဆီ ကိုလိုက်ပြီးလျှောက်တင်မယ်"

"အန်ကယ်.."

"ပြောလေ...တူမ"

"သမီးတို့ပါ ကိုဒေါင်းလူတို့ရွာလေးကိုလိုက်လို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတာပေါ့ကွယ်၊ ပို့ပြီးတောင်ကောင်းသေးတယ်၊ ခုဆောက်နေတဲ့ သိမ်တော်ကြီးအတွက် သမီးကိုယ်တိုင်လှူဒါန်းနိုင်တာ ပေါ့၊ စကားပြောနှင့်ကြဦး၊ ဒီနေ့ဝင်လာတဲ့စက်လေ့ဖော်တွေဆီကို အန်ကယ် သွားပြီးကြည့်လိုက်ဦးမယ်"

"နှင်းဆီမိုး...ဒါလည်း အလုပ်ရုံကိုသွားတော့မယ်"

"အေး...အေး.."

ဦးမောင်ကြည်နှင့် မေလှိုင်ထွက်သွားပြီးသည်နှင့် ခါးခါးပါ ဟိုလိုလို ဒီလိုလိုနှင့်ထွက်သွားတာကြောင့် ဆိုင်လေးထဲတွင် ဒေါင်းလှနှင့် နှင်းဆီမိုးသာ ကျန်ရစ်ခဲ့တော့သည်။

"ကျေးဇူးတင်ပါတယ် ကိုဒေါင်းလှ"

အမှတ်တမဲ့ပြောလိုက်သောစကားကြောင့် ဒေါင်းလှ- နှင်းဆီမိုး မျက်နှာလေးကိုကြည့်လိုက်ပြီး...

"ဘာအတွက်ကျေးဇူးတွေတင်နေတာလဲ"

"ကျွန်မအတွက် ခုလိုကူညီစောင့်ရှောက်ပေးတာကို ကျေးဇူး တင်တာပါ၊ ဒီနယ်မြေဟာ ကျွန်မအတွက် နာရီတိုင်းမှာအန္တရာယ်တွေက အနီးကပ်ဆုံးရှိနေတာပါ"

"ဒါကလည်း နှင်းဆီမိုးနဲ့ကျုပ်တို့အတွက် ဒီလိုဖြစ်စေဖို့ ဖန် လာ တဲ့အကြောင်းတွေပေါ့ဗျာ၊ တာဝန်ကတော့ အရမ်းကြီးပါတယ်





ပြီးတော့ ကျုပ်အမုန်းဆုံးအရာက လူတွေကို အဓမ္မအနိုင်ကျင့်မှုတွေ၊ ဥပဒေမဲ့ ရမ်းကားမှုတွေပဲ၊ ဒီအတွက်ကြောင့် မနှင်းဆီမိုး တောင်းဆိုမှု ကို ကျုပ် မငြင်းတာပါ"

"ဥပဒေမဲ့ ရမ်းကားနေတာတော့အမှန်ပဲကိုဒေါင်းလှ၊ ဒီဒေသမှာ လူဆိုး၊ လူမိုက်၊ လူရမ်းကားတွေ၊ အရမ်းကိုပေါများနေတာ စဉ်းစား လို့တောင်မရဘူး"

"ဒါကလည်း ရှင်းပါတယ်၊ တစ်ဖက်နိုင်ငံကို အလွယ်တကူ ထွက်ပြေးလို့ရတဲ့လမ်းကြောင်းကိုသိနေလို့လေ၊ ပြီးတော့ ငွေရှာရတာ လွယ်ပြီး၊ လောင်းကစားဝိုင်းတွေကပေါတယ်၊ ကုန်းပေါ်မှာ လုပ်လို့ မရရင် ပင်လယ်ထဲမှာ သွားပြီးကစားကြ၊ ဒီလိုနဲ့ ဒီဒေသမှာ ဒုစရိုက်မှု တွေ ရပ်တန့်လို့မရအောင်ဖြစ်နေတာ၊ အဆိုးဆုံးကတော့ တစ်ဖက် နိုင်ငံက မှောင်ခိုစက်လှေတွေ ဝင်ထွက်နေမှုကြောင့် ပိုပြီးပျက်စီးနေ ကြတာ"

"အင်း...ဟုတ်မယ်နော်၊ လူဆိုး၊ လူမိုက်တွေရှိသလို လူရိုးလူ ကောင်းတွေ လည်းရှိကြပါတယ်။ ဒီထဲမှာအဆိုးဆုံးလူတွေကတော့ ခနရှင်လူတန်းစားတွေပဲ၊ ဒေသတွင်းမှာ စီးပွားရှာနေကြတဲ့ လုပ်ငန်း ရှင်တချို့ရဲ့ လောဘတွေကြီးမားမှုကြောင့် ခုလို ရာဇဝတ်မှုတွေဖြစ် ပေါ်နေရတာ၊ ဒီနယ်မြေမှာ အဆိုးဆုံးကတော့ ကြေးစားအလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြတာပဲ"

"ဒီထဲမှာ ကျူပ်တော့မပါဘူးနော်"

"ကိုဒေါင်းလူက လူမိုက်၊ လူဆိုးကြီးမဟုတ်ပါဘူး၊ ကျွန်မအတွက် ကံကြမ္မာက စောင့်ရှောက်ခွင့်ပေးလိုက်တဲ့ ကယ်တင်ရှင်တစ်ဦးပါ"

"နင်းဆီမိုးဆီက ကြားရတဲ့စကားလုံးတွေက တကယ့်ကိုပီတိဖြစ်စရာပဲဗျာ"

"စကားလုံးလှအောင် စာဖွဲ့ပြီးပြောလိုက်တာ မဟုတ်ပါဘူး၊ အမှန်တကယ် ရင်ထဲကလာတဲ့စကားစုလေးပါ ကိုဒေါင်းလူ"

"ခုထဲက ပြောစရာရှိတာလေးကို ပြောထားချင်တယ်"

"ပြောပါ"

"ရှေ့ဆက်ပြီး အန္တရာယ်ရှေးဖုန်ကိုဖြတ်သန်းကြမယ့် နှစ်ယောက်ကြားမှာ ယုံကြည်မှုတွေ ရှိဖို့လိုအပ်ပါတယ်"

"တစ်ယောက်နဲ့တစ်ယောက်တွေ့ခဲ့ကြတာ ဘာမှမရှိခဲ့ကြပေမဲ့ ကျွန်မ ကိုဒေါင်းလူကို အကြွင်းမဲ့ယုံကြည်ပါတယ်၊ ဒီယုံကြည်မှုကြောင့် ကျွန်မဘယ်တော့မှ နောင်တရမှာမဟုတ်ပါဘူး"

"ခုလိုယုံကြည်ပေးတာကို ကျေးဇူးတင်ပါတယ်"

"မ…မ…မိုး…"





"ဟင်…စည်သူ"

သူတို့ထိုင်နေသော စားပွဲဝိုင်းလေးဆီကို စည်သူအပြေးတလေးရောက်လာပြီး

"ရော့…မ…မ…စာ…စာ…"

"ဘာ…ဘာစာလဲ စည်သူ"

"မမ ဖတ်ကြည့်လိုက်ပါ"

စည်သူ့လက်ထဲက စာခေါက်လေးကို နင်းဆီမိုး ယူပြီးဖတ်လိုက်သည်။

*ဒေါ်နင်းဆီမိုး*

*ကျုပ်တို့လက်ထဲမှာဦးမောင်ကြည် သမီးရောက်နေတယ်၊ အသက်ရှင်လျက်ပြန်ပြီးခေါ်ချင်တယ်ဆိုရင် ငွေသိန်း (၁၀၀)နဲ့လာပြီးရွေးပါ… သက်ဆိုင်ရာကိုအကြောင်းကြားရင် သောင်ပြင်မှာအလောင်းကိုသာ တွေ့ရမယ်။*

*တိုက်ကွန်*

"ဟင်…"

နင်းဆီမိုး စာကိုဖတ်ပြီးတော့ ဒေါင်းလူဆီစာရွက်လေးကို လှမ်းပေးလိုက်သည်။

"ဘယ်နေရာ၊ ဘယ်မှာရွေးရမယ်ဆိုတာကို ထည့်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မရေးထားဘူး၊ ဒီကောင်တွေထပ်ပြီးတော့ ဆက်သွယ်မယ့်အခြေအနေ ရှိတယ်"

"ဟုတ်တယ်၊ ကျွန်မတို့ဘာဆက်လုပ်ရမလဲ"

"သူတို့ဘက်ကနောက်ဆက်တွဲအခြေအနေကိုစောင့်ကြည့်ကြတာပေါ့"

"သက်ဆိုင်ရာကိုရော အကြောင်းကြားမလား"

"ဒီဆိုင်ထဲမှာ စကားပြောလို့မကောင်းဘူး နှင်းဆီမိုး၊ အပြင်ကို သွားရအောင်၊ ဆိုင်ထဲမှာ ဒီကောင်တွေဘက်က လူတွေရှိနေမှာ သေချာတယ်"

စားပွဲလေးဆီမှ ထခဲ့ကြပြီး ဆိုင်အပြင်တွင်ရပ်ထားသော ကားဆီသို့ သွားကြရင်း...

"စည်သူ.."

"ဗျာ...မမိုး"

"အန်ကယ်ဦးမောင်ကြည်ကို ခေါ်ပြီးအိမ်ကိုလိုက်ခဲ့"

"ဟုတ်ကဲ့.."

ခေါင်းလူ..ဒရိုင်ဘာဘက်မှတက်ပြီးဘေးတွင် နှင်းဆီမိုးဝင်ပြီးထိုင်လိုက်သည်၊

"ဝူး..."





ဆိုင်ရှေ့မှ ကားလေးမောင်းထွက်ပြီး နှင်းဆီမိုး အိမ်ဘက်သို့ လာခဲ့ကြသည်၊ နှစ်ယောက်လုံး စကားသံတိတ်ဆိတ်စွာဖြင့် အတွေးများနေကြသည်၊

"ဝူး...ကျွိ..."

"ဟင်..."

ခေါင်းလူ ကားကိုပလက်ဖောင်းဘေးတွင် ထိုးရပ်လိုက်ပြီး

"နှင်းဆီမိုး.. ခဏလေးနော်"

"ဟုတ်ကဲ့"

ခေါင်းလူ ကားပေါ်မှဆင်းသွားပြီး တစ်ဖက်ကားလမ်းကို ဖြတ်ကူးသွားသည်၊ နှင်းဆီမိုး...ခေါင်းလူကို မျက်တောင်မခတ်ဘဲ ကြည့်နေမိ၏၊ တစ်ဖက်ကားလမ်းတွင် အမျိုးသားတစ်ယောက်နှင့် စကားပြောပြီး ခေါင်းလူ ကားဆီသို့ပြန်လာခဲ့သည်၊

"သူငယ်ချင်းတစ်ယောက်ပါ"

ဘယ်သူဘယ်ဝါဆိုတာ ဆက်ပြီးမပြောဘဲ ကားစက်နှိုးပြီး ထွက်လာခဲ့သည်၊

"နှင်းဆီမိုး.."

"ကိုခေါင်းလူ"

"ကျုပ်ဘဝနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံရော သိထားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းကျကျကြီးတော့ မသိရသေးပါဘူး"

"ကျုပ်ထောင်ကျဘူးတယ်ဆိုတာရော သိထားလား"

"ကျွန်မ...သိထားပါတယ်၊ ဘာကြောင့်ကျရတယ်ဆိုတာကိုလည်း အန်ကယ်ဦးမောင်ကြည်ပြောပြလို့ သိခဲ့ရပါတယ်၊ ဘာဖြစ်လို့ ဒီစကားကိုမေးရတာလဲ ကိုဒေါင်းလူ"

"ကျုပ်နဲ့ နင်းဆီမိုးကြားမှာ ထိမ်ချန်ထားတာမျိုး မရှိစေချင်လို့ပါ"

"ကိုဒေါင်းလူပေါ်မှာ ကျွန်မရဲ့ယုံကြည်မှုဟာ ဘာတစ်စုမှ မကျန်စေရပါဘူးရှင်..."

နင်းဆီမိုးစကားလေးကို ဒေါင်းလူကျေနပ်စွာပြုံးလိုက်မိ၏၊ ကားလေးမှာ နင်းဆီမိုး ခြံဝန်းလေးထဲကို မောင်းပြီးဝင်နေပြီဖြစ်၏။

အန္တရာယ်ပွဲစဉ်တွေက တစ်ခုပြီးတစ်ခု အဆက်မပြတ်ရောက်လာနေပြီဖြစ်တာမို့ ဒေါင်းလူတို့ သတိပေါ့လျော့လို့ပင် မရနိုင်သော အခြေအနေကိုရောက်နေခဲ့ကြပြီဖြစ်၏၊ ကားကို အိမ်ရှေ့တွင်ရပ်ထားပြီး အိမ်ထဲသို့ဝင်ခဲ့ကြသည်၊

"ကိုဒေါင်းလူ၊ ထိုင်ဦးနော်၊ ကျွန်မတစ်ခုခုစီစဉ်လိုက်ဦးမယ်"

"မနင်းဆီမိုး...ဘာမှစီစဉ်မနေနဲ့၊ ရေအေးအေးတစ်ခွက်လောက်ပဲသောက်ချင်တယ်"





"ကျွန်မ...ယူလာပါမယ်"

ဒေါင်းလူဧည့်ခန်းတွင် နင်းဆီမိုးနှင့်အတူ ထိုင်နေလို့ သိပ်ပြီးကြာ... ဦးမောင်ကြည်၊ မေလှိုင်၊ ခါးခါးနှင့်စည်သူတို့ရောက်လာခဲ့ကြသည်၊

"တူမလေးရယ်...အန်ကယ့်သမီးလေးကိုကယ်ပါဦးကွယ်"

"အန်ကယ် သိပ်ပြီး စိတ်မပူပါနဲ့၊ ကျွန်မ ကူညီမှာပါ"

"ကျေး...ကျေးဇူးတင်ပါတယ်"

ဦးမောင်ကြည်...သမီးဖြစ်သူအတွက် စိုးရိမ်ပူပန်မှုများကြောင့်စိတ်လှုပ်ရှားနေတော့သည်၊

"ကိုဒေါင်းလူ"

"သူတို့ဘက်က ထပ်ပြီး ဆက်သွယ်မယ့်အချိန်ကို သည်းခံပြီးစောင့်ကြတာပေါ့"

"သူတို့ဘက်က ဘာလို့ ခုထိ ထပ်ပြီးမဆက်သွယ်တာလဲ သိဘူး"

"ငါ့စိတ်အထင်အရတော့ ငါတို့လှုပ်ရှားမှုကို စောင့်ကြည့်နေတာဖြစ်မယ်"

ဒေါင်းလူတို့အချိန်တော်တော်ကြာတဲ့အထိ ဆက်သွယ်မှုကို စောင့်ပေမဲ့ပြန်ပေးဆွဲထားကြသော လူတွေဘက်မှဆက်သွယ်မှုထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမလုပ်သေးတာမို့ ရှေ့ဆက်ပြီး လုပ်ဆောင်ရမှာကို စဉ်းစားလို့ မရ ဖြစ်နေကြတော့၏။

"နင်းဆီမိုးကျုပ်ကို ကားနဲ့ ဖုန်းခဏဖေးလိုက်လို့ရမလား"

"ကိုဒေါင်းလူ အပြင်သွားမလို့လား"

"ဟုတ်တယ် ဒီကောင်တွေ ခုလိုအရှိန်ဆွဲနေတာ ညဘက်ကို ရွေးချယ်ထားတာသေချာနေပြီ...ကိုယ့်ဘက်က ဒီကောင်တွေ မဆက်သွယ်ခင် လှုပ်ရှားနိုင်သလောက်ကို လှုပ်ရှားထားချင်တယ်"

"ကိုဒေါင်းလူ တစ်ယောက်တည်းသွားမှာလား"

"အင်း...ဒီမှာခါးခါးကျန်ခဲ့မယ် တကယ်လို့ အကြောင်းကိစ္စ ပေါ်လာရင် ခါးခါးကိုလွှတ်လို့ရအောင် ထားခဲ့မယ်"

နင်းဆီမိုးဆီက ဖုန်းနှင့်ကားသော့ကို ဒေါင်းလူယူပြီး အိမ်အပြင်ဘက်သို့ ထွက်ခဲ့သည်။ ဒေါင်းလူ သွားရမည့်နေရာက ထောင်ထဲတွင် အတူတူနေထိုင်ခဲ့ဘူးသော အောင်မင်းဆီပင်ဖြစ်သည်။ အောင်မင်းဆိုသောသူက ဤဒေသတွင်ကြေးစားလူမိုက်တစ်ဦးဖြစ်တာကြောင့် ယခုပြန်ပေးဆွဲမှုနှင့် ပတ်သက်ပြီး အောင်မင်း သိနိုင်မည်ဟု ယူဆပြီး တွေ့ရအောင် လာခဲ့ခြင်းပင်ဖြစ်သည်။

ဒေါင်းလူထောင်ထဲတွင် အောင်မင်းနှင့် အတူနေခဲ့စဉ်က အောင်မင်းတစ်ယောက် ကျန်းမာရေးလုံးလုံးကျဆင်းပြီး လဲမလိုဖြစ်





ချိန်တွင် ဒေါင်းလူ ညီအစ်ကိုအရင်းပမာပြုစုခဲ့သည်။ ကျေးဇူးတရားရှိတာမို့ အောင်မင်းဆီက အကူအညီတစ်ခုခုကို ရနိုင်သည်။

ဒေါင်းလူနှင့်လမ်းမှာတွေ့ခဲ့စဉ်က အောင်မင်း ပေးခဲ့သော လိပ်စာအတိုင်းလာခဲ့ခြင်းဖြစ်သည်။

အောင်မင်းပေးခဲ့သောလိပ်စာမှာ ငါးဖမ်းစက်လှေတွေ ဒေါက်တင်သောနေရာပင်ဖြစ်သည်။

"ဝူး...ကျွိ..."

ကားကို ဒေါက်တင်သော ဝန်းကြီးထဲမှ ညောင်အိုပင်ကြီး အောက်တွင် ရပ်လိုက်ပြီး ခြေလျင်လျှောက်လာခဲ့သည်။ စက်လှေကို ပြုပြင်နေကြသော အလုပ်သမားများစွာရှိနေပေမဲ့ ဒေါင်းလူ... အောင်မင်း မှာသည့်အတိုင်း ဆိပ်ကမ်းဘက်ကိုသွားသော တံတား အတိုင်းဆက်ပြီးလျှောက်လာကာ ကျားထိုးနေသောလူနှစ်ယောက် အားကိုရောက်မှသာ...

"အောင်မင်းနဲ့တွေ့လို့ရမလား"

ဒေါင်းလူစကားကို ချက်ချင်းမဖြေဘဲ ဒေါင်းလူမျက်နှာကို စူးစူးရဲရဲကြည့်လိုက်ပြီး...

"ဘာကိစ္စလဲ"

"သူနဲ့တွေ့မှ ပြောလို့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ပြန်တော့"

"ကိစ္စက အရေးကြီးလို့ တစ်ချက်လောက်ကူညီပေးပါ"

"ဒီနေရာမှာ စေတနာ့ဝန်ထမ်းတစ်ယောက်မှမရှိဘူး"

ဒေါင်းလူ သဘောပေါက်လိုက်သည်။ ဆက်ကြေးတောင်းနေခြင်းဖြစ်သည်။

"ကျုပ်မှာငွေတော့ မပါဘူး"

"မပါရင် ပြန်ပြီးယူလိုက်"

"ပါတာလေးတော့ ပေးခဲ့ရမှာပေါ့"

"ပါးပါးလှပ်လှပ်ဆိုရင် ဆောရီးနော်"

"ထူထူကြီးကိုပေးမှာ..ရော့.."

"ဖြောင်း...အီး..."

ဒေါင်းလူ့ရှေ့မှ လူကို အသွက်လက်ဆုံးလက်ပြန်ရိုက်လိုက်ပြီး တံတားကြမ်းပြင်တွင် သိပ်လိုက်သည်။ သေးမှတစ်ယောက်က အခြေအနေကို သဘောပေါက်ပြီး ပြေးဖို့ပြင်သည်နှင့်...

"ဟော့ကောင်..."

"အာ..မ...မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က ဘာမှမတောင်းပါဘူး"

"မင်းကိုယ်မင်း သနားတယ်ဆိုရင်တော့ အောင်မင်း ဘယ်မှာတွေ့နိုင်မလဲဆိုတာပြော"





"ဟို...ဟို..သင်္ဘောဖျက်ထဲမှာ အိပ်နေပါတယ်"

"သေချာတယ်နော်"

"သေ...သေချာပါတယ်"

"ကျေးဇူးတင်ပါတယ်၊ မင်းကောင်ကိုနိုးပြီးခေါ်သွားတော့"

ထိုလူ လက်ညှိုးထိုးပြီးပြလိုက်သော စက်လှေပျက်ကြီးဘက်သို့ ဒေါင်းလူ ထွက်လာခဲ့သည်။ စက်လှေပျက်ကြီးနားသို့ရောက်တော့

"အောင်မင်း...အောင်မင်း.."

"ကိုဒေါင်းရေ... ဒီမှာဗျ၊ ခင်ဗျား သဘောတံတားဘက်ကို စပြီးဝင်လာကတည်းက တွေ့ပါတယ်"

"ဒါနဲ့များကွာ၊ ထွက်မလာဘူး၊ မင်းကောင်တစ်ကောင်နဲ့ တောင် ကစားခဲ့ရသေးတယ်"

"ကျွန်တော်က ကြည့်ကောင်းကောင်းနဲ့ကြည့်နေတာ၊ ကဲ... လာရင်းကိစ္စကိုပြော"

"အောင်မင်း..မင်းဆီက အကူအညီတစ်ခုတောင်းချင်လို့"

"ပြောကြည့်လေ၊ ကျွန်တော့်ဘက်က ကူညီနိုင်တာဆို ကူညီမှာပါ၊ ကိုဒေါင်းလူနဲ့ ကျွန်တော့်ကြားမှာ ပြောစရာမလိုပါဘူး"

"ဒီလို အောင်မင်း × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းလူ့အကြောင်းစုံကို ပြောပြလိုက်သည်နှင့်...

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုဒေါင်းလူ၊ ခင်ဗျားပြောတဲ့ ကောင်တွေ ကျွန်တော့်ကို ကြေးစားငှားထားတယ်"

"ဟာ...အဆင့်သင့်လိုက်တာ အောင်မင်းရာ"

"ဒီလိုလုပ် ဒီကောင်တွေ ဆက်သွယ်တဲ့အထိကိုစောင့်ပြီး သူတို့ချိန်းတဲ့နေရာကိုသာ လာခဲ့ဗျာ၊ ကျန်တာ ကျွန်တော် စီစဉ်ထားလိုက်မယ်၊ ရဲနဲ့တော့ မပတ်သက်နဲ့၊ ကျွန်တော်ပါ ဆက်နွယ်နေမယ်"

"စိတ်ချ...မင်းဆီကို လာရကျိုးနပ်သွားပြီ"

"စိတ်အေးအေးထားပြီးသာပြန်ပါ၊ အချိန်တန်ရင် ခင်ဗျားတို့ မိန်းကလေး ပြန်ပြီး ထည့်ပေးနိုင်မှာပါ"

"ကျေးဇူးတင်တယ် အောင်မင်းရာ"

"ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ ကျေးဇူးဆိုတာ မရှိသင့်ပါဘူးဗျာ...ခင်ဗျားကျေးဇူးတွေသာ ကျွန်တော့်ပေါ်မှာရှိနေတာပါ"

ဒေါင်းလူ သက်ပြင်းလေးချပြီး အပြင်ကို ပြန်ပြီးထွက်လာခဲ့လေသည်၊ အောင်မင်း... သူ့ကိုအပြင်ထိ လိုက်ပို့ပေးရင်းနှင့် စကားတစ်ခွန်းကို ပြောလိုက်သည်။

"ကိုဒေါင်းလူ...ဒီနယ်မြေဒေသမှာက မေတ္တာတရားခေါင်းပါးကြတဲ့ လူစုတွေနေထိုင်ကြတဲ့ ရပ်ဝန်းတစ်ခုပဲနော်"





"အောင်မင်းရေ...ငါနဲ့ ဆန့်ကျင်ဘက်အရာတွေက မတရားမှုတွေ၊ အနိုင်ကျင့်မှုတွေပဲကွာ"

"တစ်ခုတော့ ကျွန်တော် သိထားတာရှိတယ်"

"ဘာများလဲ အောင်မင်း"

"ကိုဒေါင်းလူ ရွာက မင်းအောင်မောင်းဟာ ပင်လယ်ဘက်က ခမောင်နိုသမားတွေ၊ ဒုစရိုက်ကောင်တွေနဲ့ ဆက်နွယ်ပတ်သက်နေတယ်၊ ဒီကောင်က သူ့အစ်ကို သူကြီးကို နတုံးလုပ်ပြီး လုပ်နေတာ"

"မင်းပြောတာ သေချာလား အောင်မင်း"

"လွဲစရာကိုမရှိဘူး၊ ဘာကြောင့်ပြောနိုင်လဲဆိုရင် ဒီကောင်နဲ့ ကျွန်တော် အလုပ်တွဲပြီးလုပ်ဖူးတယ်"

"မင်းဆီက ဒီစကားကြားရတာ ကျေးဇူးတင်တယ် အောင်မင်း၊ ငါ့ရွာနဲ့ပတ်သက်ပြီး ဒီလိုကောင်မျိုးတွေကို ရှင်းလင်းချင်တယ်"

"ခုခေတ်စနစ်က အရင်လိုမဟုတ်တော့ ကိုဒေါင်းလူ ရှင်းချင်ရင် သိပ်ပြီးမလွယ်ခဲပါဘူး"

"အင်း...ကိုယ့်ဘက်က နိုင်လုံတဲ့သက်သေတွေ မဖြစ်မနေ ရှိမှဖြစ်မှာ"

"ဒီအတွက် ဘာမှမပူနဲ့၊ ကျွန်တော် ကူညီမယ်"

ဒေါင်းလူ...အောင်မင်း ပခုံးကိုဆုပ်ကိုင်ပြီးပြုံးလိုက်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးကတော့ ကျေးရူးတင်သည့် အပြုံးတစ်ခုပင်ဖြစ်၏။

■■



လရောင်ကင်းမဲ့သော ညဘက်တွင် ပင်လယ်ပြင်၏ ရေပြင်ပေါ်တွင် စက်လှေကလေးတစ်စီး ခုတ်မောင်းလျက်... ထိုစက်လှေပေါ်တွင် ဒေါင်းလူနှင့် နင်းဆီမိုး နှစ်ဦးတည်းပင်ဖြစ်သည်။ သူ့တို့သွားနေသောနေရာသည်က ပြန်ပေးသမား တိုက်ကွန် ချိန်းဆိုထားသော ပင်လယ်ပြင်ကြီးထဲက မီးပြတိုက်ပင်ဖြစ်သည်။

ထိုမီးပြတိုက်မှာ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်မဟာမိတ်တပ်တွေ အသုံးပြုသွားသော မီးပြတိုက်ပင်ဖြစ်သည်။ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ပြီးအသုံးမပြုတော့တာကြောင့်ချွေးမြေပောင်းနွမ်းပျက်စီးနေပြီဖြစ်သည်၊ ထို့အပြင် ဒီရေအတက်အကျ မြန်ကာ နေထိုင်ဖို့မသင့်သောနေရာတစ်ခုပင်ဖြစ်သည်၊

ပင်လယ်ရေတက်လျှင် မီးပြတိုက် ထက်ဝက်နီးပါး မြုပ်တက်ပြီး ဘေးပတ်ဝန်းကျင်တွင် သားစားငါးမန်းတွေ ပေါများတာကြောင့် ဘယ်သူမှ ထိုမီးပြတိုက်ဘက်ကို မသွားကြတော့ပါ၊ ဒါကို အခွင့်ကောင်းယူပြီး တိုက်ကွန် ထိုနေရာကို ရွေးချယ်လိုက်ခြင်းဖြစ်သည်၊

"ကိုဒေါင်းလှ ...သတိနဲ့မောင်းနော်၊ ကျွန်မ ကြားဖူးတာက ဒီနေရာမှာ သားစားငါးမန်းတွေပေါတယ်တဲ့"

"ဒီမီးပြတိုက်က ကျူစ်ငယ်ငယ်လေးတည်းက ခါးခါးနဲ့ ဆော့ကစားနေခဲ့တဲ့နေရာပါ"

"ဒါဆို ကိုဒေါင်းလှက ပင်လယ်မင်းသားပေါ့"

"ပင်လယ်ပြင်ကြီးဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ဆိုလည်းမမှားပါဘူး၊ တကယ်ဆို သူတို့ ကျုပ်ကို အသက်ရှမ်းသာခွင့်ပေးခဲ့လို့ ခုထိအသက်ရှင်နေခဲ့ရတာပါ"

ဒေါင်းလှစကားပြောနေရင်း စက်ကိုသတ်လိုက်သည်၊

"စက်ဘာဖြစ်သွားလို့လဲ ကိုဒေါင်းလှ"

"စက်သံက ဒီမှာရှိနေတဲ့ ငါးမန်းတွေကို အချက်ပေးသလိုဖြစ်တတ်လို့ပါ"

"သြော်.."

ဒေါင်းလှ စက်သတ်ပြီးသည်နှင့်လှော်တက်လေးကိုကိုင်ပြီး လှော်ခတ်လာခဲ့သည်၊

ပင်လယ်ပြင်ကြီး၏ အမှောင်ထုထဲတွင် ပတ်ဝန်းကျင်ကို ဘာကိုမှမမြင်တွေ့ရပေ၊

ဒေါင်းလှကတော့ ထိုနေရာနှင့်ပတ်သက်ပြီး ရေကြောကိုသိသားသူဖြစ်တာကြောင့် အေးအေးဆေးဆေးပင် လှော်ခတ်လာသည်၊ တော်လေ့နှင့် ကျောက်ဆောင်ကြီးကို နီးကပ်မှပင်တွေ့လိုက် ရသည်၊

"စက်လှေကို ဒီမှာ ကျောက်ချထားပြီး ကမ်းဘက်ကို တက်ကြမယ်"

"ဟင်..ရေက မနက်ဘူးလား"

"မနက်ပါဘူး.. ခါးလောက်တော့ရှိမယ်"

ဒေါင်းလှ ရှေ့ကနေ အရင်ဆင်းလိုက်ပြီး နင်းဆီမိုးကို လက်ကမ်းပေးလာသောကြောင့် ဒေါင်းလှ လက်ကိုဆုပ်ကိုင်ပြီးရေထဲဆင်းလိုက်သည်၊

ဒေါင်းလှပြောသလို ရေမှာ နင်းဆီမိုး ခါးလောက်ပဲရှိတာကြောင့် ရေထဲမှာ ခြေထောက်ကိုအားပြုပြီးလျှောက်လာခဲ့ကြသည်၊







www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီမိုးလက်ကတော့ဒေါင်းလူ့ကိုမလွှတ်..

"ဝေါ...."

"အမေ့..."

နောက်မှရွှေ့လာသောလှိုင်းကလေးက'အမှတ်မထင်လူ့ကို ဝင်ပြီးတိုးတာကြောင့် နှင်းဆီမိုးခန္ဓာကိုယ်လေး ဒေါင်းလူ့ရင်ခွင်ထဲဆီ သို့ရောက်သွားသည်။

"နှင်းဆီမိုး...ရလား"

"ရ...ရပါတယ်"

သူ့စိမ်းယောက်ျားလေးရင်ခွင်ထဲသို့ ပထမဦးဆုံးရောက်ဖူး လိုက်တာမို့ ရှက်စိတ်ကလေးတွေ လွှမ်းမြူသွားသလို ခံစားလိုက်ရ၏။ ဒေါင်းလူ့ကတော့ တစ်ဖက်မှာ အိတ်ကြီးကိုကိုင်လျက် လက်တစ်ဖက် က နှင်းဆီမိုး၏ ဆုပ်ကိုင်ထားခြင်းခံထားရသည်။ သောင်နှင့်နီး ကပ် လာ ပြီဖြစ်တာကြောင့် ရေမှာတိမ်သွားသဖြင့် ခပ်သွက်သွက်လေး လျှောက်လာခဲ့ရင်း...

"မာတ်မီးနဲ့အချက်ပေးလိုက်မယ်"

တိုက်ကွန်ဘက်မှ ချိန်းဆိုထားသည့်အတိုင်း မာတ်မီးနှင့် အချက်ပြလိုက်သည်။ တစ်ဖက်မှလည်းပြန်ပြီးအချက်ပြတာကြောင့် သောင်စပ်နားတွင် ရပ်ပြီးစောင့်နေလိုက်ကြသည်။ တိုက်ကွန်တပည့်





(၃)ယောက် သေနတ်ကိုယ်စီနှင့်ရောက်လာကြပြီး...

"နောက်ကနေ လိုက်ခဲ့ကြ"

"ကောင်းပြီ.."

မီးပြတိုက်ဟောင်းကြီးတွင် တိတ်ဆိတ်ငြိမ်သက်နေသလို ပင်လယ်ပြင်ဆီမှ လေတိုက်သံတို့ကလည်း သိမ်မွေ့စွာရှိနေခြင်း ကြောင့် ပင်လယ်ပြင်ကြီး၏ မာယာရှေ့ပြေးနိမိတ်တစ်ခုကို ဒေါင်းလူ့ တွေ့လိုက်ရသလိုပင်။ ရှေ့မှလူ့ ခေါ်ဆောင်သည့်နောက်ကို လိုက်ခဲ့ရင်း အောင်မင်း၏ စီမံမှုကို စိုးရိမ်သလိုဖြစ်မိ၏။

အောင်မင်း သူ့အပေါ်မှာ သစ္စာမဲ့တန်ကောင်းဟု ဖြေသိမ့် သွားလိုက်သည်။ မီးပြတိုက်ကြီးနားကိုရောက်တော့....

"ဒီမှာစောင့်နေကြ"

ထိုလူပြောတဲ့အတိုင်း စောင့်နေစဉ်မှာပဲ တိုက်ကွန်နှင့် သူ့ ကောင်(၃)ကောင် မီးပြတိုက်ပျက်ကြီးထဲမှ ထွက်လာခဲ့ကြသည်။

"ကျုပ်တောင်းထားတဲ့ ငွေပါလား"

"ဒီမှာ..."

"ဘုတ်..."

ဒေါင်းလူ့ ငွေအိတ်ကိုအောက်သို့ ပစ်ချလိုက်ပြီးမှ...

"ကျုပ်တို့ မိန်းကလေးဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်ဗျာ...ဟော့ကောင်တွေခေါ်ခဲ့ကြ"

မိန်းကလေးကို ခေါ်ထုတ်ခဲ့သူမှာ အောင်မင်းဖြစ်နေသည်။

"ကဲ...အပေးအယူကလေး စလို့ရပြီထင်တယ်"

"ညီမ...ဒီကိုလာခဲ့"

နင်းဆီမိုး မိန်းကလေးကို လှမ်းခေါ် ချိန်တွင် ဒေါင်းလူငွေအိတ်ကို တိုက်ကွန်ကို လှမ်းပြီးပေးလိုက်ချိန်တွင် ....

"ဒိုင်း...ဒိုင်း..."

"ဟာင်...ဟာ...ဟိုက်..."

"ဒါ...ဒါ...ဘာ...ဘာလဲ"

"တစ်ယောက်မှမလှုပ်နဲ့နော်...ငါတို့လက်ထဲက သေနတ်တွေက မင်းတို့ပထွေးတွေ မဟုတ်ဘူး...မသာမပေါ်ချင်ရင် ခြေစုံရပ်ပြီးနေကြ..."

"မင်း...မင်းတို့ ဘယ်သူတွေလဲ"

မျက်နှာတွင်ခေါင်းစွပ်, စွပ်ထားသော လူ(၅)ယောက် လက်နက်ကိုယ်စီဖြင့် တိုက်ကွန်တို့ကိုဝိုင်းထားကြသည်။

"ဟော့ကောင်တွေ...ဒီကောင်တွေလက်နက်အားလုံးကို သိမ်းလိုက်ကြစမ်း..."

တိုက်ကွန်နားထင်ကို ပစ္စတိုဖြင့် တေ့ထားလိုက်ပြီး ...





ကောင်တွေဆီမှ လက်နက်အားလုံးကို သိမ်းလိုက်ကြသည်။

"ဟို(၃)ယောက်ကိုခေါ်ခဲ့ ဒီကောင်တွေကို မီးပြတိုက်ထဲမှာ ကြိုးတုပ်ပြီးထားခဲ့ကြ..."

"ဟော့...ဟော့...လူတွေ ဘယ်လိုလုပ်တာလဲ...ကျုပ်တို့ကို လွှတ်ပေးပါ...ခု..ခုပါလာတဲ့ငွေတွေကိုလည်း အကုန်ယူကြပါ..."

တိုက်ကွန် အော်ဟစ်ပြောဆိုရင်း မီးပြတိုက်ကြီးထဲတွင် သူ့လူတွေနှင့်အတူ ကျန်ခဲ့တော့သည်။

ဒေါင်းလူနှင့် နင်းဆီမိုးတို့(၃)ယောက်မှာ တော့ ထိုလူတွေ ခေါ်ဆောင်သည့်နောက်ကို လိုက်ခဲ့ရပြန်သည်။

"ဟာ...အောင်မင်း"

ဒေါင်းလူနှင့် အစီစဉ်ဆွဲထားခဲ့သော အောင်မင်းတစ်ယောက်မီးပြတိုက်ထဲတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ယခုခေါ်ဆောင်လာသူများသည် ကယ်တင်ခြင်းလား၊ ဖမ်းဆီးခြင်းလား ဆိုတာကို အဖြေထုတ်၍မရနိုင်သေးပေ။ မီးပြတိုက်သောင်ကမ်းစပ်တွင် ရပ်ထားသော စက်လှေနားကို ရောက်တော့မှ ...

"ကဲ...ခင်ဗျားတို့ စက်လှေဆီကိုပြန်ပြီးပို့ပေးမယ် အန္တရာယ်ကင်းစွာနဲ့ ပြန်ကြပါ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်”

“ခင်…ခင်ဗျားတို့ကကျုပ်တို့နှစ်ယောက်ကိုလာပြီးကယ်ကြတာလား”

“ဟုတ်တယ်ဆိုရမှာပေါ့…ကိုအောင်မင်းအကူအညီတောင်းထားလို့လေ…ခုလိုဝင်ပြီး ကူညီပေးတာပါ”

“ဒါနဲ့ အောင်မင်းကရော”

“နောက်ကနေ လိုက်လာပါပြီ”

“ကျေးဇူးတင်ပါတယ်”

“ကျေးဇူးတင်ချင်ရင် ကိုအောင်မင်းကိုတင်ပါ…မြို့ပေါ်ရောက်မှပဲပြန်ပြီးတွေ့ကြတာပေါ့…”

“ရှင်တို့ကျေးဇူးကို မမေ့ပါဘူး”

“ဟုတ်ကဲ့”

“ကိုဗလ”

“ဘာလဲ နီရို”

“ဒီသေနတ်တွေက ဘယ်လိုလုပ်မှာလဲ”

“အိမ်ကမင်းသားတွေဆော့ဖို့ယူသွားတော့ပေါ့…”

“ဟာ…”

“ရှင်တို့သေနတ်တွေက အစစ်တွေမဟုတ်ဘူးလား”





“မဟုတ်ရပါဘူးဗျာ…သစ်သားနဲ့လုပ်ထားတဲ့ သေနတ်တွေပါ မနက်ဆိုရင်တော့ အသိသာကြီးပေါ့…ညအမှောင်ထဲမှာဆိုတော့ အကယ့်သေနတ်လို့ထင်ရတာပါ…”

တိုက်ကွန်တို့အုပ်စုတွေ တစ်ပတ်ရိုက်ခြင်းကို ခံလိုက်ကြရပြီဖြစ်၏။ သူတို့ကို သေနတ်အတုတွေနှင့် ဖမ်းဆီးတာကိုသိခဲ့မယ်ဆိုရင်တော့…အလွန်ခံပြင်းနေမှာသေချာသည်။

ကိုဗလတို့ အုပ်စုစက်လှေ(၂)စင်းဖြင့် ခေါ်ဆောင်လာခဲ့ပြီး ဒေါင်းလှတို့ရပ်ထားသော စက်လှေပေါ် ရောက်မှလမ်းခွဲပြီး မောင်းထွက်လာခဲ့ကြတော့သည်။

“ကိုဒေါင်းလှ”

“နှင်းဆီမိုး ဘာပြောချင်လို့လဲ…ကျေးဇူးတင်စကားဆိုရင် ပြောမနေနဲ့တော့”

“ကျေးဇူးတင်စကား မဟုတ်ပါဘူး”

“ဒါဖြင့် ဘာများလဲ”

“မပြောတော့ပါဘူး နောက်မှပဲပြောတော့မယ်”

ပင်လယ်ရေလှိုင်းလေးတွေကြားတွင် ပြေးလွှားနေသော စက်လှေပေါ်မှ စကားသံများ တိတ်ဆိတ်သွားတော့သည်။ သို့သော်လည်း ဒေါင်းလှနှင့် နှင်းဆီမိုးတို့ ရင်ထဲတွင် စကားသံလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ပွဲဟင်ရိုက်ခတ် လျှက်ပင် ရှိခဲ့နေကြသည်မှာ အမှန်.....

"ဟင်"

နှင်းဆီမိုးမယုံနိုင်လောက်အောင်ဖြစ်သွားသည်။ မေါင်းလှသိမ့်မှ တွေ့လိုက်ရသော ဝါးဆစ်ပိုင်းဘူးလေးထဲက စာကြောင်း အုံ့ငြိမ်း၊ တုန်လှုပ်ခြင်းတွေကို ခံစားလိုက်ရသည်။

"ဘယ်လိုဖြစ်သွားတာလဲ နှင်းဆီမိုး"

"ဒီစာဟာ ကျွန်မဘွားဘွားနဲ့ ဘိုးဘိုးဆီကို ရေးလိုက်တဲ့ မေမေ ရဲ့စာဖြစ်နေလို့ပါ"

"ဟာ..."





www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဆိုင်လိုက်တာဗျာ..."

"ဟုတ်ပါရဲ့ဟယ်...ဒီစာက ကိုဒေါင်းလူဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရတယ်လို့..."

နင်းဆီမိုးနှင့်မေလှိုင်၊ ခါးခါးတို့ပါ အံ့အားသင့်စေသော တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်သည်။

"မေမေ...မသေသေးဘူး၊ ကျွန်မရဲ့အိပ်မက်တွေ တကယ်အသက်ဝင်နေပြီ"

နင်းဆီမိုးတစ်ယောက် လက်တွေပင်တုန်ယင်လာသည်။

"နင်းဆီမိုး...နင် ဘာဆက်ပြီးတော့လုပ်မလဲ"

"ငါ..ဒီကျွန်းကို လိုက်သွားချင်တယ်"

"အယ်..."

"ကိုဒေါင်းလူ..ကျွန်မကို ကူညီပေးပါလား"

"နင်းဆီမိုး..ဒီကျွန်းနဲ့ပတ်သက်ပြီး ကျုပ်ဘာမှမသိဘူး၊ ပြီးတော့ ဆာဒူနာကျွန်းဟာ မြန်မာပိုင်ကျွန်းမဟုတ်ဘူး"

ဒေါင်းလူ၏စကားကြောင့်နင်းဆီမိုး မျှော်လင့်ချက်အိပ်မက်တို့အားလုံး အရည်ပျော်ကျသွားသလိုဖြစ်သွားကာ မျက်နှာပေါ်တွင် ကြေကွဲမှုတွေက ပုံရိပ်ထင်လာတော့သည်။

နင်းဆီမိုး မျက်နှာလေးကိုကြည့်ပြီးဒေါင်းလူ စိတ်မကောင်း





ဖြစ်သွားသည်၊ ပြီးတော့မှ တစ်စုံတစ်ခုကို စဉ်းစားမိပြီး...

"တစ်ခုတော့ရှိတယ်၊ ဆာဒူနာကျွန်းနဲ့ပတ်သက်ပြီး သိတဲ့သူတစ်ယောက်တော့ရှိတယ်"

"ဟင်...ဘယ်သူလဲ"

"သူ့နာမည်က ဦးစောလှိုင်တဲ့၊ ကရင်လူမျိုးတစ်ဦးပဲ၊ သူနေတဲ့နေရာက ဟိုင်းကြီးကျွန်းနားက ကျွန်းစုလေးမှာ၊ သူထောင်က ထွက်ခါနီးပြောခဲ့တာတော့ သူ့ကိုတွေ့ချင်ရင် ဒီကျွန်းစုလေးကို ရောက်အောင်လာခဲ့၊ ဟိုရောက်ရင် ဘယ်သူ့ကိုမေးမေး သူ့အိမ်ကိုပို့ပေးမယ်တဲ့"

"ကိုဒေါင်းလူ..ကျွန်မ သွားချင်တယ်"

"ကောင်းပြီလေ...မနင်းဆီမိုး သိပ်ပြီးဆန္ဒပြင်းပြနေတဲ့ မျှော်လင့်ချက်တစ်ခုကို ကျုပ်တို့အားလုံး ဖြည့်ဆည်းပေးမှာပါ"

"ကျေး...ကျေးဇူးအရမ်းတင်ပါတယ် ကိုဒေါင်းလူ"

"ဦးစောလှိုင်ဆီက အကြောင်းစုံကိုသိပြီးမှ ဆက်ပြီးလုပ်သင့်တာတွေကို စဉ်းစားကြတာပေါ့"

"ဒါဆို ဘယ်နေ့သွားကြမလဲ"

"မနက်ဖြန် သွားကြမလား"

"နင်းဆီမိုး သဘောပဲလေ"



www.burmeseclassic.com

"သွားမယ်ဆိုရင်ပြင်ဆင်စရာရှိတာတွေကိုပြင်ဆင်ကြမယ်လေ၊ ကားနဲ့ပဲ သွားကြမှာလား"

"ဒါတော့ ကိုခေါင်းလှ ပေါ်မှာပဲမူတည်တယ်၊ ကိုခေါင်းလှ မောင်းနိုင်မယ်ဆိုရင် ကားနဲ့ပဲသွားကြမယ်"

"ကားနဲ့က မြို့ထဲထိလောက်ပဲ သွားလို့ရမှာ၊ ကျွန်းဘက်ကိုသွားရင်တော့ ကားကို ထားခဲ့ရမှာပဲ"

"ဒါဆို အမြန်စက်လှေနဲ့ ပုသိမ်ထိသွားကြတာကောင်းပါတယ်၊ မေလှိုင်...နှင် အမြန်သွားစက်လှေကိစ္စကို သွားပြီးစီစဉ်လိုက်ဟာ"

"အေး..."

"နင်တစ်ယောက်တည်းမသွားနဲ့၊ ကိုခါးကို ခေါ်သွား"

"ကိုခါး... လိုက်ခဲ့ဦးနော်"

"လိုက်ရမှာပေါ့ဗျာ"

ကိုခါးနှင့်မေလှိုင်တို့ ထွက်သွားပြီး အိမ်တွင် နှင်းဆီမိုးနှင့် ခေါင်းလှ ကျန်ရစ်ခဲ့သည်။

"ကိုခေါင်းလှ... ခု ဝါးဆစ်ဘူးထဲက စာနဲ့ပတ်သက်ပြီး သူတို့တစ်တွေ အသက်ရှင်လျက်ရှိနေမယ်လို့ ယုံလားဟင်"

"ဒါတော့ မသေချာပေါက် ပြောလို့မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီစာဟာ နှစ်အတော်ကြာမှ ကျုပ်တို့လက်ထဲကိုရောက်ခဲ့တာဆိုတော့ သူတို့ကံကြမ္မာကို ပြောရခက်တယ်၊ နှင်းဆီမိုးအတွက်တော့ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

"ကျွန်မ စိတ်အာရုံထဲမှာ ဖေဖေ၊ မေမေနဲ့ ညီမလေးတို့အားလုံး အသက်ရှင်လျက်ရှိနေကြတယ်လို့ ယုံကြည်နေတယ်၊ ဒါဟာ စိတ်ရဲ့စွဲလမ်းမှုကြောင့်လို့ထင်ပါတာပဲ"

"လူ့လောကကြီးမှာ စိတ်နဲ့ပတ်သက်ပြီး သိပ်ကိုထူးခြားဆန်းကြယ်တဲ့အရာတွေက အများကြီးရှိနေတာပဲ၊ နှင်းဆီမိုး စိတ်ရဲ့ထင်ဟပ်မှုတွေဟာ ဟုတ်ကယ်ဖြစ်နိုင်တဲ့ နိမိတ်ပုံတွေလည်းဖြစ်နိုင်ပါတယ်"

"ကျွန်မအတွက် ကံကောင်းခြင်းတစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ကိုခေါင်းလှနဲ့ ရင်းနှီးခွင့်ရခဲ့တာဟာ ဘုရားသခင်ရဲ့ကံကောင်းခြင်းလက်ဆောင်ကို ရလိုက်သလိုပါပဲ"

"ဗုဒ္ဓဘာသာအမြင်နဲ့ ကြည့်ရင် အတိတ်ကံတစ်ခုကြောင့်ဆုံခဲ့ကြတာဖြစ်မှာပေါ့"

"ဟုတ်မယ်၊ ကိုခေါင်းလှနဲ့ကျွန်မ တခြားသော ဘဝတစ်ခုမှာ ဆုံခဲ့ကြတာ သေချာတယ်"

"ဒီလိုပဲ သတ်မှတ်ယုံကြည်လိုက်ကြတာပေါ့လေ"

www.burmeseclassic.com



တစ်ယောက်မျက်နှာကို တစ်ယောက် မရည်ရွယ်ဘဲနှင့် ကြည့်မိလိုက်ကြသည်၊ ဘဝချင်းတော့ မတူကြပါ၊ ဒါပေမဲ့ သံယောဇဉ်ကြောင့် အနီးဆုံးဘဝတစ်ခုမှာ တူညီသော ရင်ခုန်သံတို့ဖြင့် ဆုံစည်းခဲ့ကြတာတော့ သေချာသည်၊

■■



"ကိုဒေါင်းလူ.. သောင်ဘက်ကိုလမ်းလျှောက်သွားချင်တယ်"

"သွားကြမယ်လေ"

ခရီးသွားဖို့အတွက် မေလှိုင် စီစဉ်တော့မှာမို့နှင်းဆီမိုး စိတ်ထဲတွင် ပင်လယ်ပြင်ကြီးကို ကြည့်ချင်သော ဆန္ဒလေးတွေဖြစ်ပေါ်ခဲ့တာကြောင့်ဒေါင်းလူကိုအဖော်ညှိပြီးကားလေးဖြင့်ထွက်လာခဲ့ကြတော့သည်၊

"ဝူး...ကျို..."

သောင်ပြင်စပ်တွင် ကားလေးထိုးရပ်လိုက်ပြီး လှိုင်းကလေးတွေ ရိုက်ခတ်နေသော ရေစပ်နားထိ လျှောက်လာကြမိသည်၊

"ဟူး..."



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချသံလေးနှင့်အတူ တိမ်ပြာတွေ ကာရံထားသော ပင်လယ်ပြင်ကြီးကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိသည်။ နှင်းဆီမိုး မျက်ဝန်းထဲတွင် ဖေဖေ၊ မေမေနှင့် ညီမလေးတို့ပုံရိပ်တွေက တိမ်လွှာတွေပေါ်တွင် ထင်ဟပ်နေသလို မြင်ယောင်နေမိ၏။

"ဖေဖေ၊ မေမေနဲ့ ညီမလေးတို့ သမီးလာပြီးခေါ်တဲ့အချိန် ထိ အသက်ရှင်ပေးပါနော်၊ ပင်လယ်ပြင်ကြီးရယ်...ဒီတစ်ခါတော့ ကျွန်မ ကံကြမ္မာကို ကူညီပေးကြပါ"

နှင်းဆီမိုး နှုတ်မှ ဖွဖွလေး ဆုတောင်းနေမိတော့သည်။

"နှင်းဆီမိုး"

"ဪ...ကိုဒေါင်းလှ"

"ဆန္ဒတွေဟာ တန်ဖိုးရှိတတ်ပါတယ်"

"ကိုဒေါင်းလှပြောတာကို ကျွန်မ သိပ်ပြီး နားမရှင်းဘူးဖြစ် နေတယ်"

"ဒီလိုလေ...နှင်းဆီမိုး စိတ်ထဲမှာ အရမ်းကိုဖြစ်စေချင်တဲ့ ဆန္ဒတွေဟာ တကယ်ဖြစ်လာနိုင်တယ်လို့ ဆိုလိုတာပါ"

"ကျွန်မဘဝမှာ ငယ်ငယ်လေးကတည်းက ရင်ခွင်မဲ့ခဲ့ရတဲ့ ဘဝလေးကို အရမ်းနမြောတသသဖြစ်ခဲ့ရတယ်၊ ဒီဘဝလေးကို ကော လေးလောက်နေခွင့်ရချင်တယ်"





"ကျုပ် ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ကံကြမ္မာနဲ့တော့ လောင်းကြေးမထပ်တော့ဘူး၊ ဘဝမှာပျောက်ကွယ်နေတဲ့ အရာတွေ ပေါ်မှာတော့ စိတ်ကူးမယဉ်တော့ဘူး၊ ကိုယ်ရောက်နေတဲ့ဘဝပေါ်မှာ ကျေနပ်စွာနဲ့ ဖြတ်သန်းနေတယ်၊ ဒါကလည်း မျှော်လင့်ချက်ကင်းတဲ့ ဘဝမှာ ရောက်နေတယ်လို့ပဲ ဆိုရမှာပေါ့၊ မနင်းဆီအနေနဲ့ကတော့ မျှော်လင့်ချက် သဲလွန်စတွေကို ရထားပြီဆိုတော့ စိတ်ကူးယဉ်လို့ရနိုင် ပါတယ်"

"ကျွန်မ...တောင်းပန်ပါတယ်"

"ဘာကိုတောင်းပန်နေတာလဲ"

"ကျွန်မ...ကိုယ့်ခံစားချက်တွေပေါ်သာ ပြောနေပြီး ကိုဒေါင်းလှ ခံစားချက်ကို သတိမေ့လျော့သလိုဖြစ်သွားတယ်"

"ရပါတယ် နှင်းဆီမိုးရယ်... ကျွန်တော်ပြောပြီးပြီပဲ၊ ခြေစ လက်စ ဘာတစ်ခုမှမကျန်ခဲ့တဲ့ဘဝကို တမ်းတမလွမ်းဆွတ်တော့ဘူး၊ မေ့နိုင်အောင်ကြိုးစားတာတော့မဟုတ်ပါဘူး၊ သတိရစရာမရှိတဲ့ ဘဝ ဖြစ်နေလို့ပါ"

ညနေခင်း ပင်လယ်လေပြင်းတွေက အေးစက်မှုတွေပါ တွယ်ကပ်လာပြီဖြစ်တာကြောင့်...

"နှင်းဆီမိုး...မိုးရွာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလူစကားကြောင့် ကောင်းကင်ကြီးကို နှင်းဆီမိုး မော့ကြည့်လိုက်တော့လည်း ထူးခြားမှုတွေ တစ်ခုမှမတွေ့သဖြင့်...

"မိုးရိပ်တွေလည်း မတွေ့ပါလား၊ ကိုခေါင်းလူ ဘာကြောင့် မိုးရွာမယ်လို့ပြောနိုင်တာလဲ"

"ပင်လယ်လေတွေနဲ့ နှစ်ပေါင်းများစွာထိတွေ့ခဲ့တဲ့ အသိအာရုံတွေကြောင့်ပါ...ခုတိုက်နေတဲ့လေဟာ မိုးစက်တွေပါလာတတ်တဲ့ ရွှေပြေးလေပါ"

"ဝေါ..."

"ဟယ်..."

ခေါင်းလူ စကားပင် မဆုံးလိုက်ပါ...လေကြမ်းကြီးနှင့်အတူ မိုးသံကြီးကိုကြားလိုက်ရသည်၊ နှင်းဆီမိုးငယ်ငယ်ကတည်းက ခေါင်းကိုမိုးရေထိရင် ဖျားတတ်သောကြောင့် မိုးစက်တွေ လုံ့လိုလုံ့ခြား လက်ကလေးခေါင်းပေါ်တင်ပြီး နောက်ကိုပြန်သွားဖို့ပြင်လိုက်သည်၊

"နှင်းဆီမိုး ကျုပ်အကျႌကို ခေါင်းပေါ်တင်ထားလိုက်"

"ရ...ရပါတယ်"

"ရပါတယ်လုပ်မနေပါနဲ့ နှင်းဆီမိုးခေါင်းကိုမိုးရေထိရင် ဖျားတတ်တယ် မဟုတ်လား"

"အယ်"





"မေလှိုင်ပြောပြထားလို့ သိထားတာပါ"

နှင်းဆီမိုးမငြင်းတော့ပဲ ခေါင်းလူပေးလိုက်သော အကျႌလေးကို ခေါင်းပေါ်ကိုတင်ပြီး ကားဆီသို့လာခဲ့ကြတော့သည်၊ ခေါင်းလူက ရှုပ်ကျယ်လေးဖြင့် ဘေးမှနေကပ်ပြီး လိုက်လာခဲ့သည်၊

"ဝေါ...ဝုန်း...ဝုန်း..."

ကားနားကိုရောက်လုလုကျမှ မိုးရေလေပါ အင်အားထပ်မြှင့်ပြီး ရွာချလိုက်တာကြောင့် နှင်းဆီမိုးကိုယ်ကလေး ယိမ်းထိုးသွားသလို ကြောက်စိတ်ကလေးပင် ဝင်သွားတော့သည်၊

"နှင်းဆီမိုး..."

ခေါင်းလူ...နှင်းဆီမိုးကို ပခုံးလေးဆုပ်ကိုင်ပြီး ကားဆီသို့ ခေါ်လာခဲ့တော့သည်၊

"တကယ်ဆိုးတဲ့မိုးပဲ"

"ပင်လယ်ပြင်ကြီးထဲမှာ စိမ်မကြည့်ဘဲ တိုက်တဲ့ တိုက်ပွဲတွေက အများကြီးရှိနေတယ် ဆိုတာတော့ နှင်းဆီမိုးရကတည်းက သတိထားရတော့မယ်...ချမ်းနေပြီလား"

"အင်း"

မိုးထိထားသောကြောင့် နှုတ်ခမ်းလေးတွေတဆတ်ဆတ်ခုန်နေပြီး လက်ဖျားလေးတွေပင် အေးစက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟီး..."

"နင်းဆီမိုးဘယ်လိုမှသဘောမထားပါနဲ့ မင်းလက်ဖဝါးတွေကိုနွေးထွေးသွားအောင် လက်ကိုဆုပ်ကိုင်ထားပေးမယ်"

နင်းဆီမိုးအေးစက်နေသော အအေးဒဏ်ကို မခံစားနိုင်တာကြောင့် လက်လေးနှစ်ဖက်ကို ဒေါင်းလူ့ထံကမ်းပေးလိုက်သည်၊ ချစ်သူမဟုတ်သော ယောကျ်ားလေး၏ကြင်နာယုယခြင်း အပေါ်မှာ လွင့်မျောခဲ့ရသော နင်းဆီမိုးနှလုံးသား၏ ပထမဦးဆုံးသော နေ့ရက်လေးဖြစ် သလို အမှတ်အရဆုံး နေ့လို့ပဲဆိုရမည်၊

■ ■



ဦးစောလှိုင်နေထိုင်သော ကျွန်းကလေးကိုသွားဖို့ စက်လှေ
ငင်းလုံးငှားလိုက်ကြသည်၊ဒေါင်းလူ့သတိပြုမိတာလေးတစ်ခုက
တော့ ဆိပ်ကမ်းတွင် စက်လှေမောင်းသူ အနေအထားမှာ သိပ်မ
တောင်းသော လက္ခဏာကိုတွေ့လိုက်ခြင်းပင်ဖြစ်၏၊

စက်လှေကလေးမှာ ဆိပ်ကမ်းကနေထွက်လာပြီး ပင်လယ်
ပြင်ကိုစတင်ဖြတ်သန်းနေပြီဖြစ်သည်၊ဒေါင်းလူ့တို့စက်လှေထွက်ကာ
နီးမှအပြေးကလေး ရောက်လာသော လူတစ်ယောက်ကြောင့် စိတ်
ထဲမှာ ထင့်နေပေမဲ့ ခရီးကြုံလိုက်ချင်တာကြောင့် မဖြစ်မနေ စက်လှေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ပါလာခဲ့ပြီဖြစ်သည်။

ပင်လယ်ရေပိုင်နက်ထဲကို နာရီဝက်နီးပါး မောင်းခဲ့ခြင်းကြောင့်ကမ်းကိုလုံးလုံးမမြင်ရတော့ဘဲကောင်းကင်ကြီးနှင့်ရေပြင်ပေါ်တွင် စက်လှေကလေးရှိနေလေသည်။ဘေးဘက်ရေပြင်တွင်လည်း ငါးဖမ်းစက်လှေတစ်စီးတလေသာ တွေ့ရပြီး တခြားမည်သည့်လှေကိုမှ မတွေ့ရပေ။

"ခါးခါး..."

ခါးခါးကို ဒေါင်းလူ ခပ်တိုးတိုးလေး ခေါ်လိုက်တာကြောင့် ဘေးတွင်ထိုင်နေသော နှင်းဆီမိုး လှည့်ကြည့်သဖြင့်...

"နှင်းဆီမိုး ရှေ့ဘက်ကို ရွှေ့ပြီးထိုင်လိုက်၊ ခါးခါး မင်းနေရာပြောင်းလိုက်..."

"ဟင် ဘာဖြစ်လို့လဲ..."

ဒေါင်းလူ ဘာစကားမှမပြောဘဲ မျက်နှာအရိပ်အကဲပြလိုက်တာကြောင့် ဒေါင်းလူပြောသည့်အတိုင်း ပြောင်းလိုက်ကြသည်။ ဒေါင်းလူနောက်ဘက်တွင် စက်လှေမောင်းသူနှင့် ခရီးကြုံလိုက်လာသူတို့ ရှိနေကြသည်။

"နှင်းဆီမိုးမှာ ခရီးဆောင် မှန်ပါလား"

"ဟင့်အင်း...မေလှိုင် နှင့်ဆီမှာပါလား"





"အေး...ပါတယ်"

မေလှိုင် သူ့ခြင်းလွယ်အိတ်ထဲမှ မှန်ဝိုင်းလေးကို ထုတ်ပြီး ပေးလိုက်သည်။ ဒေါင်းလူ ထိုမှန်လေးကို တောင်းရခြင်းမှာ နောက်မှ လူတွေ၏အခြေအနေကိုကြည့်ဖို့သာဖြစ်သည်။ စက်လှေမှာ ပင်လယ်ထဲတွင် ဘာမှလုံးလုံးမတွေ့ရသောနေရာကိုရောက်တော့...

"ဟင်.."

ဒေါင်းလူ စိတ်ထဲမှာ ထင်သည့်အတိုင်း ခရီးကြုံလိုက်လာသူ၊ သူ့လွယ်အိတ်ထဲမှ သေနတ်ကိုထုတ်နေတာကို မှန်ထဲမှတစ်ဆင့်တွေ့လိုက်ရပြီး....

"ချောက်... အားလုံးလှေပေါ်မှာ ငြိမ်ငြိမ်သက်သက်ထိုင်ပြီး ပြောစကားကို နားထောင်ကြ"

"ရှင်..ဟယ်..ဟာ..."

ဒေါင်းလူနှင့် သေနတ်သမားမှာ သိပ်မကွာသလို သေနတ်ကိုင်ထားသော လက်ကို မှန်ထဲကနေ သေချာစွာကြည့်လိုက်ပြီး....

"ဖောင်း...အ"

"ဟယ်.."

ဒေါင်းလူ လက်ပြန်ရိုက်ချလိုက်ပြီး သေနတ်ကိုင်ထားသော လက်ကို ချုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေ့ကို မြဲမြဲကိုင်ထားကြ"

"ဒိုင်း..."

သေနတ်ကျည်ဆံမှာ မိုးပေါ်ကို ထောင်ထွက်သွားပြီး ဒေါင်းလှ သေနတ်သမားလက်ထဲမှ သေနတ်ကို လှယူလိုက်သည်။

"ဝုန်း..."

ပြီးတော့မှ ထိုသေနတ်သမားကို ရေထဲကို တွန်းချလိုက်သည်။

"ချောက်.."

"မ...မ...လုပ်ပါနဲ့၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး"

စက်လှေမောင်းသမား နားထင်ကို သေနတ်နင့် တေ့ထားလိုက်တော့သည်။

"မင်းနဲ့ မပတ်သက်ဘူးဆိုတာ မဖြစ်နိုင်တဲ့စကားပဲ၊ မင်းတို့ အကြံတူတွေ"

"တောင်း...တောင်းပန်ပါတယ် ဆရာရယ်"

"ဒီကိစ္စမျိုးက တောင်းပန်လို့မရဘူးကွ၊ ဒါပေမဲ့ မင်းကို အခွင့် အရေးတစ်ခုတော့ ပေးမယ်၊ ငါတို့သွားမယ့် ကျွန်းကို လမ်းပြ"

"ဟုတ်...ဟုတ်ကဲ့"

"စက်လှေကို မင်းမောင်းစရာမလိုဘူး၊ ငါမောင်းမယ်၊ ခါးခါး သေနတ်ယူထားပြီး ဒီကောင့်ကို လှေဦးမှာ ထိုင်ခိုင်းထား"





"အေး..."

"ကယ်...ကယ်ပါဦး"

ရေပြင်ပေါ်တွင် ယက်ကန်ယက်ကန်ဖြစ်နေသော လူဆိုး အော်ဟစ်အကူအညီတောင်းနေတာမို့ စက်လှေကို ပြန်ကွေ့ပြီး ကပ် ပေးလိုက်သည်။

"လှေဦးထိပ်မှာ ကောင်းကောင်းမွန်မွန်ထိုင်နေနော်၊ ဒီတစ် ခါ ငါ့အလှည့်ကျည်ဆံတွေက မင်းလိုမိုးပေါ်ကို ရောက်မှာတော့ မဟုတ် ဘူးဆိုတာ သဘောပေါက်ရင် ခပ်ကုပ်ကုပ်လေးထိုင်"

"ဟုတ်..ဟုတ်ကဲ့"

"ဘုတ်...ဘုတ်.."

"ဒေါင်းလှ...ဟိုမှာ စက်လှေတစ်စီးလာနေတယ်"

"ဟင်.."

စက်လှေမှာ သူတို့ဆီကို စက်ကုန်ဖွင့်ပြီးလာနေတာကြောင့် ခါးခါးလက်ထဲမှ သေနတ်ကို ပြောင်းယူလိုက်ပြီး...

"မင်းတို့ သတိနဲ့နေကြ"

ဒေါင်းလှ နောက်ဆုံးအခြေအနေကို ရင်ဆိုင်ဖို့ ပြင်လိုက် သည်။ စက်ကုန်တင်ပြီးမောင်းလာသောစက်လှေ...အနားကိုရောက် တော့....



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဦးစောလှိုင်"

"ဟော့ကောင်လေး.. ဟိုခွေးမသားနှစ်ယောက် မင်းတို့ကို ကောင်း ကောင်းဆုံးမ,ရမယ်၊ လန့်း..ထော်သေးတာပေါ့ကွာ၊ ဘာမှ မဖြစ်ကြဘူးမဟုတ်လား"

"ဘာမှမဖြစ်ပါဘူး"

"ဖိုးထိး"

"ရှာ..ဆရာ"

"ဟိုခွေးနှစ်ကောင်ကို ကြိုးတုပ်ပြီးရေထဲချလိုက်"

"ဆ…ဆရာ.စော..မ…မလုပ်ပါနဲ့"

"ဗကျီ…ငါ့ရာဇဝင်မှာ တောင်းပန်လို့ကျေနပ်တယ်ဆိုတာ မရှိဘူးကွ၊ ငါ့ဆီကိုလာတဲ့ဧည့်သည်ကိုစော်ကားတဲ့အပြုအမူကို ခွင့်လွှတ်ဖို့ ဘုရားသခင် ဆင်းပြီးတားတောင် မရဘူး"

"ဦးစောလှိုင်…"

"ကောင်လေး..ဒီနယ်က ကောင်တွေအကြောင်း မင်းဘာမှ မသိဘူး၊ ခြေထောက်ခွဲပြီး ဆားသိပ်တာတောင် မနာဘူးလို့ပြောမယ့် ကောင်တွေကွ၊ မေတ္တာတရားနဲ့ မထိုက်တန်တဲ့ကောင်တွေကို ခုလို လုပ်တာတောင် ဥပဒေက အရမ်းနူးညံ့နေသေးတယ်၊ ကြာတယ်ဟော့၊ သွားမယ်.."





"ဝုန်း…ဘုန်း…"

လူဆိုးနှစ်ယောက်လုံးကို ကြိုးတုပ်ပြီး ရေထဲချလိုက်သလို စက်လှေနောက်တွင်ကြိုးတွေချည်ကာ မောင်းထွက်နိုင်းလိုက်တော့ သည်။ ဦးစောလှိုင်က ဒေါင်းလူတို့စက်လှေပေါ်တွင်လိုက်ပါလာတော့ သည်။

"ဦးစောလှိုင် ဘယ်လိုလုပ်ပြီးလိုက်လာတာလဲ"

"ငါနဲ့မင်းတို့က မြို့ပေါ်မှာ ကပ်ပြီးလွဲသွားတာကွ၊ မင်းတို့ ဆိပ်ကမ်းက အထွက် ငါက အဝင်ဖြစ်နေတာ၊ ဖြစ်ချင်တော့ အရင်က မင်းတို့ ထွက်တဲ့ချောင်းကနေလာတာ၊ ဒီတစ်ခေါက် အနောက်ဘက် ကနေ ဝင်လာတော့ လွဲသွားရတာပေါ့၊ ရောက်ရောက်ချင်းပဲ ငါ့ကောင် တွေဆီက သတင်းကြားရတာပဲ၊ ငါ့ဆီကိုလာတဲ့ဧည့်သည်တွေကို ဗကျီ တို့ ဓားပြတိုက်ဖို့ ခေါ်သွားပြီဆိုတာနဲ့ ငါ အားချင်းလိုက်ခဲ့တာ"

"ဟို…ဟို..အန်ကယ် သူတို့သေကုန်တော့မယ်"

"မပူနဲ့တူမ၊ ဒီကောင်တွေ ဒီလောက်နဲ့မသေဘူး၊ ကျွန်းစုကို ရောက်ရင် ဒီထက်ကြီးတဲ့အပြစ်ဒဏ်တွေကို ပေးရဦးမယ်၊ ဓားပြတိုက် တာကို ဦးလေးအပြစ်မပြောဘူး၊ တစ်ချိန်က ဦးလေးလည်း ဓားပြ တိုက်စားခဲ့တာပဲ၊ ဒါပေမဲ့ စည်းကမ်းတော့ရှိရမယ်၊ ကိုယ့်ရွာကိုလာတဲ့ သူပေါ်မှာ စည်းကမ်းမမဲ့ရဘူး၊ ဒီကောင်တွေက ပင်လယ်သစ္စာဖောက်ရား



www.burmeseclassic.com

www.burmeseclassic.com



ကိုဖောက်ပြန်နေတာကြာပြီ"

"ဥပဒေအတိုင်းလုပ်သင့်တာကိုလုပ်လို့ရနေတာပဲ"

"ကောင်လေး.. မင်းပြောတာ ဟုတ်တော့ဟုတ်တယ်၊ ခက်နေတာက ငါတို့ကျွန်းစုတွေမှာက မြို့တွေလိုမဟုတ်ဘူး၊ သွားရေးလာရေးနဲ့ ဆက်သွယ်မှုတွေက အရမ်းကိုခက်ခဲတယ်၊ ပြီးတော့ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်ပြီးတာနဲ့ ပင်လယ်ထဲမှာ လူသူမရောက်နိုင်တဲ့ကျွန်းစုတွေမှာ ခိုအောင်းပြီးမှောင်ခိုစက်လှေတွေနဲ့ တစ်ဖက်နိုင်ငံကိုပြေးလို့ရနေတော့ ဥပဒေဆိုတာကို သိပ်ပြီးမကြောက်ကြဘူး၊ ဒါကြောင့်လည်းကိုယ်ပိုင်ဥပဒေတွေနဲ့ ဒီကောင်တွေကိုအပြစ်ဒဏ်ပေးနေရတာ"

ဦးစောလှိုင်ပြောသလိုဟုတ်တော့လည်းဟုတ်နေပြန်သည်။ ခုလို မြို့အုပ်ချုပ်ရေးနဲ့ဝေးလှတဲ့ ကျွန်းစုတွေမပြောနဲ့ မြို့နှင့်နီးနီး ကပ်ကပ်နေတဲ့ ဒေါင်းလှတို့ကျွန်းစုတွေမှာတောင် ဥပဒေမဲ့လုပ်ရပ်တွေလုပ်ကိုင်နေကြတာမို့ဦးစောလှိုင်တို့လို နေရာမှာ ဒုစရိုက်တွေ၊ ပြစ်မှုကျူးလွန်သူတွေ ပေါ်များတာ သိပ်တော့မဆန်းလှ။

"ဟိုမှာတွေ့နေရတာ ငါတို့ကျွန်းစုလေးပဲ"

စက်လှေပေါ်က လှမ်းပြီးမြင်တွေ့နေသော ကျွန်းစုလေးမှာ သိပ်ပြီးကျယ်ဝန်းသော ကျွန်းစုလေးမဟုတ်။





"ကျွန်းစုပေါ်မှာ နေထိုင်သူများလားဦးစောလှိုင်"

"သိပ်ပြီးမများပါဘူး၊ အိမ်ခြေ (၁၀၀) ကျော်လောက်နဲ့ လူ (၂၀၀) ဝန်းကျင်လောက်ပဲ နေထိုင်ကြတာ၊ စီးပွားရေးကတော့ ပုလဲငုပ်ကြတယ်၊ ငါးဖမ်းကြတယ်၊ ဒီအလုပ်တွေကို မလုပ်ချင်ကြတဲ့သူတွေက စက်လှေမောင်းကြတယ်၊ စက်လှေမောင်းတဲ့ကောင်တော်တော်များများက ဗဂျီလိုကောင်မျိုးတွေများတယ်"

ကျွန်းစုလေးထဲသို့ စီးဝင်နေသော ချောင်းရိုးလေးအတိုင်း စက်လှေကလေးမောင်းဝင်လာပြီး သပ်သပ်ရပ်ရပ်ပြုလုပ်ထားသော တူးတို့ဆိပ်လေးတွင် စက်လှေကို ဆိုက်ကပ်လိုက်သည်။

"ဒီကောင် (၂) ကောင်ကိုထိတ်တုံးခတ်ထားလိုက်၊ ပြီးတော့မှ ငါဆက်ပြီးရှင်းမယ်"

ဦးစောလှိုင်...သူ့လူတွေကိုမှာစရာရှိတာတွေမှာပြီး ဒေါင်းလှတို့ကို ခေါ်ကာ သူ့အိမ်ဘက်ကို လာခဲ့ကြသည်။ ဦးစောလှိုင်နေထိုင်သောအိမ်ကလေးမှာ နေချင့်စဖွယ်လေးဖြစ်၏။ ကျွန်းစုလေးထဲကို စီးဝင်နေသော ချောင်းရိုးလေး တစ်ခုဘေးတွင်ရှိသော ကုန်းမြင့်လေးပေါ်မှာ တဲအိမ်လေးကို တည်ဆောက်ထားခြင်းပင်ဖြစ်သည်။

"ဦးစောလှိုင်ကတော့ တကယ့်ကိုစိတ်ကူးကောင်းတာပဲ"

"ကောင်လေး...မင်းဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကလေး ဆောက်ထားပုံကိုပြောတာပါ"

"ဘဝက ကြမ်းတမ်းစွာဖြတ်သန်းနေရပေမဲ့ နှလုံးသားက တော့ အလှတရားနဲ့ငြိမ်းချမ်းမှုတွေကို နှံမင်တတ်ပါတယ်၊ ကဲ…အိမ် ပေါ်ကိုတက်ကြကွာ"

ဦးစောလှိုင်၏ အိမ်ကလေးမှာ တဲအိမ်ကလေးဆိုပေမဲ့ သပ် သပ်ရပ်ရပ် နိုင်နိုင်ခံ့ခံ့လေးဖြစ်သည်။

"ကိုဒေါင်းလှ…"

"ဘာများလဲ နှင်းဆီမိုး…"

"ဦးစောလှိုင်မှာ ဇနီး သားသမီးမရှိဘူးလား"

"မရှိဘူး၊ သူ့ဘဝဇာတ်လမ်းပြောရရင် အရှည်ကြီးပဲ၊ ကြေကွဲ ဝမ်းနည်းဖို့ကောင်းတယ်၊ နောက်မှပဲပြောပြမယ်"

မေလှိုင်ကတော့ ပင်လယ်ရေလှိုင်းဒဏ်ကြောင့် ခေါင်းမူး သဖြင့် ခွေခွေလေးလှဲနေသလို ခါးခါးကတော့ ချောင်းရိုးတံတားလေး ပေါ်မှာ ရပ်ပြီးငေးနေသည်၊ ဦးစောလှိုင် သူတို့ကို တဲပေါ်တွင် ထားရစ် ခဲ့ကာ ရွာထဲဘက်ကိုထွက်သွားသည်။

■■



"ကိုဒေါင်းလှ…အပြင်မှာထွက်ပြီးထိုင်ကြရအောင်"

"ကောင်းသားပဲ"

တဲရှေ့လေးတွင် ဝါးဖြင့်ပြုလုပ်ထားသော ကွပ်ပျစ်လေးပေါ် သို့တက်ပြီးထိုင်လိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဘေး ချင်းကပ်ပြီးထိုင်တယ်ဆိုပေမဲ့ ပူးပူးကပ်ကပ်တော့မဟုတ်။

"ကိုဒေါင်းလှကို ပြောချင်တာတစ်ခုရှိတယ်"

"ဘာများလဲ"

"ကျုပ်…ကျုပ်ဆိုတဲ့အသုံးအနှုန်းကြီးကို မပြောပါနဲ့၊ နားထဲမှာ ကြားရတာ တစ်မျိုးကြီးပဲ"

"ဒါဆို ဘယ်လိုပြောရမလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ကိုခေါင်းလူထက် ငယ်ပါတယ်၊ ကိုယ်တို့ ဘာတို့နဲ့ ပြောပေါ့"

"ကောင်းပြီလေ"

တစ်ဦးနှင့်တစ်ဦး သဘောတူညီမှုရလိုက်ကြပြီး တူညီစွာပြုံးလိုက်မိကြသည်။

"သဘာဝတရားကြီးက ပေးထားတဲ့နေရာလေးတွေဟာ တကယ့်ကို စိတ်ချမ်းမြေ့ဖို့ကောင်းတယ်နော်"

"လူတွေရဲ့လောဘတွေ၊ အတ္တတွေကြောင့် လောကကြီးဟာ တဖြည်းဖြည်းနဲ့ ညစ်နွမ်းနေတာပါ၊ တစ်ခါတစ်ခါ ဆုတောင်းမိတယ် စိတ်ကူးလည်း ယဉ်မိတယ်"

"ဘာကိုလဲ"

"ဒီကမ္ဘာကြီးမှာ အတ္တတွေကင်းပြီး စစ်ပွဲတွေမရှိတဲ့ကမ္ဘာကြီး ဖြစ်စေချင်တယ်"

"ကိုခေါင်းလူရဲ့စိတ်ကူးလေးက လှပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ ကမ္ဘာကြီးမှာဖြစ်လာဖို့ဆိုတာ မလွယ်ကူလှပါဘူး၊ တခြားနိုင်ငံတွေကို မကြည့်နဲ့၊ ကျွန်မတို့ ဗုဒ္ဓဝါဒရဲ့အရိပ်အောက်မှာ နေထိုင်နေကြတဲ့ လူတွေကိုယ်တိုင်က မေတ္တာတရားနဲ့ ပတ်သက်ပြီး အရမ်းကိုအားနည်းနေကြပါတယ်၊ ဒါကြောင့်လည်း ရက်စက်မှုတွေ၊ ကြမ်းတမ်းမှုတွေ ပေါ်များနေတာပေါ့၊ လူတွေရဲ့အမိကကျဆုံးရန်သူက ဘာလို့ထင်လဲ"

"ကိုယ်ထင်တာကိုပြောကြည့်ရမလား"

"ပြောကြည့်လေ"

"လူတွေရဲ့အမိကအကျဆုံးရန်သူကတော့ အာဏာနဲ့ငွေပဲ၊ ကိုယ်ပြောတာလွဲနေလား"

"မလွဲပါဘူး၊ လူတွေရဲ့စိတ်ဓာတ်တွေကို ဖျက်ဆီးနေတာ အာဏာနဲ့ငွေပဲ၊ ဒါတွေဟာ လိုအပ်သလောက်ပဲ မက်မောကြရင် ကျွန်မတို့လူသားတွေအတွက် အဆိုးဆုံးစစ်ပွဲတွေ၊ ဖမ်းဆီးမှုတွေကို မြင်တွေ့ကြရမှာမဟုတ်ဘူး"

"ဘာတွေ မဟုတ်နေတာလဲဟေ့"

"ဩော်... ဦးစောလှိုင်"

ဦးစောလှိုင်... ပလိုင်းခြင်းကြီးနှင့်ပြန်ရောက်လာခြင်းပင်ဖြစ်သည်။

"ပလိုင်းထဲမှာ ဘာတွေလဲဗျ"

"ပင်လယ်စာတွေပေါ့ကွာ၊ ပုစွန်နဲ့ ဂဏန်းတွေ၊ ညှော်သည်တွေကိုခြည့်ခံစရာကဒါပဲရှိတာ"

"ရပါတယ်ဗျာ"

"ကဲ... ခဏနားပြီးရင် စားကြတာပေါ့၊ ငါ စားသောက်ဖို့လုပ်







www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်၊ ညအိပ်ကြမှာမဟုတ်လား"

"ဟုတ်တယ်၊ ဦးစောလှိုင်နဲ့ စကားအေးအေးဆေးဆေးပြော ချင်လို့လာခဲ့ကြတာ"

"ခုကတည်းက ပြောထားမယ်နော်၊ စီးပွားရေးကိစ္စဆိုရင် ငါ စိတ်မဝင်စားဘူး၊ ငါ့အတွက် ထမင်းစားနေရတဲ့အလုပ်နဲ့ဘဝကိုပဲ မက်မောတော့တယ်၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတွေကို ငါ့ဘဝထဲက စွန့်ပစ်ထားလိုက်ပြီဟေ့.."

"ကောင်းတာပေါ့ဗျာ"

ဦးစောလှိုင် စကားပြောရင်း နောက်ဖေးဘက်သို့ဝင်သွား

■ ■



"ဘာပြောတယ်..ဆာဒွန်နာကျွန်းကိုသွားချင်လို့....ဟုတ်လား"

"ဟုတ်တယ် ဦးစောလှိုင်"

ခေါင်းလှူ ပြောလိုက်သော ဆာဒွန်နာကျွန်းခရီးသွားဖို့ စကား ကြောင့် ဦးစောလှိုင် မျက်နှာတွင် စိုးရိမ်မှု၊ ချောက်ချားမှုတွေကို မြင် လိုက်ရသည်။

"မ...မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ဦးစောလှိုင်"

"ဒီကျွန်းစုဟာ လူတွေနေတဲ့ကျွန်းမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

"ဟင်.."

"အရမ်းကိုကြောက်စရာကောင်းတဲ့ အရိုင်းကောင်တွေနေတဲ့ကျွန်းစုကွ၊ပြီးတော့မြန်မာနိုင်ငံပိုင်နက်ထဲမှာမှဟုတ်ဘူး၊ ဒါ့အထင်ဘင်္ဂလားဒေ့ရှ်ပိုင်နက်ထဲမှာ ဖြစ်နိုင်တယ်၊ နေစမ်းပါဦး၊ မင်းတို့ကဘာကြောင့်သွားချင်တာလဲ"

"နင်းဆီမိုးရေ.. အကြောင်းစုံကိုရှင်းပြလိုက်ပါ"

နင်းဆီမိုးတစ်ယောက် သူသွားချင်သောအကြောင်းကိစ္စလေးကို ရှင်းပြလိုက်တော့သည်။

"ဒီလိုဦးစောလှိုင် × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"

"ဟူး.... ခက်တော့ခက်နေပြီ"

ဦးစောလှိုင်...နင်းဆီမိုး ပြောပြသောအကြောင်းအရာကို နားထောင်ပြီးတော့ သက်ပြင်းချလိုက်သည်။ ပြီးတော့မှ...

"ငါဟာ.. ဒီဆာဒူနာကျွန်းမှာ ရက်(၃၀)လောက်နေခဲ့ရတဲ့အချိန်တွေမှာ တစ်ရက်မှစိတ်ချလက်ချ အိပ်ခဲ့ရတဲ့နေ့မရှိဘူး"

"ဦးစောလှိုင် ဒီကျွန်းကိုရောက်ခဲ့တဲ့ အကြောင်းလေးကို အရင်ဆုံးပြောပြပါလား"





"ဆာဒူနာကျွန်းကို ငါရောက်ခဲ့ရတာဟာ ဘယ်လိုမှမယုံနိုင်တဲ့ ရောက်ခြင်းမျိုးနဲ့ရောက်ခဲ့ရတာ၊ ပင်လယ်ဓားပြဘဝနဲ့ရောက်ခဲ့ရတာ၊ ရောက်ခဲ့ပုံကတော့ ဒီလို..ကောင်လေးရေ..... တစ်နေ့ ငါတို့ပင်လယ်ဓားပြအဖွဲ့တွေ ဓားပြတိုက်နေတုန်းရေတပ်သင်္ဘောနဲ့တွေ့လို့ စက်ကုန်ဖွင့်ပြီးမောင်းပြေးခဲ့ရင်းနဲ့ × × × × × × × × × × × × × × × × × × × × × × × × × × ×"

"ဂျိုင်း...ဝုန်း..."

ရေတပ်မှ ဦးစောလှိုင်တို့ စက်လှေကြီးကို အမြောက်ဖြင့် ချောက်လှန့်ပြီးပစ်ပေမဲ့ ရေထဲကိုကျသွားသော အမြောက်ကျည်ဆံ၏ ပေါက်ကွဲမှုကြောင့် စက်လှေကြီးမှာ ယိမ်းထိုးနေပေသည်။

"ဆရာစော...ဆရာစော.."

"ဘာလဲကွ.."

"ကျွန်တော်တို့မလွတ်လောက်တော့ဘူး"

"မင်းပါးစပ်ကို ပိတ်ထားစမ်း၊ မိလို့မဖြစ်ဘူးကွ၊ ငါတို့ရှာဖွေထားတဲ့ ပစ္စည်းတွေက ဒီတစ်သက်စားမကုန်ဘူး၊ မိသွားရင်သွားပြီ၊ စက်ကိုထပ်တင်ပြီးမောင်း.."

"စက်က ဒါအကုန်ပဲ"

အနောက်မှ လိုက်လာသော ရေတပ်သင်္ဘောကြီး[illegible]နီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်လာပြီဖြစ်သည်။ ဦးစောလှိုင်တို့ စက်လှေကြီးကို ရပ်ဖို့အချက် ပေးနေပြီဖြစ်သည်။

"ဒုန်း... ဂျိုင်း..."

"ဟင်...ဟာ...ဟိုက်.."

ဦးစောလှိုင်တို့ စက်လှေကြီး ရေအောက်မှ တစ်စုံတစ်ခုနှင့် ဝင်တိုက်မိသလိုဖြစ်သွားပြီး စက်လှေကြီးတစ်ခုလုံး ချာလည်လည် သွားပြီးနောက်...

"ဘာ...ဘာကြီးလဲ"

"မ...မသိဘူးဆရာ"

သူတို့စက်လှေကြီးဘေးဘက်တွင် အနီရောင်ရေလှိုင်းကြီး တွေ လှိမ့်သွားပြီး တစ်ယောက်နဲ့တစ်ယောက် မတွေ့ရတော့ပေ။ စက်လှေကြီးမှာထိုလှိုင်းကြီးကြားတွင်ပျောက်ကွယ်သွားတော့သည်။ စက်လှေပေါ်မှာပါလာကြသူတွေ၏အော်ဟစ်သံကိုပင် မကြားရတော့ ပေ၊ ဦးစောလှိုင် မျက်လုံးထဲတွင် ဘာကိုမှ မတွေ့ရတော့ဘဲ အမှောင် ထုကြီးတစ်ခုထဲကိုရောက်သွားသလိုပင်။

"ဝုန်း...ဖြောင်း...အား.."

သူ့ခေါင်းကို ပြင်းထန်သော ရိုက်ချက်နှင့်အတူ ကမ္ဘာကြီး တစ်ခုလုံးပျောက်ကွယ်သလိုပင် ဘာကိုမှ မသိရတော့ပေ။





"ဟင်..."

မိုးစက်တွေ မျက်နှာပေါ်သို့ကျလာတာကြောင့် မျက်လုံးဖွင့် ပြီးကြည့်လိုက်တော့ အနီရောင်တွေ ဖိုင်းရဲနေသော ရေပြင်ကြီးကို တွေ့လိုက်ရသည်။

"ငါ..ဘယ်..ဘယ်ကိုရောက်နေတာလဲ၊ အား...ကျွတ်.. ကျွတ်.."

ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရိုက်ထားသလို နာကျင်နေတာ ကြောင့် လဲကျနေရာမှ ချက်ချင်းထလို့ပင်မရ။

"အိ..လိ...လိ... x x"

"ဟာ.."

ဦးစောလှိုင် နားထဲတွင် စကားပြောသံတွေကိုကြားလိုက်ရ သည်၊ ဒါပေမဲ့ သူကြားလိုက်ရသော စကားသံတွေမှာ မြန်မာစကား တော့မဟုတ်ခဲ့ပါ။ ဘယ်လိုပင်ဖြစ်ဖြစ် သူ့အတွက် ကယ်တင်ပေးမယ့် သူတွေ ရှိနေပြီဖြစ်တာကြောင့် အားတက်ပြီး ထမည်အပြု...

"ဟိုက်.."

ဦးစောလှိုင်..ရပ်ရှင်ထဲတွင်တွေ့ဘူးသော လူရိုင်းလို လူတွေ ကိုတွေ့လိုက်ရသည်၊ ထိုလူတွေဦးစောလှိုင်ကိုတော့ မတွေ့ကြ၊ သူတို့ အားလုံး ဦးစောလှိုင် တပည့်ဖြစ်သူတစ်ဦးကို ဖမ်းဆီးနေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ..ငါ..ဘာလုပ်သင့်လဲ"

လူရိုင်းတွေ ဘာဆက်ပြီးလုပ်ကြမယ်ဆိုတာကို နောက်က နေလိုက်ပြီးကြည့်နေမိ၏။

"လွှတ်...လွှတ်ကြပါ.. ငါ့ကိုလွှတ်ကြပါ"

ဦးစောလှိုင်..တပည့်ဖြစ်သူ အော်ဟစ်ပြောဆိုနေပေမဲ့ လူရိုင်း တွေမှာ ဘာကိုမှ မသိသလို မြေကြီးပေါ်တွင် ကြိုးဆွဲပြီးခေါ် ဆောင် သွားကြသည်။

"တုံ...တုံ...တုံ...ဒူ...ဒူ..."

ကျောက်ခဲဆောင်တွေ ဝိုင်းရံထားသော အလယ်တွင် အိမ်ရ လေးတွေကို တွေ့လိုက်ရသည်။ အပြင်ကနေ ပြန်ပြီးဝင်လာသော လူရိုင်းတွေကို ရွာလေးထဲရှိ လူရိုင်းတွေက သစ်သားတုံးကြီးတွေကို တီးခေါက်ပြီးကြိုဆိုကြသည်ကိုတွေ့နေရသည်။

"ကယ်...ကြ..ပါဦး..."

တပည့်ဖြစ်သူကို သူတို့ယဇ်ပူဇော်သောနေရာဟုထင် သည့် တိုင်ကြီးတွင် ကြိုးတွေချည်နှောင်ပြီး သိပ်မကြာ၊ ခေါင်းဆောင် လုပ်သူမှာ ဝတ်ရုံနက်ကြီးကိုခြုံလျက် လူရိုင်းအားလုံးကိုသူ နားမလည် သော ဘာသာစကားနှင့် အော်ဟစ်ပြောဆိုပြီးသည်နှင့် လူရိုင်းတွေ





ထင်းချောင်းတွေကို တပည့်ဖြစ်သူရှေ့တွင် စုပုံကြတော့သည်။ သိပ် မကြာ ထင်းပုံကြီးကို မီးစတင်ရှို့ကြသည်။

ဦးစောလှိုင်...တပည့်ဖြစ်သူကိုကယ်ဖို့စဉ်းစားပေမဲ့ ဘယ်လို မှမဖြစ်နိုင်သောအခြေအနေတစ်ခုကို ရောက်နေပြီဖြစ်သည်။

"သူတို့ဘာတွေလုပ်ကြမှာလဲ"

"တူ...တူ...တူ..."

လူရိုင်းတစ်ယောက်မှ ကျွဲရိုးပြောင်းကြီးတစ်ခုကို မှုတ်လိုက် တော့မှ ခေါင်းဆောင်လုပ်သူအတွက် နေရာလုပ်ထားသော သစ်သား ခုံကြီးတွင် ဝတ်ရုံနက်နဲ့ခေါင်းဆောင်တက်ပြီးထိုင်ကာ သူ့ခေါင်းစွပ်ကြီး ကိုချွတ်လိုက်တော့မှ...

"ဟာ..."

မိန်းကလေးတစ်ဦးဖြစ်နေသည်။ အနီးကပ်ရုပ်ရည်ကို မပြော တတ် ပေမယ့် ဦးစောလှိုင် အဝေးမှကြည့်ရ၊ မြင်ရသည်မှာ လွန်စွာချော မောသောမိန်းကလေးတစ်ဦးပင်ဖြစ်နေသည်။

"× × × × × × × × × × × × × ×"

ခေါင်းဆောင်မိန်းကလေးပါးစပ်မှ ရွတ်ဆိုမှုတွေပြုလုပ်ပြီး ဘေးမှ ရပ်နေသော လူရိုင်းတစ်ဦးမှ ခေါင်းဆောင်လုပ်သူလက်ထဲကို အရိုးလုံးကြီးပေးလိုက်သည်။ ခေါင်းဆောင်မိန်းကလေး လုံးကြီးကိုဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး တပည့်ဖြစ်သူ ရှေ့ကို တစ်လှမ်းချင်းလျှောက်သွားကာ...

"ဟာ...ဘုရား...သခင်...ကယ်တော်မူပါ..."

"အား..."

ဦးစောလှိုင် မျက်လုံးကိုစုံမှိတ်လိုက်ရတော့သည်။ မြင်လိုက်ရသော မြင်ကွင်းမှာ စိတ်ချောက်ချားဖွယ်ကောင်းလှသည်။ တပည့်ဖြစ်သူ လည်ပင်းကို အရိုးလုံ့ကြီးဖြင့် ထိုးစိုက်လိုက်ခြင်းဖြစ်သည်။

"ဝေ...ဒူ...တူ...တူ..."

လူရိုင်းအားလုံး၏ အော်ဟစ်သံကြီးကို ဟိန်းထွက်သွား အောင်ကြားလိုက်ရလေသည်။

တပည့်ဖြစ်သူမှာ တစ်ချက်သာအော်ဟစ်နိုင်ပြီး ခေါင်းကျိုး ကျသွားသည်။ ဦးစောလှိုင် ဆက်ပြီးကြည့်လိုက်တော့ လူရိုင်းမိန်း ကလေးတွေ တန်းစီပြီး ပန်းတွေကို ယူလာကာ မြေမှာခင်းကျင်းကြ သည်။ လူရိုင်းယောကျ်ားတွေက အသက်ဝိညာဉ်ကင်းမဲ့နေသော တပည့်ဖြစ်သူကို ကြိုးတွေဖြေပြီး ပန်းတွေခင်းထားသော မြေပြင်ပေါ် တွင်ဆန့်ဆန့်ကြီး ထားလိုက်ပြီး သာမန်လူတွေထက် ထွားကြိုင်းသော လူရိုင်းကြီးတစ်ဦး ဓားရှည်ကြီးနှင့် ခုတ်ပိုင်းနေတာကို မကြည့်ရဲတော့ ဘဲ မျက်နှာကိုလွှဲလိုက်ရတော့သည်။

"ခုတ်ပိုင်းပြီး ဘာလုပ်ကြတာလဲ ဦးစောလှိုင်"





ဦးစောလှိုင် ပြောနေသောစကားကိုရပ်လိုက်တော့ ခေါင်းလှု မေးလိုက်မိသည်။

"ကောင်လေးရေ.. ငါ့လောက် ဓားပြလောကမှာ ရက်စက် ကြမ်းကြုတ်တဲ့သူ မရှိဘူးလို့ထင်ခဲ့တာ၊ ဒီလူရိုင်းတွေနဲ့တွေ့မှပဲ ငါ ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ ဘာမှမဟုတ်တော့ဘူး၊ ငါ့တပည့် ကို ခုတ်ပိုင်းပြီး စားကြတယ်"

"ရှင်..."

"ဟာ..."

"တကယ်မယုံနိုင်တဲ့ဖြစ်ရပ်ကြီးပါကွာ၊ လူကြီးကလေးမိန်းမ တွေပါမကျန် စားကြတာ၊ ငါဆိုရင် အဲဒီနေရာမှာမေ့လုမတတ်ဖြစ်သွား တာ၊ ငါသိလိုက်တာ တစ်ခုက ငါဒီကျွန်းမှ ဆက်ပြီးနေလို့မရတော့ဘူး ဆိုတာပဲ"

"ဒါနဲ့ ဘယ်လိုလုပ်ပြီး ဒီကျွန်းကနေလွတ်မြောက်လာတာ လဲ"

"ငါကျွန်းထဲမှာ ရက်(၃၀)လောက် ရှောင်ပုန်းပြီးတွေ့ရာစား သောက်ပြီး နေခဲ့ရင်း ဝါးဖောင်တစ်ခုကို လုပ်ခဲ့တယ်"

"ဒီရက်တွေအတွင်းမှာလူရိုင်းတွေနဲ့မဆုံခဲ့ဘူးပေါ့"

"လူရိုင်း(၂)ကောင်ကို ငါသတ်ခဲ့ပြီး သူတို့ဆီက လက်နက်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ဝါးဖောင်ကိုလုပ်ခဲ့ရတာ၊ ဒီကြားထဲမှာတော့ မတွေ့အောင်ရှောင်နေခဲ့တာပေါ့။ နောက်ဆုံး ငါ့တစ်ယောက်တည်း ဝါးဖောင်နဲ့ ပင်လယ်ဘက်ကိုမျောပြီး ရောက်ချင်ရာရောက်ဆိုပြီး ပြေးခဲ့ရတာ၊ သေကံမပါလို့လားတော့မသိပါဘူးကွာ၊ ဘင်္ဂလားဒေ့ရှ်စစ်သင်္ဘောနဲ့တွေ့ပြီး ငါ့ကို ကယ်ခဲ့တာ၊ မြန်မာပြည်ကို ပြန်ပြီးပို့တော့မှ အပြစ်ဒဏ်ကျခဲ့ရတာ"

"ဒီတုန်းက ဦးစောလှိုင် ဆုံးဖြတ်ချက်ချတာ မှန်သွားတာပေါ့"

"ငါ့အတွက် ရွေးချယ်စရာ ဒါပဲရှိတော့တယ်၊ ကျွန်းပေါ်မှာ ဆက်ပြီးနေရင် တစ်ရက်မဟုတ်တစ်ရက် သူတို့လက်ထဲကိုရောက်မှာပဲ၊ ဒီတော့ စွန့်စားရင်းနဲ့ သေတာကမှ မျှော်လင့်ချက်ရှိသေးတယ်ဆိုပြီး ရွေးချယ်လိုက်တာပဲ"

"တကယ့်ကို ကြောက်စရာကောင်းတဲ့ကျွန်းကြီးပဲ"

"ငါ့အထင်တော့ ဒီလူတွေဟာ ကမ္ဘာကြီးနဲ့ကင်းကွာနေတဲ့ လူတွေပဲဖြစ်မယ်၊ သူတို့နေထိုင်ပုံတွေက ကျောက်ခေတ်လူသားတွေလိုပဲ၊ သူတို့မှာ တိုးတက်တာဆိုလို့ မီးကိုသုံးစွဲတတ်တာပဲရှိတယ်"

"ဝတ်စားဆင်ယင်မှုတွေကရော"

"အင်း… တိရစ္ဆာန်အရေခွံတွေကို ဝတ်ဆင်ထားကြတာ"

"ခေါင်းဆောင်က မိန်းကလေးပေါ့"



"အေး…ဟုတ်တယ်၊ မိန်းကလေးမှ တော်တော်ကို ချောတဲ့ မိန်းကလေးတစ်ဦးပဲကွ"

"ဒီနေရာကို ဘယ်ကနေ သွားရတယ်ဆိုတာရော မှတ်မိလား"

"အင်း… သွားမယ်ဆိုရင်တော့ မှတ်မိတယ်၊ တစ်ခုပဲ စဉ်းစားလို့မရတာက သွေးနီရေပြင်ကြီးကို ငါ့ဘဝမှာ တစ်ခါမှမတွေ့ဘူးသလို ဒီရေပြင်ကိုရောက်ရင် အန္တရာယ်သိပ်ပြီးကြီးနိုင်တယ်၊ မင်းတို့သွားမယ်ဆိုရင် ပြန်လမ်းမဲ့ခရီးကိုသွားရသလိုဖြစ်မှာသေချာတယ်၊ ကဲ.. မင်းတို့ စဉ်းစားကြပေါ့ကွာ"

ညလေအေးတွေ တိုက်ခတ်မှုကြောင့် သစ်ပင်သစ်ခက်တွေရဲ့ရိုက်ခတ်သံတွေကိုပင် ကြားနေရသည်။

"နင်းဆီမိုး ဘယ်လိုစဉ်းစားထားလဲ"

"ကျွန်မကတော့ အရှမ်းကိုသွားချင်တယ်၊ ဒါပေမဲ့ ဦးစောလှိုင်ပြောတဲ့စကားအရဆိုရင် ပြန်လမ်းမဲ့လမ်းကိုသွားကြရမှာဖြစ်နေတယ်၊ ကိုဒေါင်းလူအနေနဲ့လည်း ဒီလိုခရီးကို လိုက်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

နင်းဆီမိုး… စကားလေးမှာ အားငယ်အားပျော့စွာနှင့် မျှော်လင့်ချက်ကင်းမဲ့စွာပြောနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်းဆီမိုး.."

"ပြောပါ..ကိုဒေါင်းလှ"

"နင်းဆီမိုး... သိပ်ပြီးဆန္ဒပြင်းပြနေရင် သွားကြမယ်"

"ရှင်..."

"ဟင်...ဟာ.."

"မေလှိုင်နဲ့ ခါးခါးတို့ကတော့ နေချင်နေခဲ့ပေါ့၊ လိုက်ရဲတဲ့သူတွေကို အခကြေးငွေပေးပြီး ငှားသွားကြမယ်"

"နင်တို့သွားမှတော့ ငါတို့ပါလိုက်မယ်"

"မေလှိုင်... ခုခရီးက နင်ကြားတဲ့အတိုင်းအန္တရာယ်အရမ်းကြီးတယ်နော်"

"သူငယ်ချင်းတစ်ယောက်ရဲ့ မျှော်လင့်ချက်တစ်ခုကို ဖြည့်ဆည်းပေးရတာပဲဟာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျေနပ်ပါတယ်"

"ခါးခါး...မင်းရော.."

"မင်းငရဲပြည်သွားရင်တောင် လိုက်မှာပဲဟေ့"

ဒေါင်းလှတို့ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လိုက်ကြပြီးပြုံးလိုက်ကြတော့သည်။

"ဟေး... မင်းတို့တစ်တွေ ဒီလောက်တောင် ဆန္ဒတွေဖြစ်နေမှတော့ ငါလည်းမထူးပါဘူး၊ လိုက်ရတော့မှာပေါ့ကွာ"





"ကျေး...ကျေးဇူးတင်လိုက်တာ ဦးစောလှိုင်"

"ကျေးဇူးတင်တာ နောက်ထား၊ ပင်လယ်ခရီးသွားမယ် ဆိုရင် ဒီလက အကောင်းဆုံးရာသီပဲဟေ့၊ ပြင်ဆင်စရာတွေကို အားချင်းပြင်ဆင်ကြတော့"

"ဦးစောလှိုင် .. ကျွန်မတို့နဲ့အတူလိုက်ခဲ့ပြီး ဟိုရောက်မှ ပြင်ဆင်ပြီးသွားကြတာပေါ့"

"အေးပေါ့ကွာ.. ဒီလိုပဲလုပ်ကြတာပေါ့"

နင်းဆီမိုး၏အိပ်မက်စိတ်ကူးကြီးကို အန္တရာယ်တွေနှင့် ရင်းနှီးမြှုပ်နှံပြီး ဖော်ဆောင်ကြရတော့မှာဖြစ်သည်။

■ ■



www.burmeseclassic.com

www.burmeseclassic.com

ဆာဒူနာကျွန်းခရီးစဉ်ကြီး စတင်ခဲ့ပြီဖြစ်၏၊ နှင်းဆီမိုး စက်လှေ တစ်စီးကို အကောင်းဆုံးရွေးချယ်ပြီး အတော်ဆုံးမာလိန်မှူး နှင့် စိတ်ချရသော အလုပ်သမားတွေကို ငှားရမ်းကာ ခရီးထွက်ခဲ့ခြင်းပင်ဖြစ် သည်၊

ထိုခရီးစဉ်အတွက် လိုရမယ်ရ လက်နက်တွေကို ဆောင်သွားရမှာဖြစ်တာကြောင့် လက်နက်မှောင်ခိုသမားတွေနှင့်ဆက် သွယ်ကာ လက်နက်တွေကို ဝယ်ယူဖို့ပြင်ဆင်ရတော့သည်၊

"ကိုအိုက်စံ...ခင်ဗျားချိန်းထားတာ သေချာတယ်နော်"

"သေချာပါတယ် ကိုဒေါင်းလူ၊ ဒီကောင်တွေ ပင်လယ်ထဲမှာ





စက်လှေနဲ့စောင့်နေကြမှာ"

မာလိန်မှူးအိုက်စံအကူအညီဖြင့် လက်နက်တွေကိုဝယ်ယူဖို့စီစဉ်ထားခဲ့ခြင်းပင်ဖြစ်သည်၊

"ဟို..ဟိုမှာ ရပ်ထားတဲ့စက်လှေ"

တစ်ဖက်စက်လှေမှ ဒေါင်းလူတို့စက်လှေကို အဝတ်နီစဖြင့် အချက်လှမ်းပြနေသည်၊

"အဲဒီကို မောင်းသွားကြမယ်"

စက်လှေနှစ်စီးဘေးချင်းကပ်ပြီးရပ်လိုက်သည်နှင့် အိုက်စံ တစ်ဖက်စက်လှေမှ သူနှင့်ချိန်းဆိုထားသောသူကိုရှာလိုက်စဉ်...

"ဟင်.."

"တစ်ယောက်မှမလှုပ်နဲ့နော်"

"မင်း..အောင်မောင်း.."

တစ်ဖက်စက်လှေပေါ်တွင် သေနတ်ကိုယ်စီကိုင်ထားကြသော လူတွေက ဒေါင်းလူတို့ကို သေနတ်တွေနှင့်ချိန်ရွယ်ထားလိုက်ကြသည်၊

"မင်းအောင်မောင်း..မင်း...ဘာသဘောလဲ"

"ရိုးရိုးစင်းစင်းလေးပါကွာ၊ မင်းတို့စက်လှေကိုဓားပြတိုက်တာလေ၊ ပြီးတော့မင်းကို လူ့လောကကြီးထဲကနေ ထွက်ခွာခွင့်ပေး မ



www.burmeseclassic.com

www.burmeseclassic.com



လို့..ဟားဟားဟား..."

"တောက်..."

ဒေါင်းလူ..အခြေအနေကိုကြည့်တော့ တိုက်ခိုက်မှုတွေဖြစ်ရင် သူတို့ဘက်က မလွယ်ကူနိုင်ဘူးဆိုတာကို သဘောပေါက်လိုက်သည်။

"မင်းတို့ပုံစံတွေကြည့်ရတာ ဓားပြတွေနဲ့မတူဘူး၊ ဖာတ်ထဲက လူဆိုးတွေနဲ့တူနေတယ်"

"ဟေ့လူကြီး..ခင်ဗျားဘာပြောတာလဲ"

ဦးစောလှိုင် ဘာမှမဖြစ်သလိုပင် ပြောပြီးတစ်ဇက်စက်လှေကြီးပေါ်ကိုတစ်လှမ်းချင်းတက်သွားသည်။

"ခင်ဗျားကြီးက အရင်ဆုံးသေချင်နေတာကိုး၊ မဲတူ...ပစ်ချလိုက်စမ်းကွာ..ပစ်...ကွာ"

မဲတူကို မင်းအောင်မောင်း အမိန့်ပေးပြီး ပစ်ခိုင်းပေမဲ့ မဲတူ တုတ်တုတ်ပင် မလှုပ်တာကြောင့်...

"မင်းမပစ်ရင် ငါပစ်မယ်"

"ချောက်..."

"ဟင်..မင်း..မင်း...မဲတူ..ဘာလုပ်တာလဲ"

မင်းအောင်မောင်းကိုမဲတူ သေနတ်နှင့်တေ့ချိန်လိုက်သဖြင့် မင်းအောင်မောင်း အံ့အားသင့်သွားသည်။



"ခင်ဗျားသေနတ်ကိုအောက်ချလိုက်ပါ"

"မင်း သစ္စာဖောက်တာပေါ့"

"ကျုပ်က သစ္စာဖောက်တာမဟုတ်ဘူး၊ သစ္စာရှိတာ၊ ခင်ဗျားပစ်ခိုင်းတဲ့သူက ကျုပ်ဆရာ၊ ကျုပ်ကျေးဇူးရှင်ဗျ"

"ဘာ.."

"မဲတူ..စကားတွေ အများကြီးပြောမနေနဲ့တော့၊ ငါတို့က ခရီးသွားရမှာ လက်နက်လိုချင်တယ်"

"ရ...ရပါတယ်ဆရာ၊ ဟေ့ကောင်တွေ ငါ့ဆရာကို လက်နက်တွေ ပေးလိုက်"

"ဆရာမဲတူ..မင်းအောင်မောင်းကို ဘယ်လိုလုပ်မလဲ"

"ဒီကောင်တွေက ရေကူးကျွမ်းကျင်တယ်၊ ရေထဲသာ ခုန်ချခိုင်းလိုက်တော့"

"မဲ...မဲတူ..မလုပ်ပါနဲ့ကွာ"

"ခင်ဗျားလိုလူကို ကျုပ် အသက်ရှင်ခွင့်ပေးလိုက်ရင် ကျုပ်အနာဂတ်အတွက် ကံမကောင်းခြင်းကို သယ်ဆောင်သွားသလိုဖြစ်သွားမှာပေါ့၊ ခင်ဗျားဘာသာ ခုန်ချမလား၊ ကျုပ်တို့က ပို့ဆောင်ပေးရမှာလား"



သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဲ...မဲတူ..."

"ကြာတယ်ဗျာ..ဆွဲချကွာ"

"ဝုန်း..ဝုန်း.. ဘုန်း..."

မင်းဇေအောင်မင်းနှင့် သူတပည့်နှစ်ယောက်ကို ရေထဲဆွဲချလိုက်ပြီးနောက်...

"မဲတူ..သူတို့အတွက် ဘောလေးတစ်ကွင်းလောက် ချပေးလိုက်ပါကွာ၊ သူတို့ကံပဲပေါ့"

"ဟုတ်ကဲ့ ဆရာ"

မဲတူ သက်ကယ်ဘောကွင်းလေးကို ပစ်ချပေးလိုက်သည်။

"ကျေးဇူးပဲ မဲတူ"

"ရပါတယ် ဆရာ"

"ငါတို့ခရီးဆက်ရမှာမို့ သွားမယ်ဟေ့"

"ဟုတ်ကဲ့"

မဲတူကို နှုတ်ဆက်ပြီး စက်လှေကြီးကပ်နေရာမှ ပြန်ပြီးခွာကာ ခရီးဆက်ခဲ့တော့သည်။

"ဦးစောလှိုင်ရေ...ခရီးတောင်မသွားရသေးဘူး၊ အနှောင့်အယှက်တွေ ကြုံနေရပြီဗျို့..."

"တော်သေးတာပေါ့ကွာ၊ ငါ့ကောင်တွေနဲ့ တွေ့လို့၊ နို့မို့ဆိုရင် မလွယ်ကြောပဲဟေ့၊ မဲတူဆိုတဲ့ကောင်ကို (၅)နှစ်သားထဲကငါက မွေးစားခဲ့တာ၊ ငါထောင်ကျသွားပြီးမှ ဒီကောင်နဲ့မတွေ့ဖြစ်တာ၊ ခုမှ ပြန်ပြီးဆုံကြရတာ"

ပင်လယ်ရေပြင်ကြီးပေါ်မှာ စက်လှေကြီးကတော့ ဆာဒူနာကျွန်းဘက်ဆီသို့ ရှတ်မောင်းနေလေပြီဖြစ်သည်။

■■







www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ပြင်ည၏ ရေပြင်ကြီးကတော့ ငြိမ်သက်နေဆဲ၊ ဒေါင်းလူ စက်လှေဦးပိုင်းတွင် ထိုင်လျက် ပင်လယ်ပြင်ကြီး၏ ညကို ခံစားနေမိသည်။

"ကိုဒေါင်းလူ"

"ဩော်...နင်းဆီမိုး...ထိုင်လေ"

ဒေါင်းလူဘေးတွင်နင်းဆီမိုးဝင်ပြီးထိုင်လိုက်သည်၊ ပင်လယ် လေနအေးကလေးနှင့်အတူ နင်းဆီမိုး၏ ကိုယ်သင်းရနံ့လေးက ဒေါင်းလူ့ရင်ထဲသို့တိုးဝင်လာသည်။





"ပင်လယ်ပြင်ကြီးဟာ ကျွန်မတို့နှစ်ယောက်အတွက် လှပတဲ့ ပုံရိပ်ကလေးဖြစ်ပါ့မလား မသိဘူးနော်"

"ဒါကတော့ ကံကြမ္မာ စေစားတဲ့အတိုင်းပဲပေါ့"

"ကိုဒေါင်းလူ့ဘဝကို ပင်လယ်ပြင်ကြီးထဲမှာပဲ အဆုံးသတ် တော့မှာလား"

"ဘဝဟာ ဘာတွေဖြစ်လာမယ်ကိုတော့ မသိနိုင်ပါဘူး၊ ဒါပေမဲ့ လက်ရှိအခြေအနေအရတော့ ကိုယ်ဟာလောကကြီးရဲ့လမ်း ပေါ်မှာ တစ်ယောက်တည်းလျှောက်နေရသူလိုပါပဲဗျာ"

"တကယ်လို့ အဖော်တွေ့ခဲ့ရင်ရော"

"ခုလို ဘဝကို ခံမင်တဲ့သူဆိုတာ တခြားသူတွေမပြောနဲ့ ကိုယ့်ရွာလေးမှာတောင် စိတ်ဝင်စားမယ့်သူမရှိဘူး"

"ကိုဒေါင်းလူ စိတ်ဝင်စားတဲ့သူရှိတယ်ပေါ့"

"နလုံးသားနဲ့ ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမှ မစဉ်းစားမိ သေးတာတော့အမှန်ပါ"

"သေချာရဲ့လား ကိုဒေါင်းလူ"

"တခြားသူတွေ မယုံချင်နေပါစေ၊ နင်းဆီမိုးကိုတော့ ယုံစေ ချင်တယ်"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းလူစကားလေးမှာ နှင်းဆီမိုးရင်ကို အမှတ်မထင် ရိုက်ခတ်သွားတာကြောင့် အံ့အားသင့်သွားသည်။

"ကိုယ့်ဘဝမှာ နလုံးသားနဲ့ပတ်သက်ပြီး ယုံကြည်မှုတစ်ခုကို တည်ဆောက်ချင်တယ်၊ ခုသွားနေတဲ့ခရီးဟာ အပြန်ခရီးကို သိပ်ပြီး မျှော်လင့်လို့မရဘူး မဟုတ်လား"

"ကျွန်မ သဘောပေါက်လိုက်ပြီ"

"ဘာကိုသဘောပေါက်လိုက်တာလဲ နှင်းဆီမိုး"

"နောက်ဆုံးနလုံးသားသေတမ်းစာကို ဖတ်ပြနေတာပေါ့"

"ဒီလို ထင်စေချင်ပေမဲ့ မထင်စေချင်ပါဘူးဗျာ"

"မြန်မာစကားကို မြန်မာနားလည်အောင်ပြောပါရှင်"

"ကိုယ့်စကားမှာ နားရှုပ်ထွေးစရာများ ပါသွားလို့လား"

"ပါတာပေါ့၊ သိလည်း သိစေချင်တယ်၊ မသိလည်း မသိစေချင်ဘူးဖြစ်နေတာလေ"

"ရိုးသားစွာ ဝန်ခံခြင်းဟာ တစ်ဖက်ပေါ်မှာ အခွင့်အရေးယူသလိုဖြစ်သွားမှာကိုတော့ မဖြစ်စေချင်ဘူး၊ တကယ်လို့သာ ခုခရီးဟာ ပြန်လမ်းရှိမယ်ဆိုရင်တော့ ဒီစကားကိုပြောဖြစ်ခဲ့မှာမဟုတ်ပါဘူး"

"ကောင်းပြီလေ၊ ကျွန်မ ကိုဒေါင်းလူ ရင်ဖွင့်ချက်ပေါ်မှာ မှတ်တမ်းပြုထားပါမယ်၊ စိတ်ချစွာနဲ့ ကျွန်မသဘောမှာနေပေါ့"





"ဒီမှတ်တမ်းလေးကို ဘဝအဆက်ဆက်သိမ်းထားပေးပါနော်"

"ကျွန်မသဘောမှာ စိတ်ချစွာနေပါ၊ အေးလာပြီ အထဲကိုပြန်ပြီး ဝင်ကြရအောင်နော်"

"အင်း.."

နှစ်ဦးသားလှေဦးထိပ်မှ အခန်းဘက်ကိုပြန်ပြီးလျှောက်လာခဲ့ကြသည်။

"ဟော့တောင်လေးတွေ မြန်မြန်လာကြ၊ လေဦးမိုးတွေ ရွာတော့မယ်"

ဦးစောလှိုင်.. လှမ်းပြီး အော်လိုက်တာကြောင့် နှင်းဆီမိုးလက်ကလေးကိုဆွဲပြီး အပြေးကလေးလာလိုက်သည်၊ ဒေါင်းလူ၏ လက်ဆုပ်ကိုင်မှုကို နှင်းဆီမိုး မငြင်းမိတော့ပေ၊ ချစ်တယ်လို့ဖွင့်မပြောသလို ချစ်ပါတယ်လို့ အဖြေမပေးရသေးသူ နှစ်ဦးရင်မှာ ချစ်ခြင်း၏ လေပြေတွေက တိုက်ခတ်နေလျက်...

"ဝေါ..."

ဒေါင်းလူတို့ အခန်းနားကိုရောက်တော့မှ လေနှင့်မိုးတွေက သည်းကြီးမည်းကြီး ရွာချလိုက်လေသည်၊

"နှင်းဆီမိုး အပြင်မထွက်နဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်၊ ကိုဒေါင်းလူလည်း အနားယူလေ"

"ကိုယ်တို့ကတော့ ပင်လယ်ရေနက်လာလေလေ သတိပိုပြီး ထားကြရမှာ၊ တစ်ခုတော့ ဝမ်းသာမိတယ်"

"ဘာကိုလဲ"

"ဒေါင်းလူဆိုတဲ့ လူတစ်ယောက်ပေါ်မှာ စိုးရိမ်ပေးမယ့်လူ တစ်ယောက်ရှိနေခဲ့လို့ပါ"

ဒေါင်းလူစကားလေးကို နှင်းဆီမိုး အပြုံးကလေးနှင့်တုံ့ပြန် ရင်း...

"ဂွတ်နိုက်"

အခန်းတံခါးလေးကိုပိတ်လိုက်တော့သည်။ ချစ်ခြင်းဖွဲ့ကမ္ဘာ ငယ်လေးထဲမှာ သံယောဇဉ်မိုးကလေးတွေ ရွာသွန်းဖြိုးနေဆဲ...။

■■



ပင်လယ်ပြင်ကြီးထဲတွင် ဒေါင်းလူတို့ စက်လှေကြီး (၅) ရက်မြောက်ခရီးကိုဆက်နေပေမဲ့ ဆာဒူနာကျွန်းကို သွားသော ရေ လမ်းကြောင်းကိုမတွေ့ကြရသေးပေ။

"ဦးစောလှိုင်...ကျွန်တော်တို့ လမ်းကြောင်းလွဲနေပြီလား"

"အေး...ငါ ဒါကိုစဉ်းစားနေတာကွ၊ သံလိုက်အိမ်မြှောင်အရ ဆိုရင် ငါတို့သွားနေတဲ့လမ်းကြောင်းက မှားစရာမှ မရှိတာ၊ ဒါနဲ့ ငါတို့ ရိက္ခာတွေကရော အခြေအနေကောင်းလား"

"နောက်ထပ် (၁၀)ရက်လောက်တော့ တောင့်ခံထားလို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်"

"အင်း...ခုအခြေအနေနဲ့ဆို ရိက္ခာတွေကို ခြိုးခြံရတော့မယ်"

"ကျွန်တော်တို့ တန်/ခုခု လုပ်ရင်ကောင်းမလား"

"မင်းက ဘာလုပ်ချင်လို့လဲ"

"ရေကြောကိုကြည့်ရတာ ပုစွန်၊ ငါးတွေပေါမယ့်နေရာပဲ"

"ဟုတ်မယ်ကွ"

"ကိုအိုက်စံရေ.. စက်လှေမှာ ငါးဖမ်းပစ္စည်းပစ္စယ မပါလာဘူးလားဗျ"

"ပါတယ် ကိုဒေါင်းလူရေ၊ ဒီလိုခရီးမျိုးမှာဖြစ်တတ်တာလေးတွေရှိလို့ ပိုက်တွေနဲ့ ငါးများချိတ်တွေပါ သယ်လာပါတယ်"

"တော်သေးတာပေါ့ကွာ"

"ဟာ...ဟင်..."

"ကိုအိုက်စံ ဘာဖြစ်သွားတာလဲ"

စက်လှေတက်မကို ကိုင်ထားသော အိုက်စံ တစ်ခုခုမြင်သွားသောအမူအရာကြောင့် ဒေါင်းလူတို့မေးလိုက်သည်။

"ရေ...ရေလမ်းကြောင်း တစ်မျိုးဖြစ်သွားပြီ"

"ဟာ..."

ဦးစောလှိုင် ရေပြင်ကိုငုံ့ပြီးကြည့်လိုက်တော့....





"ဒါ ရေကြောကွဲသွားတာဗျ၊ ရေအောက်မှာ ကျောက်ဆောင်တို့ ကျောက်ငုအကြီးကြီးတွေ ရှိလို့ဖြစ်မယ်၊ အိုက်စံရေ သတိတော့ထား၊ ဟော့၊ မှားတာနဲ့ အားလုံးကိစ္စချောသွားမယ်"

"ဟုတ်ကဲ့"

နင်းဆီမိုးနှင့် ကျွန်လူအားလုံးတို့ အပေါ်ထပ်သို့ တက်လာကြသည်။

"ကိုဒေါင်းလူ ဘာဖြစ်တာလဲ၊ စက်လှေကြီးတစ်ခုလုံး လှုပ်ရမ်းနေတယ်"

"ဟုတ်တယ်၊ ရေလက်ကြားတစ်ခုထဲကိုရောက်နေတာ၊ နင်းဆီ လိုရမယ်ရ သက်ကယ်အင်္ကျီတွေ ဝတ်ထားပါလား"

"အင်း..."

နင်းဆီမိုး..ခေါင်းလေးညိတ်လိုက်ပြီး သက်ကယ်အင်္ကျီတွေကို ဝတ်လိုက်ကြသည်။ စက်လှေကြီးမှာ ပိုပြီးတုန်ခါလာနေပြီဖြစ်သည်။ တက်မကိုင်နေသော အိုက်စံတစ်ယောက် ဇောချွေးတွေပင် ကျနေတော့သည်။ မေလှိုင်နှင့် ခါးခါးတို့မှာ ကြောက်ရွံ့ပြီး ဒေါင်းလူနားတွင် ကပ်လျက်...

"ဟာ...စက်ရပ်သွားပြီ၊ စက်ဆရာ စက်ကိုရအောင် မြန်မြန်နိုး"



www.burmeseclassic.com

www.burmeseclassic.com



အိုက်စံ အပေါ်ကနေ စက်ခန်းသို့လှမ်းပြီးအော်ပြောသလို ဦးစောလှိုင်နှင့် ဒေါင်းလှတို့ပါ အောက်ကိုဆင်းပြီး စက်ခန်းထဲသို့ဝင်ခဲ့ကြသည်။

"စက်က ဘာဖြစ်သွားတာလဲ ကိုကျင်"

"မပြောတတ်ဘူး ကိုဒေါင်းလှ၊ အဖြစ်ရှာတာ တစ်ခုမှမတွေ့ဘူး"

"ဦးစောလှိုင်..."

"ဘာများလဲ ကောင်လေး"

"လက်ကနာရီစက်တွေပါ ရပ်သွားပြီ"

"သေရောပြီ..ဒါ..ဒါ..ရေအောက်က သံလိုက်ဓာတ်တွေကြောင့်ဖြစ်မယ်"

"ဟုတ်မယ်"

"အပေါ်ကိုပြန်ပြီးတက်ကြမယ်၊ ရေကြောအတိုင်းတက်မကိုနိုင်အောင်ထိန်းပြီးသွားကြရမှာပဲ"

ဒေါင်းလှတို့စက်လှေကြီး နာရီအတော်ကြာအောင် သံလိုက်စက်ကွင်းထဲမှာ မျောပါရင်း ချောက်များစရာကောင်းလှသော အန္တရာယ်ပြင်ကြီးကို ဖြတ်ကျော်ခဲ့ကြသည်။

"ရပြီဟေ့"





စက်လှေ စက်ပြန်ပြီးနိုးလို့ရပြီဖြစ်တာကြောင့် အားလုံးသက်ပြင်းကိုယ်စီချနိုင်တော့သည်။

"သေမင်းပါးစပ်ကနေ လွတ်မြောက်ပြန်ပြီဟေ့"

"ဟူး...အချိန်တောင်အတော့်ကိုနှောင်းနေပြီ၊ မိုးတောင်ချုပ်တော့မယ်၊ စားကြသောက်ကြဖို့လုပ်ကြဦး"

"ဟုတ်ပါရဲ့ဗျာ၊ စိတ်တွေက ဖောက်ပြီး ထမင်းစားရမှန်းတောင် သတိမရဘူး၊ ခုမှပဲ ဗိုက်ဆာလာတော့တယ်"

"ကဲ.. ကျွန်မတို့အားလုံးစားဖို့သွားပြီးပြင်ဆင်လိုက်ဦးမယ်"

မေလှိုင်နှင့်ခါးခါးတို့ အောက်ကိုဆင်းသွားပြီး မနက်စာနှင့်ညနေစာကို ပေါင်းပြီး စားကြဖို့ပြင်ဆင်ကြတော့သည်၊ သံလိုက်စက်ကွင်းကြောကြီးထဲမှ ကင်းလွတ်ပြီး စက်လှေကြီးမှာ တည်ငြိမ်စွာခုတ်မောင်းနေလျက်..

"ကိုဒေါင်းလှ... ကိုဒေါင်းလှ.."

"နင်းဆီမိုး"

စက်ခန်းထဲတွင် ဒေါင်းလှနှင့် ဦးစောလှိုင်တို့ မြေပုံကိုကြည့်နေစဉ် နင်းဆီမိုး အပြေးကလေးရောက်လာခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ"

"အပြင်ကိုထွက်ကြည့်ပါဦး၊ မိုးမချုပ်ဘဲ မနက်ကိုပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသလိုဖြစ်နေတာ"

"ဟာ..."

နှင်းဆီမိုးစကားကြောင့် ဒေါင်းလှတို့ အပြင်ကိုထွက်ပြီး ကြည့်လိုက်တော့ ကောင်းကင်ကြီးတစ်ခုလုံး နီမြန်းနေသလို ဖြစ်နေတာကိုတွေ့လိုက်ရသည်။

"ထူးဆန်းလိုက်တာ"

ဒေါင်းလှ...အနီရောင်လွှမ်းနေသော ကောင်းကင်ကြီးကို သေသေချာချာစိုက်ကြည့်ပြီး အဝေးကြည့်မှန်ပြောင်းနှင့်ကြည့်လိုက်မိသည်။

"ဦးစောလှိုင်"

"ဘာလဲ ကောင်လေး"

"ဒီကောင်းကင်ကြီး နီမြန်းနေတာ တိမ်တွေကြောင့်မဟုတ်ဘူးဗျ၊ ရေပြင်အောက်က အနီရောင်တွေကြောင့် ကောင်းကင်ကို အရောင်ဟပ်ပြီး တိမ်တွေကိုပါနီနေတာဖြစ်မယ်"

"ပြစမ်း"

ဒေါင်းလှ လက်ထဲက မှန်ပြောင်းကို ဦးစောလှိုင်လှမ်းယူပြီး ကောင်းကင်နီကြီးကို ကြည့်လိုက်ပြီးနောက်...

"ဟုတ်ပြီ...ဟုတ်ပြီ..."





"ဘာဟုတ်တာလဲ၊ ဦးစောလှိုင်"

"ငါတို့ရေပြင်နီကြီးကိုရောက်တော့မယ်၊ ကောင်လေးပြောသလို ဒါဟာ ရေပြင်ကြောင့်အလင်းပြန်ပြီး ကောင်းကင်မှာ အရောင်တွေ ဟပ်နေတာဖြစ်မယ်"

"ဒါ...ဒါဆို ကျွန်တော်တို့သွားနေတဲ့ ဆာဒူနာကျွန်းကိုရောက်တော့မယ်ပေါ့"

"သိပ်ပြီးသေချာတာပေါ့ကွာ"

နှင်းဆီမိုး မျက်နှာလေး ဝင်းလက်သွားတော့သည်။ သူသိပ်ပြီးတွေ့ချင်နေသော သူ၏မိသားစုနှင့် ဆုံတွေ့ရတော့မှာ ဖြစ်သည်။ ဒါပေမဲ့ ကြောက်စရာကောင်းသော အသားစားလူရိုင်းတွေနှင့်ရင်ဆိုင်ရမည့်အရေးကတော့ မလွယ်တူလှပေ။

"လက်နက်တွေကို စစ်ပြီး ပြင်ဆင်ကြရအောင်"

"ဟုတ်ကဲ့"

စက်လှေပေါ်တွင် ပါလာသူအားလုံး လက်နက်ကိုယ်စီ ကိုင်စွဲထားပြီး စက်လှေကြီးရေနီပင်လယ်ပြင်ကြီးကို စတင်ပြီးမောင်း ဝင်လာပြီဖြစ်သည်။

"ဟယ်...ဘယ်လိုဖြစ်သွားတာလဲ"

"အေးဟ...ချက်ချင်းကြီးအမှောင်ကျသွားတာပဲ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အထင်တော့ နေရောင်ပျောက်ကွယ်သွားတာနဲ့ အလင်းတန်းတွေပါပျောက်ပြီးကောင်းကင်ကအရောင်တွေပါပျောက်သွားတာဖြစ်မယ်"

"ဟုတ်မယ်.."

စက်လှေကြီးမှ မီးမောင်းထိုးပြီးမောင်းလာကြရင်းနှင့်...

"ဟို...ဟိုမှာ..မီး...မီးတွေလောင်နေတယ်"

အမှောင်ထုထဲတွင် တွေ့လိုက်ရသော မီးရောင်တွေကြောင့် ကြည့်လိုက်ကြတော့....

"ဒါ...ဒါ...ကျွန်းတစ်ခုမှာ မီးလောင်နေတာ"

"ဦးစောလှိုင်...ကျွန်တော်တို့သွားမယ့်ဆာဒူနာကျွန်းများဖြစ်နေမလား"

"ဒီအနီးအနားမှာ ကျွန်းဆိုလို့ ဒီတစ်ကျွန်းပဲရှိတာကွ"

"ကျွန်းပေါ်မှာ တစ်ခုခုတော့ဖြစ်နေပြီ"

စက်လှေကြီးကိုစက်ကုန်တင်ပြီး ကျွန်းကြီးဆီသို့မောင်းလာခဲ့ကြတော့သည်။

— ၀ — ၃ —



သုံးနာရီနီးပါးလောက် မောင်းလာပြီးနောက် ကျွန်းကြီး၏ အနီးဆုံးနေရာသို့ရောက်ခဲ့ကြသည်။

"စက်လှေကို ဒီမှာကျောက်ချပော့၊ သက်ကယ်လှေတွေနဲ့ ကျွန်းပေါ်ကိုသွားကြမယ်"

ကျွန်းကြီးပေါ်တွင် လောင်ကျွမ်းနေသော မီးလျှံကြီးတွေမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်တွေ့မြင်နေရသည်။

"ဝုန်း... ဒုန်း.."

"ဟား..ဟင်း..ဟယ်...ဟိုက်..."

မီးလျှံကြီးတွေနှင့်အတူ ပေါက်ကွဲသံကြီးတွေပါ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ကယ်လှေပေါ်တွင် ဒေါင်းလူ၊ ဦးစောလှိုင်၊ ခါးခါး၊ နှင်းဆီမိုး၊ မေလှိုင်နှင့် စက်လှေအလုပ်သမား(၃)ဦးလိုက်ပါလာပြီး ကျန်ခဲ့သူများကို စက်လှေပေါ်တွင်အိုက်စ်ကိုဦးစီးပြီးထားခဲ့ကြသည်။

"တောမီးကြီးက အတော်ကိုလောင်နေတာပဲ"

"ဟုတ်တယ်.."

"ငါတို့လှေကို အန္တရာယ်ကင်းတဲ့နေရာကိုရွေးပြီး ကပ်ကြရအောင်"

"ဟိုရှေ့က ကျောက်ဆောင်နားမှာ ကပ်ကြရင်ကောင်းမယ်"

"အင်း.."

သက်ကယ်လှေကလေးကို ကျောက်ဆောင်ကြားတွင်းသို့ လှော်ခတ်ပြီး သောင်ပြင်တွင်ငုတ်ရိုက်ကာ ကြိုးဖြင့်ချည်ထားလိုက်ကြသည်။ တောကြီးတစ်ခုလုံး မီးလောင်ကျွမ်းနေသော်လည်း သက်ရှိ လူသားတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရတာကြောင့် အံ့အားသင့်နေကြသည်။

"ဝေါ..."

"ဟာ...မိုးတွေရွာလိုက်ပြီ"

လေရော မိုးပါ သည်းထန်စွာရွာသွန်းလိုက်သောကြောင့် ဒေါင်းလူတို့ လူစု ကျောက်ဆောင်အငုအောက်ဆီသို့ ပြေးဝင်ပြီး မိုးခို





နေလိုက်တော့သည်။ မိုးမှာ နှစ်နာရီလောက်ရွာချလိုက်ပြီး ပြန်ပြီးတိတ်သွားချိန်မှာတော့ လောင်ကျွမ်းနေသော တောမီးကြီးမှာ မီးကြွင်း၊ မီးကျန်လောက်သာ ကျန်ရစ်ခဲ့တော့သည်။

"ဓာတ်မီးတွေအသုံးပြုပြီး ဝင်ကြရအောင်"

ဓာတ်မီးကိုယ်စီထွန်းပြီး မီးလောင်လို့ ငုတ်တိုတွေဖြစ်နေသောတောကြီးထဲကို ဝင်ခဲ့ကြသည်။ တချို့နေရာများတွင် မီးလောင်ပြီး သေဆုံးနေသော တိရစ္ဆာန်တွေကိုတွေ့ရပေမဲ့ လူနဲ့တူသောအရာတွေတော့ မတွေ့ရသေးပေ။

"ဟိုရှေ့က ကျောက်တောင်တွေကြားထဲမှာ လူရိုင်းတွေရွာရှိတယ်၊ သွားပြီးကြည့်ရအောင်"

တောကြီးမှာ မီးလောင်ကျွမ်းမှုကြောင့် ပင်လယ်ပြင်သာသာဖြစ်နေလေပြီ။ ဦးစောလှိုင် ခေါ်ဆောင်လာသော တောင်ပေါ်မှ အောက်ခြေရွာစုလေးကိုကြည့်လိုက်တော့...

"ဟာ...ဟင်...ဟယ်..."

အလောင်းတွေများစွာနှင့် ပျက်စီးနေသောအိမ်တွေ၊ တဲတွေကိုတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

"ဆင်းပြီးကြည့်ရအောင်"

တောင်ကြားလျှိုလမ်းကလေးမှ ရွာပျက်ဆီသို့ဝင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် အလောင်းတွေမှာ မြင်မကောင်းအောင်တွေ့နေရသည်။

"ဦးစောလှိုင်...အလောင်းတွေက မီးလောင်ပြီး သေတဲ့ လက္ခဏာမဟုတ်ဘူး။ ပေါက်ကွဲမှုကြောင့် သေဆုံးတဲ့ပုံတွေ"

"ဟုတ်တယ်၊ ပြီးတော့ အနံ့သက်တွေကလည်း တစ်မျိုးပဲ၊ ယမ်းနံ့တွေလိုလို"

"ဟာ...ဟိုမှာ ဗုံးတွေ"

ခေါင်းလူတို့မှာ ဗုံးခွံတွေကိုသွားပြီးကြည့်လိုက်ကြသည်။ ဒုတိယကမ္ဘာစစ်တုန်းက လေယာဉ်မှကြဲသောဗုံးခွံများ များစွာကိုတွေ့လိုက်ရသည်။

"ဟူး... ဒီလူရိုင်းကောင်တွေ ဗုံးဟောင်းတွေကို ဘာမသိညာမသိနဲ့ မီးရှို့တာဖြစ်မယ်"

"ဟုတ်မယ်နော်"

"နင်းဆီ...ဟိုမှာ..လူ...လူတစ်ယောက်လှုပ်နေတယ်"

"ဟယ်.."

မေလှိုင်ပြလိုက်သော လူတစ်ယောက်နားကို အားလုံး အပြေးကလေးသွားပြီးကြည့်လိုက်တော့ မိန်းကလေးတစ်ဦးဖြစ်နေသည်၊ ဒဏ်ရာမှာ ခေါင်းကိုထိနိုက်ထားပေမဲ့ သိပ်ပြီးမပြင်း...

"အရင်ဆုံး ဆေးစည်းရအောင် မေလှိုင်"





မေလှိုင် အသင့်ပါလာသော ဆေးသေတ္တာထဲမှ ပတ်တီးနှင့် ဆေးတွေကိုထုတ်ပြီး ထိုမိန်းကလေးကို ဆေးထည့် ဆေးစည်းပေးလိုက်သည်။

"× × × × × × × × ×"

မိန်းကလေးပြောနေသော စကားတွေမှာ သူတို့အားလုံး တစ်ယောက်မှ နားမလည်ပေမဲ့ မိန်းကလေးလက်ထဲမှ အနက်ရောင် စာအုပ်ကလေးကို တောင်းယူပြီးဖတ်ကြည့်လိုက်သည်။

"ဟင်..."

"နင်းဆီမိုး ဘာတွေရေးထားလို့လဲ"

"ငါ့အမေ ရေးသွားတဲ့ ဒိုင်ယာရီစာအုပ်လေးပါ"

"ဟယ်...ဒါဆိုသူက"

"ငါ့ညီမ..ခတ္တာမိုးလေ"

"နင့်အဖေ အမေတွေရော"

"ဒီစာထဲကအတိုင်းဆိုရင် ဒီစာအုပ်ရေးပြီးမကြာခင် လောက်မှာ သေဆုံးသွားတာဖြစ်မယ်"

"သူတို့ကို လူရိုင်းတွေ မသတ်ခဲ့ဘူးပေါ့"

"ဟုတ်တယ်၊ လူရိုင်းတွေက အမေနဲ့ညီမလေးကို ကယ်တင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အဖေကရော"

"အဖေကတော့ပင်လယ်ထဲမှာသေဆုံးသွားတယ်လို့မေမေ ကရေးထားခဲ့တာပဲ"

"နှင်းဆီမိုး…ကျွန်းပေါ်မှာ အခြေအနေက သိပ်ပြီးမကောင်း ဘူး၊ စက်လှေကို ပြန်ကြရအောင်"

"ဟုတ်ကဲ့"

ဒဏ်ရာရနေသော ညီမဖြစ်သူကိုတွဲခေါ်ပြီးနောက်ကြောင်း ပြန်ပြီးလှည့်ခဲ့ကြတော့သည်။

"ကျွန်းပေါ်မှာ အသက်ရှင်လျက် ကျန်ခဲ့တာဆိုလို့ နှင့်ညီမ တစ်ယောက်ပဲဖြစ်နိုင်တယ်"

"ဒါဟာ…ငါ့အတွက် ကံကောင်းခြင်းတစ်ခုပဲပေါ့ဟာ"

ညီမဖြစ်သူ စွတ္တာမိုးမှာ မျက်လုံးလေး ကလယ်ကလယ်နှင့် နှင်းဆီမိုးတို့ခေါ်ဆောင်ရာကိုလိုက်ခဲ့တော့သည်။

■■



သက်ကယ်လှေကလေးပေါ်သို့အားလုံးတက်ချိန်မှာတော့

"ဝုန်း…ဟင်…ဟာ…"

ကျွန်းကြီးတစ်ခုလုံးတုန်လှုပ်သွားမတတ် ပေါက်ကွဲသံကြီး ကိုထပ်မံကြားလိုက်ရပြီး မီးလျှံတွေ ထွက်ပေါ်လာပြန်သည်။

"ဗုံးတွေ ထပ်ပြီးပေါက်တာဖြစ်မယ်"

"ဒုတိယကမ္ဘာစစ်က ဒီကျွန်းစုလေးကို ဗုံးတွေထားတဲ့နေရာ လုပ်ခဲ့ကြတာဖြစ်မယ်ကွ၊ ဒါကြောင့် ဗုံးတွေက ဆက်တိုက်ကိုပေါက် ကွဲနေတာ"

"ဒီအတိုင်းဆို တာဒ္ဒနာကျွန်းကြီးတစ်ခုလုံး ပျက်စီးသွားနိုင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



နင်းဆီမိုး၏ညီမဖြစ်သူ ခွေးမိုးတစ်ယောက် အစ်မဖြစ်သူကိုမသိပေမဲ့ သံယောဇဉ်ခွေးမှ စကားပြောတာကြောင့်အစ်မဖြစ်သူ ရင်ခွင်ထဲတွင် ခေါင်းလေးတိုးဝင်ပြီးလိုက်လာတော့သည်။

"ကိုခေါင်းလှ.."

"ပြောလေ နင်းဆီမိုး"

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးစကားလေးနဲ့ပဲ ကျေနပ်လိုက်ရမှာပေါ့ဗျာ"

"ခုတင်တဲ့ကျေးဇူးဟာ ခဏလေးမဟုတ်ပါဘူး၊ ဘဝတစ်သက်လုံးအတွက် တင်နေမယ့် ကျေးဇူးပါ"

"ဘဝတစ်သက်လုံးအတွက် ကျေးဇူးဟုတ်လား"

"အင်း.."

"ဘယ်လိုကျေးဇူးမျိုးလဲ"

"ဟိုနှစ်ယောက်ကိုမေးကြည့်"

နင်းဆီမိုး မိမိရှေ့မှ ခါးခါးနှင့်မေလှိုင်ကို ပြလိုက်တော့ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားတာကိုတွေ့လိုက်ရသည်။

"ဩော်...သူတို့တောင် ဟုတ်သွားကြပြီပဲ၊ ဒါဆို နင်းဆီမိုး ပြောလိုက်တဲ့ကျေးဇူးဆိုတာ"

"သိရင် စိတ်ထဲမှာပဲထားလိုက်တော့..အဲ.."





ခေါင်းလှ...နင်းဆီမိုး လက်နုနုလေးကို ဆုပ်ကိုင်လိုက်ပြီးနောက်....

"ကိုယ့်ဘဝအတွက် ခဏတာကြေးစားအဖြစ်နဲ့ ရောက်ခဲ့သူ မဟုတ်ဘူးနော်"

"ဘယ်လိုကြေးစားမျိုးနဲ့ရောက်တာလဲ ပြောပါဦး"

"ထာဝရကြေးစားလေ"

"သွား..."

ပင်လယ်နီကြီးဆီပေါ် သက်ကယ်လှေကလေး တရွေ့ရွေ့ လော့်ခတ်လျက်..မီးဆက်ပြီးလောင်ကျွမ်းနေသော ဆာဒူနာကျွန်းကြီးကို ကျောခိုင်းခဲ့လေပြီ။

ပရိသတ်များကိုအစဉ်လေးစားလျက်

ရွှေဘဝင်



www.burmeseclassic.com